# ရတနာပုံ

yadanarbonnews.com

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

၁၃၈၆ ခုနှစ် ၊ တပေါင်းလဆန်း(၁၀)ရက် ၊ စနေနေ့ ၊ (8-3-2025) ၊ အတွဲ (၃၃) ၊ အမှတ် (၃၁၂)


**ဒို့တာဝန်အရေးသုံးပါး**

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့်ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် NCA ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှအလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေးဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်အား

## ဘယ်လာရုစ်သမ္မတနိုင်ငံ သမ္မတ H.E. Mr. Alexander Gregoryevich Lukashenko က ဂုဏ်ပြုကြိုဆို တွေ့ဆုံဆွေးနွေး



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဘယ်လာရုစ်သမ္မတနိုင်ငံ ဂုဏ်ပြုတပ်ဖွဲ့ကို စစ်ဆေးစဉ်။

(သတင်းစာမျက်နှာ - ၁၆)




ရတနာပုံ

၂၀၂၅ ခုနှစ် မတ် ၈ ရက်

**အယ်ဒီတာ့အာဘော်**

# နိုင်ငံ့အတွက်စွမ်းဆောင်ရည်မြင့်မား အမျိုးသမီးများကဏ္ဍအလေးထား

ကမ္ဘာ့လူဦးရေ၏ထက်ဝက်ကျော်မကရှိနေသော အမျိုးသမီးများသည် ကမ္ဘာ့နိုင်ငံအသီးသီးအတွက် အဓိကကျသည့် အင်အားစုကြီးဖြစ်ပါသည်။ ထိုအမျိုးသမီးထုကြီးကို ဂုဏ်ပြုသောအားဖြင့် ကုလသမဂ္ဂအဖွဲ့ကြီးက ၁၉၇၅ ခုနှစ် မတ်လ ၈ ရက်နေ့ကို အပြည်ပြည်ဆိုင်ရာ အမျိုးသမီးများနေ့အဖြစ် တရားဝင်အသိအမှတ်ပြု ဂုဏ်ပြုမှတ်တမ်းတင်ထားသည်။

မိမိတို့မြန်မာနိုင်ငံတွင်လည်း မြန်မာအမျိုးသမီးများအပါအဝင် ကမ္ဘာတစ်ဝန်းလုံးရှိ အမျိုးသမီးထုကို ကိုယ်စားပြုသောအားဖြင့် နှစ်စဉ် မတ်လ ၈ ရက်နေ့ရောက်တိုင်း အပြည်ပြည်ဆိုင်ရာအမျိုးသမီးများနေ့အဖြစ် နိုင်ငံတကာတွင် အခမ်းအနားများ ဂုဏ်ပြုကျင်းပကြသည့်နည်းတူ မြန်မာအမျိုးသမီးများ၏ အရေးပါသောအခန်းကဏ္ဍကို ထင်ဟပ်ပေါ်လွင်စေရန်အတွက် နိုင်ငံတော်အဆင့်အခမ်းအနားများ နှစ်စဉ်ကျင်းပလျက်ရှိသည်။

မြန်မာ့သမိုင်းစဉ်တစ်လျှောက်၌ မိသားစု၊ လူ့အဖွဲ့အစည်း၊ နိုင်ငံနှင့်လူမျိုးအကျိုးစီးပွား ကာကွယ်စောင့်ရှောက်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ ကာကွယ်ရေးလုပ်ငန်းစဉ်များတွင် အမျိုးသမီးများသည် အမျိုးသားများနှင့် တန်းတူရင်ပေါင်တန်း ပါဝင်ဆောင်ရွက်နိုင်ခဲ့သည်။ ယနေ့ခေတ်တွင်လည်း နိုင်ငံတော်၏နယ်ပယ်စုံ၊ ကဏ္ဍစုံတွင် အမျိုးသမီးများ၏အခန်းကဏ္ဍသည် တစ်နေ့ထက်တစ်နေ့ ပိုမိုတိုးတက်မြင့်မားနေပြီး နိုင်ငံတော်ကာကွယ်ရေးနှင့်လုံခြုံရေးတာဝန်များကို စစ်မှုထမ်း၊ ရဲမှုထမ်းများအဖြစ် အမျိုးသားများနှင့်တန်းတူရင်ပေါင်တန်း တာဝန်ထမ်းဆောင်လျက်ရှိကြသည်။

လက်ရှိ မြန်မာ့တပ်မတော်တွင် အမျိုးသမီးစစ်မှုထမ်းအရာရှိ စစ်သည်များသည် (ကြည်း၊ ရေ၊ လေ) ရုံး၊ ဌာနများအပါအဝင် လက်ရုံးဝန်ထမ်းတပ်ဖွဲ့အသီးသီးတွင် ကျရာတာဝန်များကို ရှပ်ရှပ်ချွံချွံ ထမ်းဆောင်လျက်ရှိသည်။ ပင်လယ်ကမ်းရိုးတန်းတစ်လျှောက်၊ ဧရာဝတီမြစ်ကြောင်းတစ်လျှောက် ပြည်သူလူထုကို ဆေးကုသမှုပေးသည့် ခရီးစဉ်များတွင် ကျရာတာဝန်ကို စေတနာ၊ အကြင်နာ၊ ကရုဏာတရားတို့နှင့်အတူ ကျေပွန်အောင်ထမ်းဆောင်နိုင်ခဲ့သကဲ့သို့ မိုင်ထောင်ချီဝေးကွာသည့် ပြည်ပနိုင်ငံများသို့ သွားရောက်ပြီး နိုင်ငံပေါင်းစုံပါဝင်သည့် တပ်မတော်အားကစားပြိုင်ပွဲများ၊ အာဆီယံနိုင်ငံတပ်မတော်အားကစားပြိုင်ပွဲများ၊ အာဆီယံနိုင်ငံတပ်မတော်(ကြည်း)များ သေနတ်ပြိုင်ပွဲများ ဝင်ရောက်ယှဉ်ပြိုင်ရာတွင် မြန်မာအမျိုးသမီးစစ်မှုထမ်းများသည် နိုင်ငံတကာတပ်မတော်မှ အမျိုးသမီးစစ်မှုထမ်းများကို ယှဉ်ပြိုင်အနိုင်ယူ၍ နိုင်ငံအတွက်၊ တပ်မတော်အတွက် ဆုတံဆိပ်အမျိုးမျိုးရရှိအောင် မဆုတ်မနစ်ကြိုးပမ်းစွမ်းဆောင်နိုင်ခဲ့ကြသည်။

နိုင်ငံတစ်နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် အသိပညာကြွယ်ဝသော လူသားအရင်းအမြစ်များ၏ အခန်းကဏ္ဍသည် အဓိကကျသည်ဖြစ်သည့်အတွက် မိမိတို့နိုင်ငံလူဦးရေစုစုပေါင်း၏ ထက်ဝက်ကျော်မကရှိသော အမျိုးသမီးများ၏အင်အားသည် နိုင်ငံတော်အတွက် အလွန်ကိုအဖိုးတန်သော၊ အလွန်ကိုအားကောင်းသော လူသားအရင်းအမြစ်ကြီးဖြစ်ပါသည်။ ထို့ပြင် အမျိုးသမီးအများစုသည် သားသမီးများ၏မိခင်ကောင်းများ၊ လက်ဦးဆရာများဖြစ်သည့်အတွက် နိုင်ငံ့အနာဂတ်လူငယ်များ ဗလငါးတန်နှင့်ပြည့်စုံသော လူငယ်များဖြစ်လာစေရေး ပျိုးထောင်ပြုစုရာတွင် အဓိကကျသူများလည်းဖြစ်ကြပါသည်။ ထို့ကြောင့် မိမိနိုင်ငံ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်စေရန်အတွက် နိုင်ငံတော်၏နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးစသည့်ကဏ္ဍအသီးသီးတွင် အမျိုးသမီးများအားလုံး အမျိုးသားများနှင့်အတူ တန်းတူရည်တူ အကျုံးဝင်ပါဝင်ခွင့်ရှိစေရေး နိုင်ငံသားတိုင်းဝိုင်းဝန်းအလေးထား ဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း အပြည်ပြည်ဆိုင်ရာ အမျိုးသမီးများနေ့ကို ဂုဏ်ပြုရေးသားလိုက်ရပါသည်။

## သာပေါင်းမြို့နယ်တွင် မတ်ပဲလျာထားကေထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့

**ပုသိမ် မတ် ၇**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် သာပေါင်းမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မတ်ပဲ လျာထားကေထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့ကြောင်း ပုသိမ်ခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

သာပေါင်းမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မတ်ပဲ ၁၃၉၇၆ ဧက စိုက်ပျိုးရန်လျာထားပြီး ၂၀၂၄ ခုနှစ် အောက်တိုဘာလ ပထမပတ်က စတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ မတ်ပဲ ၁၆၂၃၄ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း၊ အဆိုပါ မတ်ပဲများလျာထားကေထက် ပိုမိုစိုက်ပျိုးနိုင်ရေးအတွက် စိုက်ပျိုးရေးဦးစီးဌာနက နည်းပညာများနှင့် အခြားလိုအပ်သည်များကို ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

"ဆောင်းသီးနှံ စိုက်ပျိုးရာသီ သာပေါင်းမြို့နယ်မှာ မတ်ပဲ ၁၃၉၇၆ ဧက စိုက်ပျိုးရန် လျာထားပြီး လျာထားကေထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့ပါတယ်။ မတ်ပဲအားလုံး အခက်အခဲမရှိ စနစ်တကျရာနှုန်းပြည့် စိုက်ပျိုးနိုင်ဖို့အတွက် စိုက်ပျိုးရေးဦးစီးဌာနအနေနဲ့ လိုအပ်တဲ့ နည်းပညာတွေနဲ့ သွင်းအားစုတွေကို ကူညီပံ့ပိုးပေးထားပါတယ်"ဟု ပုသိမ်ခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်အေးအေးမူက ပြောပြသည်။

အဆိုပါမတ်ပဲများ ဖြစ်ထွန်းအောင်မြင်စေရန်၊ ပိုးမွှားအန္တရာယ်ကင်းရှင်းစေရန် စသည့်စိုက်ပျိုးရေးဆိုင်ရာ အသိပညာပေးလုပ်ငန်းများကို သက်ဆိုင်ရာ စိုက်ပျိုးရေးဦးစီးဌာနနှင့် ဒေသခံတောင်သူများ ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

သာပေါင်းမြို့နယ်တွင် မတ်ပဲကို အထွက်နှုန်းတိုးတက်အောင် စိုက်ပျိုးနိုင်ပါက နိုင်ငံတွင်းစားသုံးမှုဖူလုံစေရုံမျှမက ပြည်ပသို့ပါတင်ပို့ရောင်းချနိုင်မည်ဖြစ်ပြီး လူမှုစီးပွားဘဝများ မြင့်မားလာမည်ဖြစ်သောကြောင့် မတ်ပဲကိုအထွက်နှုန်းတိုးတက်အောင် စိုက်ပျိုးနိုင်ရေးကြိုးပမ်းကြရမည်ဖြစ်ကြောင်း ခရိုင်ဦးစီးမှူး ဒေါ်အေးအေးမူက ပြောပြ၍ သိရသည်။ **ကျော်ကျော်လင်း**

## ၂၀၂၅ ခုနှစ်၊ နှစ် ၈၀ ပြည့် တပ်မတော်နေ့ ဦးတည်ချက်များ

(က) ဒို့တာဝန်အရေး(၃)ပါးကို အစဉ်အမြဲဦးထိပ်ပန်ဆင်ပြီး တပ်မတော်၏အဓိကလုပ်ငန်းကြီး (၃)ခုဖြစ်သည့် နိုင်ငံတော်ကာကွယ်ရေးတာဝန်၊ လေ့ကျင့်ရေးတာဝန်နှင့် ပြည်သူ့အကျိုးပြုလုပ်ငန်းတာဝန်များအား ကျရာအခန်းကဏ္ဍမှ အားသွန်ခွန်စိုက် ပါဝင်ဆောင်ရွက်ရေး။

(ခ) နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးနှင့် လက်နက်ကိုင်ပဋိပက္ခများချုပ်ငြိမ်းပြီး စစ်မှန်သည့်ထာဝရငြိမ်းချမ်းရေး ရရှိရန် ဆောင်ရွက်ရာတွင် ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)နှင့် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါ သဘောတူညီချက်များအတိုင်း ဦးတည်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံတော်နှင့်နိုင်ငံသားများအပေါ်ကျရောက်လာနိုင်သည့် ဘေးအန္တရာယ်များမှ ကာကွယ်စောင့်ရှောက်ရေး၊ ပြည်သူလူထု၏ လူမှုဘဝလုံခြုံရေးနှင့် လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးတို့ကို ဘက်ပေါင်းစုံကကူညီဆောင်ရွက်ပေးရေး။

(ဃ) ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကြီးပေါ်ထွန်းလာစေရေး အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပနိုင်ရေး တပ်မတော်က လိုအပ်သည်များ ကူညီဆောင်ရွက်ပေးရေး။

## ယင်းမာပင်ခရိုင်တွင် မိုးသီးနှံပဲစင်းငုံ ရာနှုန်းပြည့်ရိတ်သိမ်းပြီးစီး တစ်ကေလျှင် ၁၈ ဒသမ ၁၄ တင်း ထွက်ရှိ



**ယင်းမာပင် မတ် ၇**

စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင်တွင် မိုးသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သည့် ပဲစင်းငုံ ရာနှုန်းပြည့် ရိတ်သိမ်းပြီးစီးပြီဖြစ်ပြီး တစ်ကေလျှင် ၁၈ ဒသမ ၁၄ တင်း ထွက်ရှိကြောင်း ယင်းမာပင်ခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်မြတ်မိုးဝင်းက ပြောပြ၍ သိရသည်။

ယင်းမာပင်ခရိုင်တွင် မိုးသီးနှံစိုက်ပျိုးရာသီက ပဲစင်းငုံ ၉၁၆၈၈ ဧက စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ အဆိုပါစိုက်ပျိုးထားသော ပဲစင်းငုံစိုက်ခင်းများကို ၂၀၂၄ ခုနှစ် နိုဝင်ဘာလမှ စတင်ရိတ်သိမ်းခဲ့ရာ ယနေ့တွင် ရာနှုန်းပြည့်ရိတ်သိမ်းပြီးစီးပြီဖြစ်ပြီး တစ်ကေလျှင် ၁၈ ဒသမ ၁၄ တင်းထွက်ရှိကြောင်း သိရသည်။

"ယင်းမာပင်ခရိုင်မှာ ပဲစင်းငုံ ၉၁၆၈၈ ဧကစိုက်ပျိုးထားပါတယ်။ အဲဒီစိုက်ပျိုးထားတဲ့ ပဲစင်းငုံစိုက်ခင်းတွေ အခုလက်ရှိ ဧကအားလုံး ရာနှုန်းပြည့်ရိတ်သိမ်းပြီးစီးပြီဖြစ်ပါတယ်။ ပဲစင်းငုံစိုက်ပျိုးရာမှာ အထွက်နှုန်းကောင်းမွန်ဖို့ ဆောင်ရွက်ပေးခဲ့ပါတယ်။ ပဲစင်းငုံကို သီးသန့်စိုက်ပျိုးကြသလို သီးထပ်သီးညှပ်အနေနဲ့လဲ စိုက်ပျိုးကြပါတယ်"ဟု ယင်းမာပင်ခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်မြတ်မိုးဝင်းက ပြောပြသည်။

ယင်းမာပင်ခရိုင်တွင် မြို့နယ်အလိုက် ပဲစင်းငုံရိတ်သိမ်းပြီးစီးမှုအနေဖြင့် ယင်းမာပင်မြို့နယ်တွင် ဧက ၂၂၁၈၀၊ ကနီမြို့နယ်တွင် ၃၁၂၂၃ ဧက၊ ဆားလင်းကြီးမြို့နယ်တွင် ၁၅၃၈၅ ဧက၊ ပုလဲမြို့နယ်တွင် ဧက ၂၂၉၀၀ စုစုပေါင်း ၉၁၆၈၈ ဧကဖြစ်ကြောင်း သိရသည်။

ယင်းမာပင်ခရိုင်တွင် ပဲစင်းငုံစိုက်တောင်သူများကို သက်ဆိုင်ရာမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနက မျိုးကောင်းမျိုးသန့် ရွေးချယ်စိုက်ပျိုးရေး၊ စိုက်နည်းစနစ်မှန်ကန်ရေး၊ ပိုးမွှားအန္တရာယ်ကင်းရှင်းရေး၊ အထွက်နှုန်း ကောင်းမွန်ရေးအတွက် ကွင်းဆင်းအသိပညာပေးခဲ့ကြောင်း သိရသည်။

ယင်းမာပင်ခရိုင်တွင် ပဲစင်းငုံကို အထွက်နှုန်းတိုးတက်အောင် စိုက်ပျိုးနိုင်ပါက နိုင်ငံတွင်း စားသုံးမှုဖူလုံစေရုံမျှမက ပြည်ပသို့ပါတင်ပို့ရောင်းချနိုင်မည်ဖြစ်ကြောင်း၊ ထုတ်လုပ်မှုနှင့် ဈေးကွက်လိုအပ်ချက်ဖြစ်သော ဝယ်လိုအားမျှတလာပါက ကုန်ဈေးနှုန်းတည်ငြိမ်၍ လူမှုစီးပွားဘဝများ မြင့်မားလာမည်ဖြစ်သောကြောင့် ပဲစင်းငုံကို အထွက်နှုန်း တိုးတက်အောင် ပိုမိုတိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေး ကြိုးပမ်းကြရမည်ဖြစ်ကြောင်း ယင်းမာပင်ခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်မြတ်မိုးဝင်းက ပြောပြ၍ သိရသည်။

(၂၀၆)

ထုတ်ဝေခွင့်အမှတ်-၀၀၃၂၄၊ ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်-၀၀၁၀၆၈၊ စာတည်းအဖွဲ့-၀၃၃-၇၂၇၈၁၊ ၀၉-၄၅၈၈၉၁၃၀၀၊ ကြော်ငြာ-၈၄ လမ်းနှင့် ၂၉-၃၀ လမ်းကြား- ၀၂-၄၀၆၆၆၅၁၊ ဖြန့်ချိရေး-၀၂-၄၀၃၆၄၂၂၊
E-mail-yadanarbonnewspaper@gmail.com၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဘိုးရာဇာလမ်းနှင့် ဝေရက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။

# မြန်မာနိုင်ငံသတင်းစာဆရာအသင်း(ဗဟို)ယာယီက ၂၀၂၅-၂၀၂၈ အသိအမှတ်ပြု သတင်းစာဆရာကတ်ပြား ပြုလုပ်ရန်အတွက် ကျောက်တံတားမြို့နယ်သတင်းစာဆရာအသင်းသို့ အဆိုပြုလွှာပေးအပ်ပွဲ ကျင်းပ

ရန်ကုန် မတ် ၇

မြန်မာနိုင်ငံ သတင်းစာဆရာအသင်း(ဗဟို)ယာယီက ၂၀၂၅-၂၀၂၈ အသိအမှတ်ပြု သတင်းစာဆရာကတ်ပြားပြုလုပ်ရန်အတွက် ကျောက်တံတားမြို့နယ် သတင်းစာဆရာအသင်းသို့ အဆိုပြုလွှာပေးအပ်ပွဲ အခမ်းအနားကို ယနေ့ နံနက် ၁၁ နာရီက ကျောက်တံတားမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံး၌ကျင်းပရာ မြို့နယ်စီမံအုပ်ချုပ်ရေးမှူး ဦးမိုးထွေးဦး တက်ရောက်အမှာစကားပြောကြားပြီး မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ခင်ဝင်းကြည်က မိတ်ဆက်စကားပြောကြားသည်။

ဆက်လက်၍ မြို့နယ် သတင်းစာဆရာအသင်း ဥက္ကဋ္ဌ ဒေါက်တာမွန်မြတ်က မြို့နယ် ဖွဲ့စည်းရခြင်း၏ ရည်ရွယ်ချက်ကို ရှင်းလင်းတင်ပြပြီး အလုပ်အမှုဆောင်များနှင့် အဖွဲ့ဝင်များကို မိတ်ဆက်ပေးကာ ဗဟိုအတွင်းရေးမှူး(၁) ဦးရဲရင့်စိုးညွန့်က ၂၀၂၅-၂၀၂၈ အသိအမှတ်ပြု သတင်းစာဆရာ ကတ်ပြားများ ပြုလုပ်ရန်အတွက် အဆိုပြုလွှာများကို မြို့နယ်ဥက္ကဋ္ဌထံသို့ပေးအပ်ပြီး ဗဟိုစာရင်းစစ်မှူး ဒေါ်သူဇာနွယ်က ကတိသစ္စာတိုင်ပေးရာ မြို့နယ်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက ရွတ်ဆိုကြပြီးနောက် စာဖတ်ဝိုင်းဆက်လက်ကျင်းပကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။




အခမ်းအနားသို့ မြို့နယ် မီးသတ်ဦးစီးမှူး ဦးမျိုးမင်း၊ ဗဟိုတွဲဖက်စာရင်းစစ်မှူး ဒေါ်အေးအေးစိုး၊ မြို့နယ်စာကြည့်တိုက်ကော်မတီဥက္ကဋ္ဌ စာရေးဆရာမကြီး ညွန့်ညွန့်(ကလော)နှင့် အဖွဲ့ဝင်များ၊ ဗိုလ်တထောင်မြို့နယ် သတင်းစာဆရာအသင်း ဒုတိယဥက္ကဋ္ဌ ဦးဝေလင်းနှင့် ရပ်မိရပ်ဖများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။



မန္တလေး ချမ်းမြသာစည်မြို့နယ် ကန်တော်ကြီးကန်ပတ်လမ်းရှိ ဇီဝိတဒါနသံဃာ့ဆေးရုံကြီးတွင် အမရပူရမြို့ ရှေ့တော်ပြေးရပ်နေ ဒေါ်မြရွှေ၊ ဒေါ်လှမြင့်တို့က အဖ ဦးမှီ၊ အမိ ဒေါ်ကြည်တို့အားရည်စူး၍ ဆေးပဒေသာပင် အလှူငွေကျပ် ၅၀၀၀၀၀ လှူဒါန်းရာ ဆေးရုံအုပ်ကြီး ဒေါက်တာဦးခင်မောင်က လက်ခံရယူစဉ်။

# ပျော်ဘွယ်မြို့နယ် ထိန်အင်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

ပျော်ဘွယ် မတ် ၇

မန္တလေးတိုင်းဒေသကြီး ပျော်ဘွယ်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ထိန်အင်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေ ထုတ်ချေးခြင်းကို မတ် ၆ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ပျော်ဘွယ်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ခင်စန်းဦးက ကျေးလက်နေပြည်သူများ၏ ဝင်ငွေလျော့နည်းလာမှုနှင့် စားဝတ်နေရေး အခက်အခဲများကို ကုစားပေးနိုင်ရန်နှင့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးလာစေရန်ရည်ရွယ်၍ မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက် လည်ပတ်ရန်ပုံငွေများ ထုတ်ချေးပေးရခြင်းဖြစ်ကြောင်း ပြောကြားပြီး မြို့နယ်ဦးစီးမှူးနှင့် စီမံကိန်း တာဝန်ခံဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များထံ ရန်ပုံငွေများ စနစ်တကျ လွှဲပြောင်းပေးအပ်ခဲ့ကြောင်း သိရသည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေအဖြစ် ပျော်ဘွယ်မြို့နယ် ထိန်အင်းကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ခြောက်ဦးကို ငွေကျပ် ၃၅ သိန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၃၇ ဦးကို ငွေကျပ် ၂၀၂ သိန်း၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ ၄၄ ဦးကို ငွေကျပ်သိန်း ၂၄၀ စုစုပေါင်း အသင်းသား၊ အသင်းသူ ၈၇ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက် လည်ပတ်ရန်ပုံငွေကျပ် ၄၇၇ သိန်းကို မြစိမ်းရောင်ကျေးရွာ စီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များက ထုတ်ချေးပေးခဲ့ကြောင်း ပျော်ဘွယ်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ခင်စန်းဦးက ဆက်လက်ပြောပြ၍ သိရသည်။

သူသူ

# ကဝမြို့နယ် မြောက်ဈေးဖလုံကျေးရွာ၌ ကွန်ကရစ်ဘီးလမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှု ကွင်းဆင်းစစ်ဆေး

ကဝ မတ် ၇

ပဲခူးတိုင်းဒေသကြီး ပဲခူးခရိုင် ကဝမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက မြစိမ်းရောင်ကျေးရွာ စီမံကိန်း အတိုးရငွေဖြင့် မြောက်ဈေးဖလုံကျေးရွာ၌ ကွန်ကရစ်ဘီးလမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို မတ် ၆ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်း စစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ကဝမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ခင်စုလှိုင်နှင့် ဝန်ထမ်းများက မြောက်ဈေးဖလုံ ကျေးရွာ၌ ကွန်ကရစ်ဘီးလမ်း ခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး ကော်မတီဝင်များနှင့် တွေ့ဆုံကာ လိုအပ်သည်များ ဖြည့်စွက်မှာကြားခဲ့သည်။

အဆိုပါကျေးရွာ၌ တစ်ဖက်လျှင် အရှည် ၇၇၅ ပေ၊ အကျယ် သုံးပေ၊ အမြင့် ခြောက်လက်မစီရှိ ကွန်ကရစ်ဘီးလမ်း ခင်းခြင်းလုပ်ငန်းကို မြစိမ်းရောင်ကျေးရွာစီမံကိန်း အတိုးရငွေကျပ် ၁၅ သန်းဖြင့် ၂၀၂၄ ခုနှစ် ဒီဇင်ဘာလ တတိယပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများအားလုံး ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးပြီ ဖြစ်ကြောင်း သိရသည်။

အဆိုပါကျေးရွာတွင် ကွန်ကရစ် ဘီးလမ်းခင်းခြင်းလုပ်ငန်း ရာနှုန်းပြည့် ဆောင်ရွက်နိုင်မှုကြောင့် ကျေးရွာနေ ပြည်သူများ လမ်းပန်းဆက်သွယ်ရေး ပိုမိုကောင်းမွန်လာပြီး ကျေးရွာမှ ထွက်ရှိလာသော ထုတ်ကုန်၊ ထွက်ကုန်များကို ဈေးကွက်သို့ အချိန်နှင့်တစ်ပြေးညီ ပေးပို့နိုင်တော့မည်ဖြစ်ကြောင်း၊ ယခင်ကထက် လူနေမှုအဆင့်အတန်းပိုမိုမြင့်မား တိုးတက်လာတော့မည် ဖြစ်ကြောင်း ကဝမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ခင်စုလှိုင်ထံမှ သိရသည်။

အေးမြတ်

# ဘုတလင်မြို့နယ်တွင် ပဲစင်းငုံဧကအားလုံး ရိတ်သိမ်းပြီးစီး တစ်ဧကလျှင် ၁၇ ဒသမ ၄၂ တင်းထွက်ရှိ

ဘုတလင် မတ် ၇

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင် ဘုတလင်မြို့နယ်တွင် ပဲစင်းငုံဧကအားလုံး ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း ဘုတလင်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ဘုတလင်မြို့နယ်တွင် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပဲစင်းငုံ ၃၄၄၈၇ ဧကထိစိုက်ပျိုးနိုင်ခဲ့ကြောင်း၊ အဆိုပါစိုက်ပျိုးထားသော ပဲစင်းငုံစိုက်ခင်းများကို ၂၀၂၄ ခုနှစ် ဒီဇင်ဘာလမှစတင် ရိတ်သိမ်းခဲ့ရာ ယနေ့တွင် ဧကအားလုံး ရိတ်သိမ်းပြီးစီးပြီဖြစ်ပြီး တစ်ဧကလျှင် ၁၇ ဒသမ ၄၂ တင်း ထွက်ရှိခဲ့ကြောင်း သိရသည်။

"ဘုတလင်မြို့နယ် မိုးသီးနှံစိုက်ပျိုးရာသီမှာ ပဲစင်းငုံ ၃၄၄၈၇ ဧကထိ စိုက်ပျိုးနိုင်ခဲ့ပါတယ်။ အဲဒီ စိုက်ပျိုးထားတဲ့ ပဲစင်းငုံတွေ အခုလက်ရှိမှာတော့ ဧကအားလုံး ရာနှုန်းပြည့် ရိတ်သိမ်းပြီးစီးပြီဖြစ်ပါတယ်။ ပဲစင်းငုံကို သီးသန့်စိုက်ပျိုးကြသလို သီးထပ်သီးညှပ်အနေနဲ့လဲ စိုက်ပျိုးကြပါတယ်"ဟု ဘုတလင်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဖြိုးဝေက ပြောပြသည်။

ဘုတလင်မြို့နယ်တွင် ပဲစင်းငုံစိုက်တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့် မျိုးကောင်းမျိုးသန့်ရွေးချယ်စိုက်ပျိုးရေး၊ စိုက်နည်းစနစ်မှန်ကန်ရေး၊ ပိုးမွှားအန္တရာယ်ကင်းရှင်းရေး၊ အထွက်နှုန်းကောင်းမွန်ရေးအတွက် ကွင်းဆင်းအသိပညာပေးခဲ့ကြကြောင်း သိရသည်။

ပဲစင်းငုံကို အထွက်နှုန်းတိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်မည်ဆိုပါက နိုင်ငံတွင်း စားသုံးမှုဖူလုံစေရုံမျှမက ပြည်ပသို့ပို့ကုန်အဖြစ်ပါ တိုးတက်ထုတ်လုပ်နိုင်မည်ဖြစ်ကြောင်း၊ ထုတ်လုပ်မှုနှင့် ဈေးကွက်လိုအပ်ချက်ဖြစ်သော ဝယ်လိုအားမျှတလာပါက ကုန်ဈေးနှုန်းတည်ငြိမ်၍ လူမှုစီးပွားဘဝများလည်း မြင့်မား တိုးတက်လာမည်ဖြစ်သဖြင့် စိုက်ပျိုးသီးနှံများ အထွက်နှုန်းတိုးတက်စေရေး ဒေသမရွေး ကြိုးပမ်းကြရမည် ဖြစ်ကြောင်း ဘုတလင်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဖြိုးဝေက ပြောပြ၍ သိရသည်။ (၂၀၆)



# ကန်စွန်းဥ၏ ကျန်းမာရေးဆိုင်ရာသိကောင်းစရာများ အပိုင်း(၂)

ဒေါက်တာလပြည့်ခင်

လူတိုင်းနှစ်သက်စွာစားသုံးနေကြသည့် ကန်စွန်းဥ၏ ကျန်းမာရေးဆိုင်ရာသိကောင်းစရာများကို ဆက်လက်ဖော်ပြလိုပါသည်။ ကန်စွန်းဥသည် အလွယ်တကူရရှိနိုင်ပြီး ဈေးနှုန်းချိုသာသော အသီးအနှံများထဲတွင်တစ်မျိုးအပါအဝင်ဖြစ်သည်။ ကမ္ဘာ့တစ်ဝန်းတွင် စိုက်ပျိုးနေသည့် ချိုမြိန်သောကစီဓာတ်ရှိသော အသီးအနှံဖြစ်ပြီး ကန်စွန်းဥတွင် ကစီဓာတ်များစွာပါဝင်မှုကြောင့် အပူပိုင်းနှင့်သမပိုင်းဒေသပိုင်းတွင် စိုက်ပျိုးလျက်ရှိသော အရေးပါသည့်သီးနှံတစ်မျိုးဖြစ်သည်။

**ဓာတ်တိုးဆန့်ကျင်ဂုဏ်သတ္တိများ**

ခရမ်းရောင်ကန်စွန်းဥသည် အစွမ်းထက်ဓာတ်တိုးဆန့်ကျင်ပစ္စည်းများအဖြစ် လုပ်ဆောင်ပေးသော အန်သိုဆိုက်ယာနင်ဓာတ်ပေါင်းကြွယ်ဝသည်။ ဤဒြပ်ပေါင်းများသည် ခန္ဓာကိုယ်အတွင်းရှိ ဖရီးရယ်ဒီကယ်များကို ချေဖျက်ပေးနိုင်ပြီး Oxidative Stress နှင့်ရောင်ရမ်းမှုကို လျှော့ချပေးနိုင်သည်။ ဤဓာတ်တိုးဆန့်ကျင်ပစ္စည်းလုပ်ဆောင်ချက်သည် အလုံးစုံသော ကျန်းမာရေးကို အထောက်အကူပြုနိုင်သည်။

**သဘာဝအရောင်တင်ဆေး**

အရောင်တောက်ပသော ခရမ်းရောင်ကန်စွန်းဥကို အမှုန့်ပြုလုပ်၍ အစားအသောက်နှင့် အဖျော်ယမကာထုတ်ကုန်များတွင် သဘာဝအရောင်ဆိုးဆေးအဖြစ် တွင်ကျယ်စွာအသုံးပြုကြသည်။ ၎င်းသည် အစားအစာစက်မှုလုပ်ငန်းတွင် သန့်ရှင်းသော ထုတ်ကုန်များအတွက် တိုးတက်လာနေသောဝယ်လိုအားကိုဖြည့်ဆည်းပေးသည့် ဓာတုအရောင်ခြယ်ပစ္စည်းများ၏နေရာတွင် အစားထိုးသုံးစွဲနိုင်ရန် ဆွဲဆောင်မှုရှိသောပစ္စည်းတစ်ခုအဖြစ် ပံ့ပိုးပေးသည်။

**ကျန်းမာရေးအကျိုးကျေးဇူးများ**

ခရမ်းရောင်ကန်စွန်းဥမှုန့်တွင်ပါရှိသော အန်သိုဆိုက်ယာနင်သည် နှလုံးသွေးကြောကျန်းမာရေးနှင့် မှတ်ဉာဏ်စွမ်းရည်တို့ကိုမြှင့်တင်ပေးနိုင်ပြီး ကင်ဆာရောဂါကိုဆန့်ကျင်နိုင်သည့် သက်ရောက်မှုများအပါအဝင် ကျန်းမာရေးအကျိုးကျေးဇူးများနှင့် ဆက်စပ်လျက်ရှိသည်။ ထိုအမှုန့်ထည့်သွင်းအသုံးပြုထားသောအစားအစာများနှင့် အာဟာရဓာတ်များအတွက် အဖိုးတန်သောပါဝင်ပစ္စည်းဖြစ်လာစေသည်။

**ခရမ်းရောင်ကန်စွန်းဥ၏ အာနိသင်များ**

ခရမ်းရောင်ကန်စွန်းဥမှ သဘာဝနှင့်အမြင်အာရုံဆွဲဆောင်မှုရှိသောခရမ်းရောင်ကို ထုတ်ကုန်များစွာသို့ဖြန့်ဖြူးရန်အတွက် အစားအသောက်နှင့် အဖျော်ယမကာလုပ်ငန်းတွင် ကျယ်ပြန့်စွာအသုံးပြုသည်။ ခရမ်းရောင်ကန်စွန်းဥကို အဖျော်ယမကာများ၊ မုန့်များ၊ နို့ထွက်ပစ္စည်းများနှင့် မုန့်ဖုတ်ပစ္စည်းများတွင် အများဆုံးအသုံးပြုသည်။ ၎င်း၏ သဘာဝမူလနှင့် တောက်ပသောအရောင်ကြောင့် ကန်စွန်းဥအမှုန့်ကို အလှကုန်နှင့် တစ်ကိုယ်ရည်ထိန်းသိမ်းမှုဆိုင်ရာ ထုတ်ကုန်ပစ္စည်းများတွင် ပိုမိုအသုံးပြုကြသည်။ အသားအရေထိန်းသိမ်းမှုအမျိုးမျိုးနှင့် ဆံပင်ထိန်းသိမ်းမှုဖော်မြူလာများတွင်လည်းသုံးစွဲပြီး ဓာတုဆိုးဆေးများအစား သဘာဝဆိုးဆေးအဖြစ်အစားထိုးသုံးစွဲနိုင်သည်။ ဆေးဝါးနှင့် အာဟာရဆိုင်ရာလုပ်ငန်းများအနေဖြင့် ကန်စွန်းဥအမှုန့်ကို ဆေးတောင့်များ၊ ဆေးပြားများနှင့် ကျန်းမာရေးဖြည့်စွက်စာများတွင် ထည့်သွင်းလေ့ရှိသည်။ ကန်စွန်းဥ၏ ဓာတ်တိုးဆန့်ကျင်ဂုဏ်သတ္တိများသည် အဆိုပါထုတ်ကုန်များ၏ အလုံးစုံသော ကျန်းမာရေးအကျိုးကျေးဇူးများကို အထောက်အကူပြုသည်။ ခရမ်းရောင်ကန်စွန်းဥ၏ ကျန်းမာရေးအကျိုးကျေးဇူးများနှင့်အတူ စွယ်စုံရ သဘာဝအရောင်ဆိုးဆေးအဖြစ် ထွက်ပေါ်လာပြီး သဘာဝပါဝင်ပစ္စည်းများကို နှစ်သက်သဘောကျသော ဈေးကွက်လမ်းကြောင်းများနှင့်အတူ စက်မှုလုပ်ငန်းခွင်အမျိုးမျိုးတွင် ကျယ်ပြန့်စွာအသုံးချမှုများကြောင့် ကမ္ဘာ့ဈေးကွက်တွင် Key Player အဖြစ်နေရာယူထားကြောင်း မှတ်သားရသည်။

**ဦးနှောက်လုပ်ဆောင်မှုကို ကောင်းမွန်စေနိုင်သော ကန်စွန်းဥ**

ကန်စွန်းဥစားသုံးခြင်းဖြင့် ဦးနှောက်၏ လုပ်ဆောင်မှုကို တိုးတက်ကောင်းမွန်စေပြီး မှတ်ဉာဏ်ကိုလည်းတိုးစေနိုင်သည်။ ကန်စွန်းဥက အာဟာရဓာတ်ကြွယ်ဝသကဲ့သို့ ဓာတ်တိုးဆန့်ကျင်အာနိသင်ကြွယ်ဝသည့်စားစရာတစ်မျိုးဖြစ်သဖြင့် အသက်အရွယ်ကြောင့်ဖြစ်သည့် မှတ်ဉာဏ်ယုတ်လျော့မှုကိုလည်း လျော့ပါးစေနိုင်သည်။ ဗီတာမင်အေကြွယ်ဝ



သည့်ကန်စွန်းဥသည် ဆေးလိပ်သောက်ခြင်းကြောင့်ဖြစ်တတ်သော အသက်ရှူလမ်းကြောင်းဆိုင်ရာပြဿနာများကိုလည်း ပြေလျော့စေသည်။

**ကိုယ်ခံအားကောင်းစေသောကန်စွန်းဥ**

ကန်စွန်းဥတွင် ဗီတာမင်အေပါဝင်သောကြောင့် ကိုယ်ခံအားဆဲလ်များထွက်ရှိအောင် လှုံ့ဆော်ပေးပြီး ရောဂါများနှင့် ကူးစက်ရောဂါများမဝင်ရောက်အောင် တားဆီးပေးနိုင်သည်။ ကန်စွန်းဥတွင် ကြွယ်ဝစွာပါဝင်သောအမျှင်ဓာတ်က အစာကို ကြေညက်စေကာ အဆိပ်အတောက်များကိုလည်း ပြေပျောက်စေသည်။

**အမြင်အာရုံကောင်းမွန်စေနိုင်သောကန်စွန်းဥ**

ကန်စွန်းဥက ကိုယ်ခံအားကို ကောင်းမွန်စေရုံသာမက ဗီတာမင်အေကြွယ်ဝသည့်အတွက် အမြင်အာရုံကိုပါ ကောင်းမွန်စေနိုင်သည်။ ဗီတာမင်အေချို့တဲ့မှုကြောင့်ဖြစ်သည့် မျက်စိခြောက်ခြင်း၊ ညဘက်တွင် အမြင်အာရုံဝေဝါးခြင်း၊ အသက်အရွယ်ကြောင့်ဖြစ်သည့် အမြင်အာရုံချို့ယွင်းခြင်းများနှင့် အမြင်အာရုံဆုံးရှုံးမှုများကို ကာကွယ်ပေးသည်။

**ကိုယ်အလေးချိန်ကျစေပြီး ရင်သားကင်ဆာကို ကာကွယ်စေနိုင်သောကန်စွန်းဥ**

အာဟာရဓာတ်ကြွယ်ဝပြီး အမျှင်ဓာတ်များစွာပါဝင်နေသည့်ကန်စွန်းဥက အဆာခံစေနိုင်ပြီး အစားချင်စိတ်ကို လျှော့ချပေးနိုင်သောကြောင့် ကိုယ်အလေးချိန်ကျချင်သူများ စားသုံးပေးသင့်သည်။ ထို့ပြင် ကန်စွန်းဥစားခြင်းဖြင့် ရင်သားကင်ဆာမဖြစ်ပွားအောင် ကြိုတင်ကာကွယ်ပေးနိုင်သည်။

**အဆစ်အမျက်များနာကျင်မှုကို သက်သာစေနိုင်သော ကန်စွန်းဥ**

ကန်စွန်းဥတွင်ပါဝင်သည့် ဘီတာကယ်လ်ရိုတင်း၊ မဂ္ဂနီဆီယမ်၊ ဇင့်နှင့် ဗီတာမင်ဘီအုပ်စုများကြောင့် အဆစ်အမျက်များနာကျင်ကိုက်ခဲမှုကို သက်သာစေနိုင်သည်။ ကန်စွန်းဥပြုတ်ရည်ကို နာသောအဆစ်နေရာများတွင်လူးပေးခြင်းဖြင့် အဆစ်အမျက်များနာကျင်မှုကို သက်သာစေနိုင်သည်။ ကန်စွန်းဥထဲရှိ ဘီတာကယ်ရိုတင်းဓာတ်သည် ဓာတ်တိုးဆန့်ကျင်ပစ္စည်းအဖြစ် အစွမ်းထက်မြက်စေ၍ ဂေါက်ရောဂါ၊ အဆစ်အမျက်ရောင်ရမ်းနာများနှင့် ပန်းနာရင်ကျပ်ရောဂါများဖြစ်ပွားခြင်းမှ ကာကွယ်ပေးသည်။

**အစာအိမ်အနာကိုသက်သာစေနိုင်သောကန်စွန်းဥ**

ကန်စွန်းဥတွင်ပါဝင်သည့် အမျှင်ဓာတ်က အစာခြေဖနစ်ကိုကျန်းမာစေနိုင်သကဲ့သို့ အူများ၏ လှုပ်ရှားမှုကို ပိုမိုကောင်းမွန်စေသည်။ ထို့ပြင် ဗီတာမင်ဘီအုပ်စု၊ ဗီတာမင်စီနှင့် ဘီတာကယ်ရိုတင်း၊ ပိုတက်ဆီယမ်နှင့် ကယ်လ်ဆီယမ်တို့ပါဝင်မှုက အစာအိမ်အနာများကို သိသာစွာသက်သာစေနိုင်သည်။ ဝမ်းချုပ်မှုကင်းဝေးပြီး အစာအိမ်အတွင်း အက်စစ်ဖြစ်ပေါ်မှုနည်းစေသဖြင့် အစာအိမ်အနာဖြစ်နိုင်ခြေကို လျှော့ချပေးနိုင်သည်။ ကန်စွန်းဥတွင်ပါဝင်သည့် အမျှင်ဓာတ်သည် ခန္ဓာကိုယ်မှရေဓာတ်များ မဆုံးရှုံးရအောင် ကာကွယ်ပေးနိုင်ပြီး ကိုယ်တွင်းရေဓာတ်ကို ထိန်းညှိပေးကာ ဆဲလ်များကောင်းမွန်စွာလုပ်ဆောင်နိုင်ရန် ကူညီပေးသည်။

**ကန်စွန်းဥစားသုံးရာတွင် သတိထားရမည့်အချက်များ**

ကန်စွန်းဥသည် ကျန်းမာရေးကို အထောက်အကူပြုနိုင်သော အစားအစာတစ်မျိုးဖြစ်သော်လည်း တန်ဆေးလွန်ဘေးဆိုသကဲ့သို့ အလွန်အကျွံမစားမိရန် လိုအပ်သည်။ လတ်ဆတ်သော ကန်စွန်းဥ၏ အပေါ်ယံအရေခွံသည် ပြောင်တင်းလျက်ရှိပြီး အပေါ်ယံအရေခွံတွင် အစိမ်းရောင်သန်းနေပါက အဆိပ်အတောက်ဖြစ်စေနိုင်၍ လုံးဝမစားသင့်ပေ။ ကန်စွန်းဥကို အထူးတလည်ထုပ်ပိုးဖုံးအုပ်ထားစရာမလိုဘဲ အေးပြီးခြောက်သွေ့သောနေရာတွင် ၁၀ ရက်ခန့်ကြာသည်ထိထားနိုင်ပြီး ရေခဲသေတ္တာထဲထည့်ခြင်း၊ ပလတ်စတစ်အိတ်နှင့် ထုပ်ပိုးထားခြင်းဖြင့် အာနိသင်ပျက်ပြယ်တတ်သည်။ အခြားသတိပြုရမည့်အချက်များအနေဖြင့် ဗီတာမင်အေမြင့်မားသဖြင့် ဗီတာမင်အေဓာတ်ကို အများအပြားစားသုံးပါက ဗီတာမင်လွန်ကဲခြင်းဖြစ်လာနိုင်ပြီး ခေါင်းကိုက်ခြင်း၊ အရေပြားနီမြန်းယားယံခြင်းတို့ ဖြစ်တတ်ပြီး ထိုအခြေအနေ၏လက္ခဏာရပ်ဖြစ်သည့် မျက်ခုံးမွေးအပါအဝင် အမွေးအမှင်ကျွတ်ခြင်း၊ နှုတ်ခမ်းကွဲအက်ခြင်း၊ အရေပြားခြောက်သွေ့ကြမ်းတမ်းခြင်းတို့ ဖြစ်လာနိုင်သည်။ ဗီတာမင်အေအများကြီးစွဲသောက်မည်ဆိုပါကလည်း အသည်းပျက်စီးလာနိုင်သည်။ အမျိုးသမီးများအနေဖြင့် တစ်ရက်လျှင် ဗီတာမင်အေ ၇၀၀ မိုက်ခရိုဂရမ်နှင့် အမျိုးသားများအနေဖြင့် တစ်ရက်လျှင် ဗီတာမင်အေ ၉၀၀ မိုက်ခရိုဂရမ် သောက်သုံးပေးရန် အကြံပြုထားသည်။ ထိုပမာဏထက်ပိုပြီး သောက်သုံးမိပါက ဆရာဝန်ပြသင့်သည်။ ထို့ပြင် ဆီးကျောက်တည်ရောဂါ၊ ဆီးချိုရောဂါ၊ နှလုံးပြဿနာရှိသူများအနေဖြင့်လည်း ကန်စွန်းဥကို သတိထား၍စားသုံးသင့်သည်။

**ကန်စွန်းဥကို ဆင်ခြင်စားသုံးသင့်သူများ**

ကန်စွန်းဥတွင် ကျန်းမာရေးအကျိုးကျေးဇူးများစွာပါရှိနေသော်လည်း ကန်စွန်းဥမစားသင့်သူအနည်းငယ်တော့ရှိနေပါသည်။ သွေးတွင်းကိုလက်စထရောများနေသူများအနေဖြင့် ကန်စွန်းဥကို မစားသုံးသင့်ပေ။ ကန်စွန်းဥက အော်ဂဲနစ်အက်စစ်အမျိုးအစားဖြစ်သည့် အော်ဇာလိတ်ဓာတ်မြင့်မားသောကြောင့် ဆီးကျောက်တည်ရောဂါ ခံစားနေရသည့်အချိန်တွင် ကန်စွန်းဥကို အများကြီးစားမည်ဆိုပါက ၎င်းတို့အတွက် ပြဿနာဖြစ်လာနိုင်သည်။ အော်ဇာလိတ်ဓာတ်က ရှိနှင့်ပြီးသား ကျောက်များပေါ်တွင် နှန်းတင်လာပြီး ရောဂါလက္ခဏာနှင့် နာကျင်မှုကို တိုးလာစေနိုင်သည်။ ကန်စွန်းဥတွင် အော်ဇာလိတ်ဓာတ်ပါဝင်မှုမြင့်မားသည့်အတွက် ဆီးကျောက်တည်ရောဂါခံစားနေရသူများအနေဖြင့် ကန်စွန်းဥပမာဏများများစားသုံးခြင်းကို ရှောင်ကြဉ်သင့်ပြီး ရံဖန်ရံခါမှသာ စားသုံးသင့်သည်။

ကန်စွန်းဥတွင် သကြားအယ်လ်ကိုဟောဟုခေါ်သည့် ကာဘိုဟိုက်ဒရိတ်အမျိုးအစားတစ်ခုဖြစ်သော မန်နီတောပါဝင်သည့်အတွက် ပမာဏအများအပြားစားသုံးလျှင် အစာအိမ်မအီမသာဖြစ်တတ်သူများအတွက် ပြဿနာဖြစ်လာနိုင်ပြီး ကန်စွန်းဥပမာဏအများအပြားစားမိခြင်းဖြင့် အစာအိမ်နာခြင်း၊ ဝမ်းလျှောခြင်းနှင့် ဗိုက်အောင့်ခြင်းများ ဖြစ်လာနိုင်သောကြောင့် အစာအိမ်မကောင်းသူများအနေဖြင့်လည်း ကန်စွန်းဥကို မစားသုံးသင့်ပေ။

ကန်စွန်းဥတွင်ပါဝင်သည့် သကြားဓာတ်ညွှန်းကိန်းပမာဏသည် အာလူးနှင့်နှိုင်းယှဉ်ပါက ပိုနည်းသောကြောင့် ကျန်းမာရေးနှင့် ပိုပြီးညီညွတ်သည်။ ကန်စွန်းဥကိုစားသုံးခြင်းဖြင့် အင်ဆူလင်တုံ့ပြန်နိုင်မှုကောင်းမွန်စေသည့်နေရာတွင် အထောက်အကူဖြစ်စေသည်။ ကန်စွန်းဥသည် အမျှင်ဓာတ်မြင့်မားပြီး Glycemic Index (GI) (၄၄-၉၆)ကြားရှိသဖြင့် GI နည်းပါးသည့်ကန်စွန်းဥက ခန္ဓာကိုယ်အတွင်းရှိ သကြားဓာတ်ကိုထိန်းညှိပေးနိုင်သည်ဟု ဆိုထားသော်လည်း သွေးအတွင်းသကြားပမာဏမြင့်တက်လာနိုင်သည့်အတွက် ဆီးချိုရောဂါသည်များအနေဖြင့်လည်း ကန်စွန်းဥကို ပမာဏအများအပြား မစားသုံးသင့်ပေ။

ပိုတက်စီယမ်ကြွယ်ဝစွာပါဝင်သည့် ကန်စွန်းဥသည်နှလုံးပြဿနာဖြစ်နိုင်ခြေကို လျှော့ချပေးသော်လည်း ပမာဏများများစားသုံးမည်ဆိုပါက ပိုတက်စီယမ်ပမာဏမြင့်မားပြီး နှလုံးသွေးကြောကျဉ်းရောဂါဖြစ်လာနိုင်သောကြောင့် နှလုံးပြဿနာရှိသူများအနေဖြင့် အနည်းငယ်သာ စားသုံးသင့်သည်။

ဤကဲ့သို့ ကျန်းမာရေးအတွက် ဆေးဖက်ဝင်သောကန်စွန်းဥကိုစားသုံးပေးခြင်းဖြင့် ရရှိနိုင်သော ကျန်းမာရေးကောင်းကျိုးများနှင့် အလွန်အကျွံမစားသင့်သောသူများလည်းသိရှိပြီး အစာလည်းဆေး၊ ဆေးလည်းအစာဆိုသည့်အတိုင်း ဈေးနှုန်းချိုသာဖြင့် အလွယ်တကူဝယ်ယူရရှိနိုင်သည့် ကန်စွန်းဥကို သင့်တင့်မျှတစွာစားသုံးပေးသင့်ပေသည်။

အချုပ်အားဖြင့် ဤကဲ့သို့အာဟာရပြည့်ဝသော ကန်စွန်းဥကို ကိုယ်အလေးချိန်ကျချင်သူများ၊ အသက်ရှူလမ်းကြောင်းဆိုင်ရာ ပြဿနာရှိသူများ၊ အဆစ်ရောင်ရောဂါနှင့် အစာအိမ်အနာဖြစ်သူများ စားသုံးပေးသင့်ပါသည်။ အရောင်ရင့်သောကန်စွန်းဥများသည် ကျန်းမာရေးအတွက် ပိုမိုအစွမ်းထက်မြက်စေနိုင်ပြီး ကန်စွန်းဥကို မီးဖုတ်၍စားသုံးခြင်းထက် ပြုတ်၍ဖြစ်စေ၊ ချက်၍ဖြစ်စေ စားသုံးခြင်းက အာဟာရဓာတ်ပိုမိုရရှိကာ အထက်ဖော်ပြပါ ကျန်းမာရေးအကျိုးကျေးဇူးများ အပြည့်အဝရရှိစေမည်ဖြစ်ကြောင်း ရေးသားဖော်ပြလိုက်ရပါသည်။

# လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန်လိုအပ်

**“လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ၎င်းတို့ အစမ္ပဝင်ရောက်နေထိုင်နေသည့်မြို့ရွာများ၌ တပ်မတော်၏တန်ပြန်ထိုးစစ်ဆင်မှုများကို ကာကွယ်ရန်အတွက် ပြည်သူတို့၏ နေအိမ်အဆောက်အအုံများ၊ အရပ်ဘက်အုပ်ချုပ်မှုဆိုင်ရာအဆောက်အအုံများကို အသုံးပြုခြင်း၊ အပြစ်မဲ့ပြည်သူလူထုကို လူသားတံတိုင်းအဖြစ်အသုံးပြုနိုင်ရေး ယာယီနေရပ်စွန့်ခွာနေရသူများကို ပြန်လည်နေထိုင်ရန်ဆွဲဆောင်စည်းရုံးခြင်း၊ အတင်းအဓမ္မလူသစ်စုဆောင်းခြင်းများကိုလုပ်ဆောင်လျက်ရှိကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်၏ အချုပ်အခြာအာဏာကို မဖြစ်မနေ ကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ပြီး အဆိုပါလက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ သတင်းရရှိမှုနှင့် အခြေအနေအရပ်ရပ်အပေါ်မူတည်၍ လိုအပ်သလိုတုံ့ပြန်ဆောင်ရွက်သွားမည်ဖြစ်သဖြင့် ၎င်းတို့အဓမ္မဝင်ရောက်နေထိုင်လျက်ရှိသည့် မြို့ရွာများရှိပြည်သူများအနေဖြင့် ၎င်းတို့၏အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန် လိုအပ်ကြောင်း။”**

( ၃-၉-၂၀၂၄ ရက်တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ရှမ်းပြည်နယ် အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်နှင့် ခရိုင်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများအားပြောကြားသည့် အမှာစကားမှကောက်နုတ်ချက် )

## ချောင်းဦးမြို့နယ်တွင် မိုးသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သည့် ဝါသီးနှံဧကအားလုံး ရာနှုန်းပြည့်သိမ်းဆည်းပြီးစီး



မုံရွာ မတ် ၇

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင် ချောင်းဦးမြို့နယ်တွင် မိုးသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သည့် ဝါသီးနှံဧကအားလုံးရာနှုန်းပြည့် သိမ်းဆည်းပြီးစီးပြီဖြစ်ပြီး အထွက်နှုန်း ကောင်းမွန်ကြောင်း မုံရွာခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ချောင်းဦးမြို့နယ်တွင် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဝါသီးနှံ ၈၁၂၅ ဧကထိ စိုက်ပျိုးနိုင်ခဲ့ပြီး အဆိုပါစိုက်ပျိုးထားသော ဝါသီးနှံများကို ၂၀၂၄ ခုနှစ် ဒီဇင်ဘာလမှ စတင်ရိတ်သိမ်းခဲ့ရာ ယနေ့တွင် ဧကအားလုံး သိမ်းဆည်းပြီးစီးပြီဖြစ်ပြီး တစ်ဧကလျှင် ၃၇၁ ဒသမ ၇၆ ပိဿာ ထွက်ရှိခဲ့ကြောင်း သိရသည်။

"ချောင်းဦးမြို့နယ်မှာ ဝါသီးနှံ ၈၁၂၅ ဧကထိ စိုက်ပျိုးနိုင်ခဲ့ပြီး လက်ရှိအချိန်မှာတော့ ရာနှုန်းပြည့် သိမ်းဆည်းပြီးစီးပြီ ဖြစ်ပါတယ်။ ဝါသီးနှံတွေ စိုက်ပျိုးထုတ်လုပ်ရာမှာ မျိုးကောင်းမျိုးသန့်တွေကို တောင်သူတွေလွယ်ကူစွာစိုက်ပျိုးရာသီအမီ စိုက်ပျိုးနိုင်ဖို့ ဝါမျိုးစေ့တွေ ပံ့ပိုးပေးခဲ့ပါတယ်"ဟု မုံရွာခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်စန်းစန်းမြင့်က ပြောပြသည်။

ချောင်းဦးမြို့နယ်တွင် ဝါသီးနှံစိုက် တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက ဝါမျိုးကောင်းမျိုးသန့်များရရှိစေရေး၊ ဝါသီးနှံဖြစ်ထွန်းအောင်မြင်စေရေး၊ ပိုးမွှားရောဂါ ကြိုတင်ကာကွယ်နိုင်ရေး၊ အထွက်နှုန်း ကောင်းမွန်စေရေး၊ စိုက်နည်းစနစ် မှန်ကန်စေရေးတို့ကို နည်းပညာပေးသင်တန်းများဖွင့်လှစ်ပို့ချပေးခဲ့ပြီး ဝါစိုက်တောင်သူလိုအပ်သည့် နည်းပညာများကိုလည်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ဝါသီးနှံ စိုက်ပျိုးမှုအနေဖြင့် ဝါတစ်ဧကလျှင် ကုန်ကျစရိတ်ငွေကျပ်သုံးသိန်းခွဲရှိကြောင်း၊ ဝါသီးနှံစိုက်ပျိုးရာတွင် အခြားသီးနှံများဖြစ်သည့် ကြက်သွန်နီ၊ ပဲစင်းငုံတို့ဖြင့် သီးညှပ်စိုက်ပျိုးနိုင်သည့်အတွက် ဝင်ငွေတိုးပွားစေမည်ဖြစ်ကြောင်း၊ ဝါသီးနှံကို စစ်ကိုင်းတိုင်းဒေသကြီးရှိ စစ်ကိုင်း၊ မုံရွာ၊ ယင်းမာပင်၊ ရွှေဘိုနှင့် ကန့်ဘလူခရိုင်အတွင်းရှိ မြို့နယ် ၁၉ မြို့နယ်တွင် အောင်မြင်စွာစိုက်ပျိုးထုတ်လုပ်လျက်ရှိကြောင်း သိရသည်။

ဝါသီးနှံများကို အထွက်နှုန်းကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်းသုံးစွဲမှုဖူလုံမည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိပြီး လူမှုစီးပွားဘဝများ ပိုမိုဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ရာ ဝါသီးနှံများ တိုးချဲ့စိုက်ပျိုးနိုင်ရေး ကြိုးပမ်းကြရမည် ဖြစ်ကြောင်း ခရိုင်ဦးစီးမှူး ဒေါ်စန်းစန်းမြင့်က ပြောပြ၍ သိရသည်။ (၂၀၆)

## ရေကြည်မြို့နယ် အနောက်ကုန်းကျေးရွာ၌ ကွန်ကရစ်ဘီးလမ်းခင်းခြင်းပြီးစီးမှု စစ်ဆေး

ရေကြည် မတ် ၇

ရောဝတီတိုင်းဒေသကြီး ကျုံပျော်ခရိုင် ရေကြည်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP) ထပ်တိုးဆောင်ရွက်သော အနောက်ကုန်းကျေးရွာ၌ ကျေးရွာတွင်း ကွန်ကရစ်ဘီးလမ်းခင်းခြင်း လုပ်ငန်းဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ယနေ့ နံနက်ပိုင်းတွင် တာဝန်ရှိသူများက ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ရေကြည်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်သန်းသန်းဆွေနှင့် တာဝန်ခံအင်ဂျင်နီယာများက ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစီမံကိန်းအဖွဲ့ဝင်များနှင့်အတူ အနောက်ကုန်းကျေးရွာ၌ ကျေးရွာတွင်း ကွန်ကရစ်ဘီးလမ်းခင်းခြင်း လုပ်ငန်းဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက ဆောင်ရွက်ပြီး ဖွံ့ဖြိုးရေးလုပ်ငန်းများကို ရေရှည်တည်တံ့အောင် ကျေးရွာတာဝန်ရှိသူများအားလုံးက ဝိုင်းဝန်းထိန်းသိမ်းကြရန် ဆွေးနွေးမှာကြားသည်။

အနောက်ကုန်းကျေးရွာ၌ လမ်းတစ်ဖက်လျှင် အရှည်ပေ ၉၉၀၊ အကျယ် သုံးပေ၊ အမြင့် ခြောက်လက်မစီရှိ ကွန်ကရစ်ဘီးလမ်းခင်းခြင်းလုပ်ငန်းကို ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစီမံကိန်းရန်ပုံငွေကျပ် ၁၅ သန်း၊ ကျေးရွာနေပြည်သူ ထည့်ဝင်ငွေကျပ်ငါးသန်း စုစုပေါင်းငွေကျပ်သန်း ၂၀ ဖြင့် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက နည်းပညာပံ့ပိုးကြီးကြပ်၍ ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် ယခုနှစ် ဖေဖော်ဝါရီလ ပထမပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ရာနှုန်းပြည့်ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း ရေကြည်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုး တိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်သန်းသန်းဆွေထံမှ သိရသည်။

**သံသာ**

## အပြည်ပြည်ဆိုင်ရာအမျိုးသမီးများနေ့

\- ပန်းများပမာ အလှဖက်
ဘဝအတွက် တာဝန်ကျေ၊
ကျားနှင့်တန်းတူ ရင်ပေါင်တန်းလို့
လုပ်ငန်းဝင်နေ၊
နုနယ်လှပ သိဂီရွှေ
တန်ဖိုးတွေ ဖြတ်မရ၊
သူနိုင်ရာ သူထမ်းလို့
လုပ်ငန်းဝင်ကြ။

\- ရွှေလက်တွေ ပုခက်လွဲရပေမင့်
အခက်ခဲလည်း ကျော်လွှားကာ၊
ကလေးငယ် ပညာရေး
ဖေးကူလို့သာ၊
အိမ်တွင်းမှု ပိုင်နိုင်စွာ
တစ်နိုင်တစ်ပိုင်ပါ ရောင်းဝယ်သွား၊
ရှေ့ရေးမျှော် ဘဝအတွက်
အလှမမက်အား။

\- ကျားမတန်းတူ မခွဲခြားဘဲ
အလေးထား ဂုဏ်ပြုကာ၊
ထွန်းပေါက်သူ ဖေးကူအမြဲမို့
လက်တွဲလို့သာ၊
"ရှစ်ရက်နေ့ မတ်လ"မှာ
အမှတ်ရစရာ နေ့မြတ်ရွေး၊
အမျိုးသမီးများကို အလေးမူကြဖို့
ဖေးကူလို့ထွေး။

\- ရှေးယခင် ဂုဏ်ပြုပေး
သတ္တိသွေး ရဲရင့်ကာ၊
သူရမချစ်ပို အတုယူလို့
စံပြုလို့သာ၊
အမျိုးဘာသာ သာသနာ
စောင့်ထိန်းကာ မြန်မာတို့၊
ထွန်းတောက်သူ အမျိုးသမီးလူထု
(အားလုံးကိုကွယ်)
ဂုဏ်ပြုကြစို့။ ။

**ပန်းမာလာ**

# နိုင်ငံတကာ သတင်းများ

## အမေရိကန်နိုင်ငံ၏ တစ်ဖက်သတ်ဖိအားပေးမှုကို တုံ့ပြန်မည်ဟု တရုတ်နိုင်ငံခြားရေးဝန်ကြီးပြောကြား

ပေကျင်း မတ် ၇

သွင်းကုန်စည်းကြပ်မှုပြဿနာ၊ ဖန်တနိုင်း မူးယစ်ဆေးပြဿနာများနှင့်ပတ်သက်၍ အမေရိကန်နိုင်ငံ၏ဖိအားပေးမှုကို တရုတ်နိုင်ငံက ပြတ်ပြတ်သားသား တုံ့ပြန်မည်ဖြစ်ကြောင်း တရုတ်နိုင်ငံခြားရေးဝန်ကြီး ဝမ်ယိက ယနေ့တွင်ပြောကြားလိုက်သည်။

ကုန်သွယ်ရေးပြဿနာ၊ ဖန်တနိုင်းပြဿနာများနှင့်ပတ်သက်၍ တစ်ဖက်သတ်ဖိအားပေးလာမှုများကို တရုတ်နိုင်ငံအနေဖြင့် ပြတ်ပြတ်သားသား တုံ့ပြန်မည်ဖြစ်ကြောင်း တရုတ်နိုင်ငံခြားရေးဝန်ကြီးဝမ်ယိကပြောကြားခဲ့သည်။

ပေကျင်းမြို့၌ကျင်းပနေသည့် အမျိုးသားပြည်သူ့ကွန်ဂရက်ညီလာခံကာလ သတင်းစာရှင်းလင်းပွဲတစ်ရပ်တွင် တရုတ်နိုင်ငံခြားရေးဝန်ကြီးက ထိုကဲ့သို့ပြောကြားခဲ့ခြင်းဖြစ်သည်။

ထို့ပြင် အဓိက ကမ္ဘာ့အင်အားကြီးနိုင်ငံများအနေဖြင့် အားနည်းသူများကို အနိုင်မကျင့်သင့်ကြောင်းကိုလည်း တရုတ်နိုင်ငံခြားရေးဝန်ကြီးဝမ်ယိက သမ္မတဒေါ်နယ်ထရန့်၏နိုင်ငံခြားရေးမူဝါဒများနှင့် ပတ်သက်၍ ရည်ညွှန်းဝေဖန်ခဲ့သည်။

သမ္မတဒေါ်နယ်ထရန့်ဦးဆောင်သော အမေရိကန်အစိုးရအဖွဲ့သည် ယခုရက်သတ္တပတ်အတွင်း တရုတ်ပို့ကုန်များအပေါ် ၁၀ ရာခိုင်နှုန်း ထပ်ဆောင်း၍ အခွန်စည်းကြပ်ထားသည်။

အမေရိကန် နိုင်ငံအတွင်းသို့ ဖန်တနိုင် မူးယစ်ဆေးများဝင်ရောက်မှုကို ထိထိရောက်ရောက် တားဆီးပေးမှုမရှိခဲ့ကြောင်း စွပ်စွဲချက်ဖြင့် တရုတ်ကုန်ပစ္စည်းများအပေါ် အမေရိကန်အစိုးရက သွင်းကုန်ခွန် ထပ်ဆောင်းစည်းကြပ်မှု ပြုလုပ်ထားခြင်းဖြစ်ကြောင်း သိရသည်။

Ref : Xinhua

Trs : KKO



## သမ္မတယွန်းဆွတ်ယိုးအတွက်ထုတ်ပြန်ထားသည့် ဖမ်းဝရမ်းကို တောင်ကိုရီးယားတရားရုံး ပယ်ဖျက်

ဆိုးလ် မတ် ၇

လွှတ်တော်၏ စွပ်စွဲပြစ်တင်မှုခံထားရသော တောင်ကိုရီးယားသမ္မတ ယွန်းဆွတ်ယိုးအတွက် ထုတ်ပြန်ထားသည့် ဖမ်းဝရမ်းကို ဆိုးလ်အလယ်ပိုင်းခရိုင်တရားရုံးက ယနေ့တွင် ပယ်ဖျက်ပေးခဲ့ကြောင်း သိရသည်။

ဆိုးလ်အလယ်ပိုင်းခရိုင်တရားရုံးက ဖမ်းဝရမ်းကိုပယ်ဖျက်ပေးခဲ့ပြီးနောက် သမ္မတယွန်းဆွတ်ယိုးအနေဖြင့် အကျဉ်းထောင်မှ ပြန်လည် လွှတ်မြောက်လာတော့မည်ဖြစ်သည်။

သမ္မတယွန်းဆွတ်ယိုးကို ပြီးခဲ့သည့်နှစ် ဒီဇင်ဘာ ၃ ရက်က စစ်အုပ်ချုပ်ရေးဥပဒေပြဋ္ဌာန်းရန်ကြိုးစားမှုဖြင့် တောင်ကိုရီးယားအမျိုးသားလွှတ်တော်က စွပ်စွဲပြစ်တင်မှုပြုလုပ်ခဲ့ပြီး သမ္မတအာဏာများကို ရပ်သိမ်းခဲ့သည်။

ထို့ပြင် အစိုးရအဖွဲ့ကိုဖြုတ်ချရန် ကြိုးပမ်းမှုစွဲချက် စုံစမ်းစစ်ဆေးမှုလုပ်ငန်းစဉ်များအရ တောင်ကိုရီးယားရဲတပ်ဖွဲ့သည် သမ္မတယွန်းဆွတ်ယိုးကို တရားရုံး၏ ဖမ်းဝရမ်းဖြင့် ဇန်နဝါရီ ၁၉ ရက်မှစ၍ ဖမ်းဆီးခဲ့သည်။

သို့ဖြစ်ရာ သမ္မတယွန်းဆွတ်ယိုးမှာ ရာဇဝတ်စွဲချက်တစ်ရပ်အတွက် ဖမ်းဆီးခံခဲ့ရသော ပထမဆုံးတောင်ကိုရီးယား တည်ဆဲသမ္မတဖြစ်လာခဲ့ရသည်။

သို့သော် တရားစွဲဆိုရေးလုပ်ငန်းစဉ်အရ သမ္မတယွန်းဆွတ်ယိုးအတွက် ထုတ်ပြန်ထားသည့် ဖမ်းဝရမ်းမှာ သက်တမ်းကုန်ခဲ့ပြီဖြစ်ကြောင်း ဆိုးလ်အလယ်ပိုင်းခရိုင်တရားရုံးကယနေ့တွင်ကြေညာချက်ထုတ်ပြန်ထားကြောင်း သိရသည်။

Ref : Xinhua

Trs : KKO

## အမေရိကန်နှင့် တောင်ကိုရီးယား ပူးတွဲစစ်ရေးလေ့ကျင့်မှု မြောက်ကိုရီးယားနိုင်ငံက ဝေဖန်ရှုတ်ချ



ဆိုးလ် မတ် ၇

အမေရိကန်နိုင်ငံနှင့် တောင်ကိုရီးယားနိုင်ငံတို့က ပြုလုပ်သည့် နှစ်စဉ်ပူးတွဲစစ်ရေးလေ့ကျင့်မှုကို မြောက်ကိုရီးယားနိုင်ငံက ယနေ့တွင် ဝေဖန်ရှုတ်ချခဲ့ကြောင်း သိရသည်။

အမေရိကန်နှင့် တောင်ကိုရီးယားတို့၏ ပူးတွဲစစ်ရေးလေ့ကျင့်မှုများကြောင့် ကိုရီးယားကျွန်းဆွယ်ဒေသ၌ အခြေအနေများ ပိုမိုတင်းမာလာနိုင်ကြောင်း မြောက်ကိုရီးယားအစိုးရ၏ ကေစီအင်န်အေသတင်းဌာနက သတင်းထုတ်ပြန်ထားသည်။

ဖရီးဒမ်းရှီးလ် ပူးတွဲစစ်ရေးလေ့ကျင့်မှုသည် လာမည့် မတ် ၂၀ ရက်တွင် ပြီးဆုံးမည်ဖြစ်ကြောင်း အမေရိကန်နှင့်တောင်ကိုရီးယားစစ်ဘက်တို့က ကြေညာထားသည်။

မြောက်ကိုရီးယားနိုင်ငံသည် အမေရိကန်နိုင်ငံနှင့် တောင်ကိုရီးယားနိုင်ငံတို့၏ ပူးတွဲစစ်ရေးလေ့ကျင့်မှုများကို ကျူးကျော်စစ်အတွက် ဇာတ်တိုက်မှုအဖြစ် မှတ်ယူထားသည်။

အမေရိကန်နှင့် တောင်ကိုရီးယားတို့၏ နှစ်စဉ် ပူးတွဲစစ်ရေးလေ့ကျင့်မှုများကို မြောက်ကိုရီးယားနိုင်ငံက လက်နက်စမ်းသပ်မှုများဖြင့် တုံ့ပြန်လေ့ရှိကြောင်း သိရသည်။

Ref : RT

Trs : KKO

## ပြည်ပနိုင်ငံများ၌ ဖွင့်လှစ်ထားသော ကောင်စစ်ဝန်ရုံး တစ်ဒါဇင်ခန့်ကို အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဌာနက ပိတ်သိမ်းရန်ပြင်ဆင်



နယူးယောက် မတ် ၇

ပြည်ပနိုင်ငံများ၌ ဖွင့်ထားသည့် ကောင်စစ်ဝန်ရုံးများအနက် တစ်ဒါဇင်ခန့်ကို လာမည့်လများအတွင်း ပိတ်သိမ်းရန် အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဌာနက ပြင်ဆင်နေကြောင်း မတ် ၆ ရက်သတင်းများတွင်ဖော်ပြထားသည်။

အမေရိကန် နိုင်ငံခြားရေးဝန်ကြီးဌာနက ပိတ်သိမ်းမည့် ကောင်စစ်ဝန်ရုံးများအနက် အများစုမှာ အနောက်ဥရောပနိုင်ငံများ၌ ဖွင့်ထားသော ကောင်စစ်ဝန်ရုံးများဖြစ်ကြောင်း အမေရိကန်တာဝန်ရှိသူများက ပြောကြားထားသည်။

ထို့ပြင် အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဌာနအနေဖြင့် ကမ္ဘာတစ်ဝန်းရှိ လုပ်သားအင်အားကို လျှော့ချရန်လည်း စဉ်းစားနေကြောင်း သိရသည်။

သမ္မတ ဒေါ်နယ်ထရန့်ဦးဆောင်သော အမေရိကန်အစိုးရအဖွဲ့သစ်သည် အမေရိကန်နိုင်ငံသား သံတမန်ဝန်ထမ်းအင်အားနှင့် ဌာနေနိုင်ငံသားဝန်ထမ်းအင်အား နှစ်မျိုးစလုံးကိုလျှော့ချရန် ကမ္ဘာတစ်ဝန်းရှိ အမေရိကန်သံရုံးများကို ညွှန်ကြားထားပြီးဖြစ်သည်။

သမ္မတ ဒေါ်နယ်ထရန့်နှင့် တက်စလာကုမ္ပဏီ အကြီးအကဲ အီလွန်မက်စ်တို့သည် အမေရိကန်အစိုးရ ဖက်ဒရယ်ဌာနများ၏ အသုံးစရိတ်များကို လျှော့ချရေးအတွက် ကြိုးပမ်းလျက်ရှိသည်။

အမေရိကန် နိုင်ငံခြားရေးဝန်ကြီးဌာနကပိတ်သိမ်းမည့်ပြည်ပကောင်စစ်ဝန်ရုံးများထဲတွင် ဘရာဇီးနိုင်ငံနှင့် ပေါ်တူဂီနိုင်ငံတို့မှ ကောင်စစ်ဝန်ရုံးများလည်း ပါဝင်ကြောင်း သိရသည်။

Ref : RT

Trs : KKO

## တောင်အာဖရိက၌ ကြံ့များအမဲလိုက်သတ်ဖြတ်ခံရမှု ၂၀၂၄ ခုနှစ်အတွင်း ကျဆင်းခဲ့

ဂျိုဟန်နက်စဘတ် မတ် ၇

တောင်အာဖရိကနိုင်ငံ၌ ၂၀၂၄ ခုနှစ်အတွင်း ကြံ့သတ္တဝါများ အမဲလိုက် သတ်ဖြတ်ခံရမှုနှုန်း ကျဆင်းခဲ့ကြောင်း တောင်အာဖရိက သဘာဝပတ်ဝန်းကျင်ရေးရာဝန်ကြီးဌာနက မတ် ၆ ရက်တွင် သတင်းထုတ်ပြန်ထားသည်။

၂၀၂၄ ခုနှစ်အတွင်း တောင်အာဖရိကနိုင်ငံ၌ ကြံ့သတ္တဝါများ အမဲလိုက်သတ်ဖြတ်ခံရမှုမှာ ၂၀၂၃ ခုနှစ်ကထက် ၁၆ ရာခိုင်နှုန်း ကျဆင်းခဲ့ပြီး ကောင်ရေ ၄၂၀ သတ်ဖြတ်ခံခဲ့ရကြောင်း တောင်အာဖရိက သဘာဝပတ်ဝန်းကျင်ရေးရာဝန်ကြီးဌာန ကြေညာချက်တွင် ဖော်ပြထားသည်။



နှိုင်းယှဉ်ကြည့်ပါက ၂၀၂၃ ခုနှစ်အတွင်း တောင်အာဖရိကနိုင်ငံတစ်ဝန်း၌ ကြံ့ကောင်ရေ ၄၉၉ ကောင်အထိ အမဲလိုက်သတ်ဖြတ်ခံခဲ့ရကြောင်း သိရသည်။

၂၀၂၄ ခုနှစ်အတွင်း အမဲလိုက်သတ်ဖြတ်ခံခဲ့ရသော ကြံ့များအနက် ကောင်ရေ ၃၂၀ မှာ အစိုးရသစ်တောမြေများ၌ သတ်ဖြတ်ခံခဲ့ရခြင်းဖြစ်ပြီး ကောင်ရေ ၁၀၀ မှာ ပုဂ္ဂလိကသစ်တောမြေများ၌ သတ်ဖြတ်ခံခဲ့ရခြင်းဖြစ်သည်။

မျိုးတုန်း ပျောက်ကွယ်မည့် အန္တရာယ်ရှိသော အာဖရိကကြံ့မည်းများအနက် ကောင်ရေထက်ဝက်ခန့်မှာ တောင်အာဖရိကနိုင်ငံ၌ ရှင်သန်ကျက်စားလျက်ရှိသည်။

တောင်အာဖရိကနိုင်ငံတွင်းရှိ ကြံ့များမှာ ကြံ့ချိုမှောင်ခိုလုပ်ငန်းများကြောင့် နှစ်စဉ်အမဲလိုက်သတ်ဖြတ်ခံနေရကြောင်း သိရသည်။

Ref : RT


Trs : KKO

# SCIENCE AND TECHNOLOGY

## ကမ္ဘာပေါ်တွင်တည်ရှိသည့်ရေဓာတ်များက စကြဝဠာစတင်ဖွဲ့စည်းခါစကပင်ရှိခဲ့







**လန်ဒန် မတ် ၇**

ကမ္ဘာပေါ်တွင် တည်ရှိသည့် ရေဓာတ်များ၏ မူလအစသည် စကြဝဠာ စတင်ဖွဲ့စည်းခါစကပင်ရှိခဲ့ကြောင်း သိပ္ပံပညာရှင်များ၏ အဆိုကိုကိုးကား၍ မတ် ၆ ရက် သတင်းများအရ သိရသည်။

ဗြိတိန်နိုင်ငံ ပို့မောက်တက္ကသိုလ်မှ သိပ္ပံပညာရှင်များ၏ အဆိုအရ Big Bang ခေါ် မဟာပေါက်ကွဲမှုကြီး ဖြစ်ပွားခဲ့ပြီး နှစ်သန်း ၁၀၀ နှင့် ၂၀၀ ကြားကာလမှာပင် ရေဓာတ်စတင်ဖြစ်ပေါ်လာခဲ့ကြောင်း သိရသည်။

ကွန်ပျူတာစံပြပုံစံများဖန်တီးလေ့လာမှုအရ စကြဝဠာ၏ ပထမဆုံးကြယ်များပြိုကွဲ၍ ကြယ်ပေါက်ကွဲမှုကြီးများ ဖြစ်ပွားခဲ့ချိန်ကာလကပင် ရေဓာတ်စတင်ပေါ်ထွက်ခဲ့ခြင်းဖြစ်နိုင်ကြောင်း၊ စကြဝဠာခေတ်ဦး ကြယ်ပေါက်ကွဲမှုများမှပေါ်ထွက်လာသည့် အောက်ဆီဂျင်များအေးမြလာပြီး ပတ်ဝန်းကျင်ရှိ ဟိုက်ဒရိုဂျင်များနှင့်ပေါင်းစည်းမိချိန်တွင် ရေဓာတ်စတင်ပေါ်ထွက်လာနိုင်သည်ဟု ဗြိတိန်သိပ္ပံပညာရှင်များက ပြောကြားကြောင်း သိရသည်။

ကမ္ဘာပေါ်ရှိ သက်ရှိများရှင်သန်နိုင်ရေးအတွက် အရေးကြီးသည့် ရေဓာတ်စတင်ပေါ်ထွက်လာချိန်တွင် မူလမျှော်လင့်ထားသည်ထက် နှစ်ပေါင်း ဘီလီယံများစွာ ပို၍စောနိုင်ကြောင်း သိပ္ပံပညာရှင်များက သုံးသပ်ထားသည်။

ကမ္ဘာဂြိုဟ်မျက်နှာပြင်၏ ၇၀ ရာခိုင်နှုန်းကို ရေများဖုံးလွှမ်းထားသော်လည်း ကမ္ဘာပေါ်သို့မည်သည့်အချိန်တွင် ရေဓာတ်ရောက်ရှိလာသည်ဆိုသောအချက်မှာသိပ္ပံပညာရှင်များကြား ငြင်းခုံနေဆဲအချက်ဖြစ်ကြောင်း သိရသည်။

Ref : Russia Today

Trs : KKO

## ခရီတေးရီးယပ်စ်ဘူမိခေတ်ဦးတွင် ရှင်သန်ခဲ့သည့် ကမ္ဘာဦးကင်းမြီးကောက် တစ်ကောင်၏ကျောက်ဖြစ်ရုပ်ကြွင်းကို တရုတ်နိုင်ငံ၌ တူးဖော်တွေ့ရှိ

**ပေကျင်း မတ် ၇**

ဒိုင်နိုဆော သတ္တဝါများနှင့်အတူ ခရီတေးရီးယပ်စ်ဘူမိခေတ်ဦးတွင် ရှင်သန်ခဲ့သည့် ကမ္ဘာဦးကင်းမြီးကောက် တစ်ကောင်၏ ကျောက်ဖြစ်ရုပ်ကြွင်းကို တရုတ်နိုင်ငံ၌ သိပ္ပံပညာရှင်များက တူးဖော်တွေ့ရှိထားကြောင်း မတ် ၆ ရက် သတင်းများအရ သိရသည်။

Jeholia Longchengi ဟူ၍ အမည်ပေးထားသော အဆိုပါ ကင်းမြီးကောက် ကျောက်ဖြစ်ရုပ်ကြွင်းကို တရုတ်နိုင်ငံ အရှေ့မြောက်ပိုင်း ယီရှန်းကျောက်လွှာ နယ်မြေတွင် တူးဖော်တွေ့ရှိခဲ့ရခြင်းဖြစ်သည်။

Jeholia Longchengi ကင်းမြီးကောက်များသည် ခရီတေးရီးယပ်စ် ဘူမိခေတ်ဦးပိုင်း လွန်ခဲ့သောနှစ်ပေါင်း ၁၃၃ သန်းနှင့် သန်း ၁၂၀ ကြားတွင် ရှင်သန်ခဲ့ကြသည့် ကင်းမြီးကောက်များ ဖြစ်ကြသည်။





Jeholia Longchengi ကင်းမြီးကောက်များ၏ အရွယ်အစားမှာ ကိုယ်ခန္ဓာအလျား လေးလက်မ ထိရှိရာ ရှေးခေတ်နှင့် ခေတ်သစ် ကင်းမြီးကောက် အတော်များများထက် အရွယ်အစား ပိုကြီးမားကြောင်း သိရသည်။

နှိုင်းယှဉ်ကြည့်ပါက မီဆိုဇိုးအစ် ဘူမိခေတ် ကင်းမြီးကောက်များမှာ Jeholia Longchengi ကင်းမြီးကောက် အရွယ်အစား၏ ထက်ဝက်မျှသာရှိကြောင်း သိရသည်။

Jeholia Longchengi ကင်းမြီးကောက်သည် တရုတ်နိုင်ငံ၌ တူးဖော်တွေ့ရှိရသည့် စတုတ္ထမြောက် ကုန်းနေကင်းမြီးကောက် ကျောက်ဖြစ်ရုပ်ကြွင်းဖြစ်ကြောင်း သိရသည်။

Ref : Xinhua News

Trs : KKO

## ကွီပါခါးပတ်ကွင်းနယ်မြေအတွင်း သုံးစင်းတွဲဂြိုဟ်သိမ်စနစ်ဖြစ်ဖွယ်ရှိသော ဂြိုဟ်သိမ်စနစ်တစ်ခုကို ရှာဖွေတွေ့ရှိထား

**ဝါရှင်တန် မတ် ၇**

အမေရိကန်အစိုးရ အမျိုးသားလေကြောင်းနှင့် အာကာသစီမံခန့်ခွဲရေးအေဂျင်စီ (နာဆာ)၏ ဟက်ဘယ် အာကာသရေဒီယိုတယ်လီစကုပ်သည် ကွီပါခါးပတ်ကွင်းနယ်မြေအတွင်း သုံးစင်းတွဲ ဂြိုဟ်သိမ်စနစ် ဖြစ်ဖွယ်ရှိသော ဂြိုဟ်သိမ်စနစ်တစ်ခုကို ရှာဖွေတွေ့ရှိထားကြောင်း မတ် ၆ ရက် သတင်းများတွင် ရေးသားဖော်ပြထားသည်။

အကယ်၍ မှန်ကန်ကြောင်း အတည်ပြုနိုင်ပါက ၎င်းဂြိုဟ်သိမ်စနစ်သည် ကွီပါခါးပတ်ကွင်းအတွင်း ရှာဖွေတွေ့ရှိရသော ဒုတိယမြောက် သုံးစင်းတွဲကြယ်စနစ်ဖြစ်လာလိမ့်မည်ဖြစ်သည်။

148780 Altjira ဟူ၍အမည်ပေးထားသော အဆိုပါသုံးစင်းတွဲဂြိုဟ်သိမ်စနစ်သည် ဒြပ်ဆွဲအားဖြင့် တစ်စင်းနှင့်တစ်စင်း နှောင်ဖွဲ့ထားသည့် သုံးစင်းတွဲဂြိုဟ်သိမ်စနစ်များ အာကာသဟင်းလင်းပြင်အတွင်းဘက်သို့အတူတကွရွေ့လျားတတ်ကြသည်ကို လေ့လာဖော်ထုတ်ရာတွင် အထောက်အကူပြုနိုင်ကြောင်း အမေရိကန်သိပ္ပံပညာရှင်များက ပြောကြားသည်။

ကွီပါခါးပတ်ကွင်း နယ်မြေအတွင်းရှိ ပထမဆုံးသုံးစင်းတွဲ ဂြိုဟ်သိမ်စနစ်ကို အမေရိကန် သိပ္ပံပညာရှင်များက ၁၉၉၂ ခုနှစ်တွင် တွေ့ရှိခဲ့ပြီး 1992 QB 1 ဟူ၍ အမည်ပေးထားသည်။

148780 Altjira သုံးစင်းတွဲဂြိုဟ်သိမ်စနစ်ကို နေနှင့်မိုင်ပေါင်း ၃ ဒသမ ၇ ဘီလီယံအကွာ ကွီပါခါးပတ်ကွင်းနယ်မြေ၏ အလယ်ပိုင်းတွင် ဟက်ဘယ်အာကာသရေဒီယိုတယ်လီစကုပ်က တွေ့ရှိခဲ့ခြင်းဖြစ်သည်။

Ref : Sputnik News

Trs : KKO

# HEALTH

## သုက်ပိုးအရည်အသွေးမြင့်မားသူများက နိမ့်ပါးသူများထက် သုံးနှစ်ခန့် အသက်ပိုရှည်နိုင်

**ကိုပင်ဟေဂင် မတ် ၇**

သုက်ပိုးကောင်းအရည်အသွေးမြင့်မားသည့် အမျိုးသားများသည် သုက်ပိုးအရည်အသွေး နိမ့်ပါးသည့် အမျိုးသားများထက် သုံးနှစ်ခန့်ထိ အသက်ပိုရှည်နိုင်ကြောင်း သုတေသနပညာရှင်၏အဆိုကိုကိုးကား၍ မတ် ၆ ရက် သတင်းများအရ သိရသည်။

ဒိန်းမတ်နိုင်ငံ ကိုပင်ဟေဂင် တက္ကသိုလ်ဆေးရုံမှ သုတေသနပညာရှင်များသည် အသက် ၅၀ အထက် အမျိုးသား ၈၀၀၀၀ တို့၏ သုက်ပိုး အရည်အသွေးများကို လေ့လာခဲ့ကြသည်။

လေ့လာချက်မှ ပေါ်ထွက်လာသည့်ရလဒ်များအရ ရွေ့လျားကူးစက်နိုင်သည့် သုက်ပိုးအရေအတွက် သန်း ၁၂၀ ကျော်ထိရှိထားသူ အမျိုးသားများသည် ငါးသန်းအောက်သာရှိသူ အမျိုးသားများထက် အသက် သုံးနှစ်ခန့်ထိ ပိုရှည်နိုင်ကြောင်း သုတေသနပညာရှင်များက ပြောကြားသည်။

သုက်ပိုးအရည်အသွေးနိမ့်ပါးမှုသည် အမျိုးသားများ၏ မျိုးဆက်ပွားကျန်းမာရေးပြဿနာများနှင့် အထွေထွေကျန်းမာရေးတို့အပေါ် အကျိုးသက်ရောက်မှု ရှိနေနိုင်ကြောင်း ဒိန်းမတ် သုတေသနပညာရှင်များက ပြောကြားသည်။

ဒိန်းမတ် သုတေသနပညာရှင်များ၏ လေ့လာတွေ့ရှိချက်အရ ရွေ့လျားကူးစက်နိုင်သော သုက်ပိုးအရေအတွက် သန်း ၁၂၀ ကျော်ရှိသော အမျိုးသားများသည် သုညနှင့် ငါးသန်းကြားထိသာ ရှိသောအမျိုးသားများထက် ဘဝသက်တမ်း ၂ ဒသမ ၇ နှစ်ထိ ပိုရှည်လာနိုင်ကြောင်း သိရသည်။

Ref : Sputnik News

Trs : KKO

## သက်ကြီးပိုင်းများ အိပ်မရမှုပြဿနာကို အလေးမလေ့ကျင့်ခန်းဖြင့် လျှော့ချနိုင်

**ဗန်ကောက် မတ် ၇**

အလေးမလေ့ကျင့်ခန်းပြုလုပ်ပေးခြင်းဖြင့် သက်ကြီးပိုင်းများ အိပ်မရနိုင်မှုပြဿနာကို လျှော့ချနိုင်ကြောင်း သုတေသန ပညာရှင်များ၏ အဆိုကိုကိုးကား၍ မတ် ၆ ရက်သတင်းများအရ သိရသည်။

အလေးမခြင်းကဲ့သို့ ကြွက်သား တည်ဆောက်မှုလေ့ကျင့်ခန်းများသည် လူတစ်ဦး၏ အိပ်စက်နိုင်စွမ်းကို မြှင့်တင်ပေးနိုင်ကြောင်း ထိုင်းနိုင်ငံ မဟီဒေါတက္ကသိုလ် ဆေးပညာဌာနမှ သုတေသန ပညာရှင်များ၏ အဆိုအရ သိရသည်။

လမ်းသွက်သွက်လျှောက်ခြင်းကဲ့သို့ လေ့ကျင့်ခန်းများသည် သက်ကြီးပိုင်းများ၏ အိပ်မရနိုင်မှုပြဿနာကို လျှော့ချပေးနိုင်သော်လည်း အလေးမလေ့ကျင့်ခန်းများကဲ့သို့ ထိရောက်မှုမရှိကြောင်း သုတေသန ပညာရှင်များက ပြောကြားသည်။

ထိုင်းသုတေသနပညာရှင်များသည် အသက် ၆၀ အထက် လူပေါင်း ၂၀၀၀ ကျော်ပါဝင်သည့် လေ့လာချက်ပေါင်း ၂၄ ခုတို့မှရရှိသည့် အချက်အလက်များကို လေ့လာစိစစ်ခဲ့ကြသည်။

လေ့လာချက်မှပေါ်ထွက်လာသည့်ရလဒ်များအရ အလေးမလေ့ကျင့်ခန်းသည် သက်ကြီးပိုင်းများ၏ အိပ်မရနိုင်မှုပြဿနာကို လျှော့ချရာတွင် အခြားလေ့ကျင့်ခန်းပုံစံများထက် ပို၍ထိရောက်သည်ကို တွေ့ရသည်ဟု သုတေသနပညာရှင်များက ပြောကြားကြောင်း သိရသည်။

Ref : Russia Today

Trs : KKO



# နိုင်ငံတကာ အားကစားသတင်းများ

## လာမည့် ၂၀၃၀ ပြည့်နှစ်ကမ္ဘာ့ဖလားတွင် အသင်း ၆၄ သင်းထိတိုးမြှင့်ရန် ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ် စီစဉ်နေ

**ဇူးရစ်ချ် မတ် ၇**

ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ်သည် ပြီးခဲ့သည့် ကြာသပတေးနေ့က ကျင်းပခဲ့သည့် အစည်းအဝေးတွင် လာမည့် ၂၀၃၀ ပြည့်နှစ် ကမ္ဘာ့ဖလားပြိုင်ပွဲတွင် အသင်း ၆၄ သင်းထိ တိုးမြှင့်ကစားရန် ဆုံးဖြတ်ခဲ့ကြောင်း သိရသည်။

လာမည့် ၂၀၂၆ ကမ္ဘာ့ဖလားပြိုင်ပွဲကို အမေရိကန်၊ မက္ကဆီကို၊ ကနေဒါနိုင်ငံတို့တွင် ကျင်းပသွားမည်ဖြစ်ပြီး ပြိုင်ပွဲဝင်အသင်း ၃၂ သင်းမှ ၄၈ သင်းထိ ပထမဆုံးအကြိမ် တိုးမြှင့်ထားပြီး ၂၀၃၄ ကမ္ဘာ့ဖလားပြိုင်ပွဲကို ဆော်ဒီအာရေဗျနိုင်ငံက အိမ်ရှင်အဖြစ် ကျင်းပခွင့်ရရှိရန် သေချာနေကြောင်း သိရသည်။

ဖီဖာဥက္ကဋ္ဌ အင်ဖာတီနိုက အဆိုပါအစည်းအဝေးတွင် ၎င်းတာဝန်ယူထားသည့် ကိုးနှစ်တာကာလအတွင်း ပထမဆုံးအကြိမ် ၃၂ သင်းမှ ၄၈ သင်းထိ တိုးမြှင့်ကျင်းပနိုင်ခဲ့ကြောင်း ပြောကြားခဲ့ပြီးနောက် ဘဏ္ဍာငွေတိုးတက်ရရှိရေးအတွက် ၂၀၃၀ ပြည့်နှစ်ကမ္ဘာ့ဖလား ပြိုင်ပွဲတွင်လည်း အသင်း ၆၄ သင်းထိ တိုးမြှင့်ကျင်းပရန် စီစဉ်ထားသကဲ့သို့ ပြိုင်ပွဲကျင်းပချိန်ကို ရက်သတ္တပတ်ထိ ကျင်းပရမည်ဖြစ်ကြောင်း ဆက်လက်ပြောကြားခဲ့သည်။

လက်ရှိတွင် အသင်းတိုးမြှင့်ကျင်းပမည့်အစီအစဉ်ကို တရားဝင်ကြေညာခြင်း မရှိသေးသည့်အပြင် အိမ်ရှင်အဖြစ် ကျင်းပခွင့်ရထားသည့်နိုင်ငံများက အသင်းတိုးမြှင့်မည့်အစီအစဉ်ကို တုံ့ပြန်မှုမရှိသေးသော်လည်း ဥက္ကဋ္ဌ အင်ဖာတီနိုက အကောင်အထည်ဖော်နိုင်ရန် ဆက်လက် ကြိုးပမ်းသွားမည်ဖြစ်ကြောင်း သိရသည်။ **Ref : Espn**

**Trs : ML**

## Indian Wells တင်းနစ်ပြိုင်ပွဲ ပထမအဆင့်တွင် အမ်မာရာဒူကာနူက အူချီဂျီမာကို ရှုံးနိမ့်

**အင်ဒီးယန်းဝဲလ်စ် မတ် ၇**

အမေရိကန်နိုင်ငံ ကယ်လီဖိုးနီးယားပြည်နယ် အင်ဒီးယန်းဝဲလ်စ်မြို့တွင် ကျင်းပနေသည့် Indian Wells တင်းနစ်ပြိုင်ပွဲ ပထမအဆင့် ပွဲစဉ်တစ်ပွဲအဖြစ် ဗြိတိန်တင်းနစ်မယ် အမ်မာရာဒူကာနူနှင့် ဂျပန်တင်းနစ်မယ် အူချီဂျီမာတို့ ယှဉ်ပြိုင်ကစားခဲ့ရာ အူချီဂျီမာက (၆-၃၊ ၆-၂) ရလဒ်ဖြင့် အနိုင်ရရှိကာ ဒုတိယအဆင့်သို့ တက်ရောက်ခဲ့ကြောင်း ယနေ့တွင် ဖော်ပြခဲ့သည်။

အမ်မာအနေဖြင့် ပြိုင်ပွဲအတွက် ပြင်ဆင်မှုများပြုလုပ်ထားသော်လည်း ပထမအဆင့်၌ပင် ပြတ်သားသည့် ရလဒ်များဖြင့် ရှုံးနိမ့်ခဲ့ရသည်။

အမ်မာရာဒူကာနူက "ကျွန်မအတွက် တော်တော်လေးကို ခက်ခဲတဲ့ပွဲစဉ်ဖြစ်ပါတယ်။ ပြိုင်ဘက်ကစားသမားရဲ့ ကစားပုံက တော်တော်လေးကို ကောင်းမွန်ခဲ့သလို သူ့ဆီကလာတဲ့ဘောလုံးကို ထိန်းသိမ်းဖို့က အရမ်းကို ခက်ခဲနေခဲ့တယ်။ အခုကာလဟာ ကျွန်မအတွက်တော့ ခက်ခဲတဲ့အခြေအနေကိုဖြတ်သန်းနေရတဲ့ ကာလဖြစ်ပါတယ်။ ဒီလိုခက်ခဲတဲ့အခြေအနေကို အကောင်းဆုံးကျော်ဖြတ်နိုင်လိမ့်မယ်လို့ ကျွန်မယုံကြည်တယ်။ အကောင်းဆုံးပုံစံနဲ့ ကျွန်မပြန်လာနိုင်အောင် ကြိုးစားသွားမှာပါ"ဟု ပြောကြားခဲ့ကြောင်း သိရသည်။**Ref : Xinhua**

**Trs : AZL**

## အားကစားသတင်းအတိုအထွာများ

- ချဲလ်ဆီးအသင်းက ဘာစီလိုနာအသင်း ကစားသမား ကာဆာဒိုကို ခေါ်ယူရန်အတွက် မန်ယူအသင်းနှင့် ယှဉ်ပြိုင်သွားမည်ဖြစ်ကြောင်း ပြောကြားခဲ့ပြီး ကစားသမားအတွက် ပြောင်းရွှေ့ကြေး ယူရို ၈၆ သန်းထိအသုံးပြုရန် လျာထားကြောင်း သိရသည်။
- ရီးရဲလ်မက်ဒရစ်က ကွင်းလယ်ခံစစ်ပိုင်းလိုအပ်ချက်အတွက် ဖရန့်ဖတ်အသင်း ကွင်းလယ်ကစားသမား ဟူဂိုလာဆန်ကို ခေါ်ယူရန်ပစ်မှတ်ထားနေပြီး ၎င်းကိုတိုနီခရုစ်လက်သစ်အဖြစ် တင်စားထားကြောင်း သိရသည်။

**ML**

## တိုက်စစ်မှူး ဆိုလန်ကီ ဒဏ်ရာထပ်မံရရှိခဲ့ကြောင်း စပါးအသင်းထုတ်ပြန်




**လန်ဒန် မတ် ၇**

တိုက်စစ်မှူး ဆိုလန်ကီသည် ဒူးဒဏ်ရာကြောင့် ရက်သတ္တပတ်ခန့် အနားယူခဲ့ရပြီးနောက် ဒဏ်ရာပြန်လည်ကောင်းမွန်ချိန်တွင် ပထမဆုံး ပြန်လည်ပါဝင်ကစားခဲ့သည့် အယ်ခမာအသင်းနှင့် ယူရိုပါလိဂ်ပွဲစဉ်တွင် ဒဏ်ရာထပ်မံရရှိခဲ့ကြောင်း စပါးအသင်းက ထုတ်ပြန်ခဲ့သည်။

ဆိုလန်ကီသည် ပြီးခဲ့သည့် ဇန်နဝါရီလလယ်က ကစားခဲ့သည့် ပွဲစဉ်တွင် ဒူးဒဏ်ရာရရှိခဲ့သဖြင့် ၄၅ ရက်ကြာ အနားယူခဲ့ရကာ အသင်း၏ ပွဲစဉ် ၁၀ ပွဲထိ လွဲချော်ခဲ့ပြီး အသင်းအနေဖြင့်လည်း ၎င်းပါဝင်နိုင်ခြင်းမရှိသည့် ပွဲစဉ်များတွင် ငါးပွဲနိုင်၊ ငါးပွဲရှုံးရလဒ် ထွက်ပေါ်ခဲ့သကဲ့သို့ ယခုအခါ အသင်းနှင့် ပြန်လည်ပူးပေါင်းနိုင်သည့်အတွက် ဒုတိယပိုင်း ပွဲကစားချိန် ၇၂ မိနစ်တွင် ဆွန်ဟောင်မင်နှင့် လူစားလဲခဲ့သော်လည်း ပွဲကစားချိန် မိနစ် ၉၀ ကျော်တွင် ဒဏ်ရာထပ်မံရရှိခဲ့ပြီး လက်ရှိတွင် စစ်ဆေးမှုများ ပြုလုပ်နေသဖြင့် မည်သည့်ကာလထိ အနားယူရမည်ကို မသိရသေးကြောင်း သိရသည်။

၎င်းသည် ယခုနှစ်ဘောလုံးရာသီတွင် စပါးအသင်းအတွက် ၂၉ ပွဲ ပါဝင်ကစားပေးနိုင်ခဲ့ပြီး သွင်းဂိုး ၁၁ ဂိုးနှင့် ဂိုးဖန်တီးမှုခြောက်ကြိမ်ထိ ပြုလုပ်ခြေစွမ်းပြသနိုင်ခဲ့သော်လည်း ဩဂုတ်လ၊ စက်တင်ဘာလနှင့် ဇန်နဝါရီလတို့တွင် ဒဏ်ရာကြောင့် မကြာခဏ အနားယူခဲ့သည့်အတွက် ကြံ့ခိုင်မှုနှင့်ပတ်သက်၍ အသင်းတာဝန်ရှိသူများက စိုးရိမ်ခဲ့ပြီး ၎င်းနေရာတွင် အစားထိုးနိုင်ရန်အတွက် မက်သီတဲလ်ကို အငှားစာချုပ်ဖြင့် ခေါ်ယူခဲ့ရသည်။

အဆိုပါပွဲစဉ်တွင် စပါးအသင်းသည် ပွဲကစားချိန် ၁၈ မိနစ်တွင် ဘာ့ဗယ်၏ ကိုယ့်ဂိုးကို သွင်းယူမှုကြောင့် ဦးဆောင်ဂိုးခွင့်ပြုခဲ့ရပြီးနောက် ချေပဂိုးရရှိရေး ကြိုးပမ်းခဲ့သော်လည်း အယ်ခမာအသင်းခံစစ်ကြောင်းကို ကျော်ဖြတ်နိုင်ခြင်းမရှိဘဲ တစ်ဂိုး ဂိုးမရှိဖြင့် ရှုံးနိမ့်ခဲ့ရကြောင်း သိရသည်။

**Ref : Fotmob**

**Trs : ML**

## Arnold Palmer Invitational ဂေါက်သီးရိုက်ပြိုင်ပွဲ အမှတ်ပေးဇယားကို ဝိုင်ဟမ်ကလက်ခ် ဦးဆောင်




**ဖလော်ရီဒါ မတ် ၇**

အမေရိကန်နိုင်ငံ ဖလော်ရီဒါပြည်နယ်တွင် ကျင်းပနေသည့် Arnold Palmer Invitational ဂေါက်သီးရိုက်ပြိုင်ပွဲ ပထမနေ့အပြီးတွင် အမေရိကန်ဂေါက်သီးရိုက်ကစားသမား ဝိုင်ဟမ်ကလက်ခ်က သတ်မှတ်ရိုက်ချက်ထက် ငါးချက်လျော့ရိုက်ကာ အမှတ်ပေးဇယားကို ဦးဆောင်နေကြောင်း ယနေ့တွင် ဖော်ပြခဲ့သည်။

အမေရိကန် ဂေါက်သီးရိုက်ကစားသမား ကီဂန်ဘရက်ဒ်လေနှင့် အိုင်ယာလန်ဂေါက်သီးရိုက်ကစားသမား ရှိန်းလော်ရီတို့အပါအဝင် ပြိုင်ပွဲဝင် လေးဦးတို့က သတ်မှတ်ရိုက်ချက်ထက် သုံးချက်စီလျော့ရိုက်ကာ အမှတ်ပေးဇယား၏ ဒုတိယနေရာတွင် ပူးတွဲရပ်တည်လျက်ရှိသည်။

ကမ္ဘာ့အဆင့်(၁) နေရာတွင် ရပ်တည်နေသည့် အမေရိကန် ဂေါက်သီးရိုက် ကစားသမား စကော့တီရှက်ဖလာနှင့် မြောက်အိုင်ယာလန် ဂေါက်သီးရိုက်ကစားသမား မက်အီလ်ရွိုင်းတို့လည်း ပထမနေ့တွင် ရလဒ်ကောင်းများရရှိခဲ့ပြီး အမှတ်ပေးဇယားကို ဦးဆောင်နေသည့် ဝိုင်ဟမ်ကလက်ခ်အား ဖိအားပေးထားနိုင်ခဲ့သည်။

စကော့တီရှက်ဖလာက "ပထမနေ့မှာ အမှားလေးတွေတော့ရှိခဲ့ပါတယ်။ ဒါပေမဲ့ ရလဒ်ကတော့ အဆင်ပြေခဲ့တယ်။ နောက်ဆုံးနေ့အထိ အမှားအနည်းဆုံးဖြစ်အောင် ကစားနိုင်မှ ကျွန်တော့်အတွက် လက်ရှိချန်ပီယံဘွဲ့ကို ကာကွယ်နိုင်မဲ့ မှတ်တမ်းကောင်းတစ်ရပ်ကို ရရှိနိုင်မှာဖြစ်ပါတယ်"ဟု ပြောကြားခဲ့သည်။

ဝိုင်ဟမ်ကလက်ခ်က "ပြိုင်ပွဲမှာ ကြီးမားတဲ့စိန်ခေါ်မှုတွေနဲ့ ရင်ဆိုင်ရမယ်ဆိုတာကို ကြိုတွက်ပြီးသားပါ။ ပထမနေ့မှာတင် တော်တော်လေးကို အကြိတ်အနယ်ဖြစ်နေတယ်။ ပထမနေ့မှာ ဖိအားတွေ တော်တော်လေးများခဲ့တယ်။ ဒါပေမဲ့ ဖိအားတွေကို ကျွန်တော်အကောင်းဆုံး ကိုင်တွယ်ဖြေရှင်းနိုင်ခဲ့ပါတယ်" ဟု ပြောကြားခဲ့ကြောင်း သိရသည်။

**Ref : RT**

**Trs : AZL**

## မတ်လအတွက် ကမ္ဘာ့အဆင့်သတ်မှတ်ချက်တွင် မြန်မာ့လက်ရွေးစင် အမျိုးသမီးအသင်း ကမ္ဘာ့အဆင့် (၅၅) ၌ ရပ်တည်

**ရန်ကုန် မတ် ၇**

ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ် (ဖီဖာ) က မတ်လအတွက် လက်ရွေးစင် အမျိုးသမီးအသင်းများ၏ ကမ္ဘာ့အဆင့် သတ်မှတ်ချက်များကို ထုတ်ပြန်ခဲ့ရာ မြန်မာ့လက်ရွေးစင် အမျိုးသမီးအသင်းအနေဖြင့် ကမ္ဘာ့အဆင့်(၅၅) နေရာတွင် ဆက်လက်ရပ်တည်နိုင်ခဲ့ကြောင်း သိရသည်။

မတ်လအတွက် လက်ရွေးစင် အမျိုးသမီးအသင်းများ၏ ကမ္ဘာ့အဆင့်သတ်မှတ်ချက်တွင် မြန်မာ့လက်ရွေးစင် အမျိုးသမီးအသင်းသည် ရမှတ် ၁၄၈၄ မှတ်ဖြင့် ကမ္ဘာ့အဆင့် (၅၅)နေရာတွင် ဆက်လက်ရပ်တည်နိုင်ခဲ့ပြီး အာဆီယံအဆင့်(၄)နေရာတွင် ရပ်တည်လျက်ရှိသည်။


မတ်လအတွက် လက်ရွေးစင် အမျိုးသမီးအသင်းများ၏ ကမ္ဘာ့အဆင့် သတ်မှတ်ချက်များမှ အာဆီယံဇုန်တွင် ဗီယက်နမ်အသင်းက ကမ္ဘာ့အဆင့်(၃၇)ဖြင့် အာဆီယံအဆင့်(၁)၊ ဖိလစ်ပိုင်အသင်းက ကမ္ဘာ့အဆင့်(၄၁)ဖြင့် အာဆီယံအဆင့် (၂)၊ ထိုင်းအသင်းက ကမ္ဘာ့အဆင့်(၄၇)ဖြင့် အာဆီယံအဆင့်(၃)၊ အင်ဒိုနီးရှားအသင်းက ကမ္ဘာ့အဆင့်(၉၄)ဖြင့် အာဆီယံ အဆင့်(၅)၊ မလေးရှားအသင်းက ကမ္ဘာ့အဆင့်(၁၀၂)ဖြင့် အာဆီယံ အဆင့်(၆)၊ လာအိုအသင်းက ကမ္ဘာ့အဆင့်(၁၀၇)ဖြင့် အာဆီယံအဆင့်(၇)၊ ကမ္ဘောဒီးယားအသင်းက ကမ္ဘာ့အဆင့်(၁၁၈)ဖြင့် အာဆီယံအဆင့်(၈)၊ စင်ကာပူအသင်းက ကမ္ဘာ့အဆင့် (၁၃၉)ဖြင့် အာဆီယံအဆင့်(၉)၊ တီမောလက်စ်တေအသင်းက ကမ္ဘာ့အဆင့် (၁၅၉)ဖြင့် အာဆီယံအဆင့်(၁၀)နှင့် ဘရူနိုင်းအသင်းအနေဖြင့် ကမ္ဘာ့အဆင့်သတ်မှတ်ချက် မဝင်ရောက်သေးကြောင်း သိရသည်။



**STA**

# နိုင်ငံတကာစစ်မှုရေးရာအဖြာဖြာ

## တရုတ်က တောင်တရုတ်ပင်လယ်တွင် အဆင့်မြင့်ဆုံးတာဝေးပျံကင်းထောက်ဒရုန်း WZ-9 Divine Eagle ကို တပ်ဖြန့်အသုံးပြုခဲ့



တရုတ်နိုင်ငံသည် တောင်တရုတ်ပင်လယ် ဟိုင်နန်ကျွန်းရှိ Ledong လေတပ်အခြေစိုက်စခန်းတွင် ၎င်း၏ အဆင့်မြင့်ဆုံးတာဝေးပျံ ကင်းထောက်ဒရုန်း WZ-9 Divine Eagle ကိုတပ်ဖြန့်အသုံးပြုခဲ့ကြောင်း Army Recognition သတင်းဌာနက မတ် ၅ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

I would like to extend my warm greetings to all the participants of this event, including the President of Belarus, Mr Lukashenko, the delegation members, and media representatives. Everybody, Mingalaba! I also had the privilege of meeting and discussing matters with the President and government officials during my second visit. I am happy to say that it was a successful trip. To further strengthen and develop the Belarus-Myanmar friendship, and to enhance collaboration, I wish to express my gratitude to President Lukashenko and the responsible individuals, as well as the people of Belarus, and wish for continued strength, progress, and development. During today's meeting, as we discussed openly and clearly, we will continue to strengthen and carry out cooperation in various sectors such as the economies of both countries, agriculture, industry, education, science and technology, culture, and defence. Not only the government-to-government relations but also the people-to-people relations will be expanded. For the successful implementation of the cooperation between the two countries, the involvement of not only government officials but also the media in the relevant sectors is crucial. Therefore, I kindly request your cooperation in this matter. Our country is the largest landlocked country in Southeast Asia. It is a country that is situated between two of the most populous countries in the world, China and India, and also acts as a bridge between Southeast Asia and South Asia. It possesses favourable conditions for agriculture, livestock, and transportation, with abundant water, land, and climate. Our country is also one of the top exporters of rice globally and ranks as the second-highest bean exporter in the world. Since our country has vast areas of land suitable for agriculture and livestock farming, we are striving to make our country one that can contribute to global food security and safety. Therefore, I am fully confident that if we integrate Belarus' modern agricultural practices, livestock systems, techniques, machinery, and support systems into practical use, it will not only benefit Myanmar but will bring mutually beneficial results for both sides. Along the 1,300-mile coastline, there are also major deep-water ports, particularly the ports at Dawei, Thilawa, and Kyaukpyu, which offer great investment opportunities. Hence, I would like to invite Belarus to invest in Myanmar in various sectors. Our two countries will strengthen cooperation, not only in bilateral relations but also in the international landscape. I would like to express my gratitude to Belarus and the Belarusian people for their support of our country on the international stage. Due to electoral fraud in the 2020 general election, we had to declare a state of emergency and temporarily take responsibility for the country. Therefore, we plan to hold a free and fair election soon, under the law. We are planning to hold the election in December 2025 or at the earliest by January 2026. Fifty-three political parties have already submitted their lists to participate in the election. Regarding the election, we also invite the observation teams from Belarus to come and observe. I would also like to express special gratitude to His Excellency the President of Belarus for his efforts to help the development and progress of Belarus in every possible way. Under His Excellency's leadership, I believe that Belarus will become one of the world's leading countries. I also fully expect to meet the President of Belarus again in Myanmar. I wish for continued and strong cooperation between our two countries in all areas of mutual interest. Thank you very much.

**Belarusian President Mr Lukashenko gave a speech again. He said:**

I am grateful for the invitation to Myanmar. I will also be visiting Myanmar. As my friend has suggested, we will send election observers to monitor the elections. I would like to suggest to my friend. If any actions could positively contribute to the development of the nation and benefit the citizens, I recommend that they be implemented as soon as possible. When implementing these actions, it's possible that some people may not approve, and there could be sanctions that arise in opposition. Both in our country and in your country, there may be sanctions that could form as a result. I consider sanctions to be opportunities, and when such sanctions arise, they should be seen as opportunities to strengthen our collaboration. If we work more closely together with greater unity, we will be able to implement the best possible outcomes. Thank you very much. I am grateful for the opportunity to visit Belarus.

**Senior General Min Aung Hlaing gave a speech again. He said:**

By imposing a sanction, if there is such a group, the opposing groups that are called sanctions will face attacks from software that increases the strength of the majority, which will lead to more intense competition. I want to point out that putting pressure on them under the sanction will never be successful. It will only escalate the conflict. The two of us will work together and overcome it. I want to say that we are ready to cooperate and move forward with our efforts. 100

# Chairman of State Administration Council Prime Minister Senior General Min Aung Hlaing meets officer trainees studying in Belarus





Senior General Min Aung Hlaing meets officer trainees studying in Belarus.

**Nay Pyi Taw March 7**

Chairman of the State Administration Council Prime Minister Senior General Min Aung Hlaing, who is on an official goodwill visit to the Republic of Belarus, met and addressed officer trainees studying in Minsk, Belarus, on the evening of March 7, local time, at the President Hotel.

The meeting was attended by Council Joint Secretary General Ye Win Oo, Council member General Nyo Saw, Union-level officials accompanying the trip, Myanmar Ambassador to Belarus U Thit Linn Ohn, senior military officers from the Office of the Commander-in-Chief, deputy ministers, military attaché (Army, Navy and Air) and responsible officials, as well as the officer trainees.

In his address, the Senior General stated that sending students abroad for education is done with clear objectives. While some are sent for postgraduate studies, others are dispatched based on specific needs. By sending trainees to attend these courses, the nation aims to develop human resources. He urged the trainees to complete their courses within the stipulated time and to strive to truly master the subjects they are taught.

As individuals selected to study abroad, they must value themselves and work harder. While they invest their own time and money in their education, the state and the Tatmadaw also bear significant costs. Therefore, they must work to contribute to the benefit of the nation and the Tatmadaw, and they should possess a strong desire to serve the interests of both.

Just as everyone has their own aspirations, they must also fulfill the hopes of their country. They should strive to meet the nation's needs with the knowledge they have acquired. Members of the Tatmadaw are fundamentally of good character and are achievers. They should value themselves and work to improve their lives, maintaining self-discipline and exerting full effort in their endeavours.

Following the meeting, the Senior General provided the officer trainees with meals and cash rewards, and warmly bid them farewell.

Earlier in the day, the Senior General visited the Myanmar Consulate General in Minsk, where he met with consulate staff and their families. He discussed matters related to diplomatic relations between Myanmar and Belarus, the need to strengthen bilateral ties, holding an economic forum during the goodwill visit, the political developments and progress in Myanmar, and efforts to enhance friendship and trade between the two countries. He also inquired about and addressed the needs of the consulate staff and their families.

Subsequently, the Senior General provided meals and cash rewards to the consulate staff and their families, and warmly bid them farewell. 100




Senior General Min Aung Hlaing meets consulate staff and their families at the Myanmar Consulate General in Minsk.

# U.S. adds 151,000 jobs in February amid slowing job growth

**Washington March 7**

U.S. employers added 151,000 jobs in February amid slowing job growth, with the unemployment rate edging up to 4.1 percent, the U.S. Labor Department reported Friday.

Employment trended up in health care, financial activities, transportation and warehousing, and social assistance, according to the U.S. Bureau of Labor Statistics.

Federal government employment declined by 10,000 in February, said the report.

As the Donald Trump administration continues to reduce the federal workforce, this data could be negatively impacted in the coming months.

The February job growth is lower than the average monthly gain of 168,000 over the prior 12 months, the report showed.

In February, average hourly earnings for all employees on private nonfarm payrolls rose by 10 cents, or 0.3 percent, to 35.93 dollars. Over the past 12 months, average hourly earnings have increased by 4.0 percent.


Xinhua

# Public Notice for Elimination of Violence

1. Declaring themselves to be “for the people”, the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting “CRPH”, “NUG”, and “PDF” terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်အား

## ဘယ်လာရုစ်သမ္မတနိုင်ငံ သမ္မတ H.E. Mr. Alexander Gregoryevich Lukashenko က ဂုဏ်ပြုကြိုဆို တွေ့ဆုံဆွေးနွေး



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် ဘယ်လာရုစ်သမ္မတနိုင်ငံသမ္မတ H.E. Mr. Alexander Gregoryevich Lukashenko တို့ ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် ဘယ်လာရုစ်သမ္မတနိုင်ငံသမ္မတ H.E. Mr. Alexander Gregoryevich Lukashenko တို့ သီးသန့်တွေ့ဆုံဆွေးနွေးစဉ်။

**နေပြည်တော် မတ် ၇**

ဘယ်လာရုစ်သမ္မတနိုင်ငံသမ္မတ H.E. Mr. Alexander Gregoryevich Lukash–enko၏ ဖိတ်ကြားချက်အရ ဘယ်လာရုစ်နိုင်ငံသို့ နိုင်ငံတော်အဆင့်(Offical State Visit) ချစ်ကြည်ရေးခရီးရောက်ရှိနေသည့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်အား ယနေ့ဒေသစံတော်ချိန် နံနက်ပိုင်းတွင် ဘယ်လာရုစ်နိုင်ငံသမ္မတက သမ္မတနန်းတော်၌ ဂုဏ်ပြုတပ်ဖွဲ့ဖြင့် ကြိုဆိုသည်။

အဆိုပါအခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အတူ ချစ်ကြည်ရေးအဖွဲ့ဝင်များအဖြစ် လိုက်ပါသွားသည့် ကောင်စီတွဲဖက်အတွင်းရေးမှူး ဗိုလ်ချုပ်ကြီးရဲဝင်းဦး၊ ကောင်စီဝင် ဗိုလ်ချုပ်ကြီးညိုစော၊ ပြည်ထောင်စုဝန်ကြီးများ၊ ဘယ်လာရုစ်နိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီး၊ ဒုတိယဝန်ကြီးများ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများ တက်ရောက်ကြပြီး ဘယ်လာရုစ်သမ္မတနိုင်ငံ သမ္မတနှင့်အတူ ဘယ်လာရုစ်အစိုးရအဖွဲ့မှ အဆင့်မြင့်အရာရှိကြီးများ တက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်သည် ဂုဏ်ပြုတပ်ဖွဲ့ဖြင့် ကြိုဆိုမည့်နေရာသို့ ရောက်ရှိရာ ဘယ်လာရုစ်သမ္မတနိုင်ငံ သမ္မတက ကြိုဆိုနှုတ်ဆက်ပြီး ဂုဏ်ပြုတပ်ဖွဲ့၏အလေးပြုခြင်းကိုခံယူကြသည်။ ထိုအချိန်တွင် ဂုဏ်ပြုစစ်တီးဝိုင်းတပ်ဖွဲ့က ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်သီချင်းနှင့် ဘယ်လာရုစ်သမ္မတနိုင်ငံတော်သီချင်းတို့အား တီးမှုတ်ကြသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်သည် ဂုဏ်ပြုတပ်ဖွဲ့အားစစ်ဆေးသည်။ ထို့နောက် ဘယ်လာရုစ်သမ္မတနိုင်ငံ သမ္မတနှင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်တို့သည် အခမ်းအနားသို့တက်ရောက်လာကြသည့် နှစ်နိုင်ငံမှ အဆင့်မြင့်အရာရှိကြီးများကို အပြန်အလှန်မိတ်ဆက်ပေးကြသည်။

၎င်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်သည် ဂုဏ်ပြုတပ်ဖွဲ့၏ ချီတက်အလေးပြုခြင်းကို ခံယူသည်။ ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဘယ်လာရုစ်သမ္မတနိုင်ငံ သမ္မတတို့သည် မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဘယ်လာရုစ်သမ္မတနိုင်ငံ သမ္မတတို့သည် သီးသန့်တွေ့ဆုံဆွေးနွေးသည်။

ထိုသို့တွေ့ဆုံရာတွင် ဦးစွာ ဘယ်လာရုစ်နိုင်ငံသမ္မတက ယခုကဲ့သို့ တွေ့ဆုံရသည့်အတွက်ဝမ်းမြောက်ပါကြောင်း၊ တွေ့ဆုံဆွေးနွေးမှုမှတစ်ဆင့် နှစ်နိုင်ငံအကြား ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုတိုးတက်ဖွံ့ဖြိုးလာမည်ဟုယုံကြည်ပါကြောင်း၊ နှစ်နိုင်ငံ သဘောတူညီချက်များနှင့် ပူးပေါင်းဆောင်ရွက်မှုများကို ပိုမိုခိုင်မာတိုးတက်အောင်ဆောင်ရွက်သွားမည်ဖြစ်ပြီး ယခုအဆွေတော်၏ ချစ်ကြည်ရေးခရီးစဉ်မှတစ်ဆင့်လုပ်ငန်းများအောင်မြင်မှုရှိစေရေး ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ နှစ်နိုင်ငံအကြား မဟာဗျူဟာမြောက် ပူးပေါင်းဆောင်ရွက်မှုများကိုလည်း ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်းနှင့် ယခုကဲ့သို့မိမိတို့နိုင်ငံသို့ချစ်ကြည်ရေးခရီးလာရောက်သည့်အတွက်လည်း ကျေးဇူးတင်ဝမ်းမြောက်ပါကြောင်းဖြင့် နှုတ်ခွန်းဆက်စကားပြောကြားသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က မိမိအနေဖြင့် ဘယ်လာရုစ်နိုင်ငံသို့ချစ်ကြည်ရေးခရီးလာရောက်ခဲ့သည်မှာ ယခုအခါ ဒုတိယအကြိမ် လာရောက်ခြင်းဖြစ်ပါကြောင်း၊ ဘယ်လာရုစ်နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်မှုများကိုလည်း မျက်မြင်တွေ့မြင်ရပါကြောင်း၊ မိမိအား ယခုကဲ့သို့ နိုင်ငံတော်အဆင့် ဂုဏ်ပြုကြိုဆိုမှုအတွက်လည်း ကျေးဇူးတင်ရှိပါကြောင်း၊ အဆွေတော်အနေဖြင့် ပြီးခဲ့သည့် ရွေးကောက်ပွဲကာလအတွင်း အနိုင်ရရှိခဲ့မှုအတွက်လည်း ဝမ်းမြောက်ဂုဏ်ယူပါကြောင်း၊ မိမိအနေဖြင့် ယခင်လာရောက်ခဲ့သည့် ချစ်ကြည်ရေးခရီးစဉ်အတွင်း ဘယ်လာရုစ်နိုင်ငံ၏ စိုက်ပျိုးရေးလုပ်ငန်းများ အောင်မြင်ဖြစ်ထွန်းမှုများနှင့် တိုးတက်မှုများကိုတွေ့ရှိခဲ့ရပါကြောင်း၊ ထို့ကြောင့် မိမိအနေဖြင့် ဘယ်လာရုစ်နိုင်ငံနှင့် ကဏ္ဍပေါင်းစုံ၌ ပူးပေါင်းဆောင်ရွက်မှုများတိုးမြှင့်နိုင်ရေး ဆောင်ရွက်ခဲ့ခြင်းဖြစ်ပါကြောင်း၊ ထိုသို့ ဆောင်ရွက်ခြင်းဖြင့် မြန်မာနိုင်ငံနှင့် ဘယ်လာရုစ်နိုင်ငံတို့အကြားတွင် နှစ်နိုင်ငံအတွက် အကျိုးဖြစ်ထွန်းမှုများရှိနိုင်မည်ဖြစ်ပါကြောင်း၊မြန်မာ–ဘယ်လာရုစ် စီးပွားရေးဖိုရမ်ကိုလည်း အောင်မြင်စွာကျင်းပနိုင်ခဲ့ပြီး နှစ်နိုင်ငံအကြားစီးပွားရေးဆိုင်ရာ သဘောတူညီချက်များကို လက်မှတ်ရေးထိုးနိုင်ခဲ့ပါကြောင်း၊ မိမိဦးဆောင်သည့် ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့အား ဘယ်လာရုစ်နိုင်ငံသို့ နိုင်ငံတော်အဆင့် (Offical State Visit) ချစ်ကြည်ရေးခရီးစဉ်အဖြစ် ဖိတ်ကြားခဲ့မှုအပေါ်တွင်လည်း ကျေးဇူးတင်ရှိပါကြောင်းဖြင့် ပြန်လည်ပြောကြားသည်။

ယင်းနောက် နှစ်နိုင်ငံအကြား သံတမန်ဆက်ဆံရေးဆိုင်ရာကိစ္စရပ်များ၊ စီးပွားရေး၊ စိုက်ပျိုးရေး၊ စက်မှု၊ ပညာရေး၊ သိပ္ပံနှင့်နည်းပညာ၊ ယဉ်ကျေးမှု၊ အားကစားစသည့် ကဏ္ဍပေါင်းစုံ၌ ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်ဆောင်ရွက်သွားမည့်အခြေအနေများ၊ ကာကွယ်ရေးဆိုင်ရာ ကိစ္စရပ်များတွင် ပူးပေါင်းဆောင်ရွက်မှုများမြှင့်တင်ရေးဆောင်ရွက်သွားမည့်အခြေအနေများ၊နှစ်နိုင်ငံအကြား ကဏ္ဍပေါင်းစုံ ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှုများ ပိုမိုခိုင်မာအားကောင်းလာမည့်အခြေအနေများ၊ မြန်မာ–ဘယ်လာရုစ် ကုန်သွယ်ရေးနှင့် စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ ကိစ္စရပ်များ၊ မြန်မာနိုင်ငံ၌လွတ်လပ်၍ တရားမျှတသည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပနိုင်ရေး ကြိုတင်ပြင်ဆင်ဆောင်ရွက်လျက်ရှိမှုအခြေအနေများနှင့် ပတ်သက်၍ ရင်းနှီးပွင့်လင်းစွာဖြင့် အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များကို ဘယ်လာရုစ်သမ္မတနိုင်ငံ သမ္မတက အလုပ်သဘောနေ့လယ်စာဖြင့် တည်ခင်းဧည့်ခံခဲ့သည်။ နေ့လယ်စာသုံးဆောင်နေစဉ် အတွင်း ဘယ်လာရုစ်နိုင်ငံ သံစုံတီးဝိုင်းက နှစ်နိုင်ငံတေးသံသာများဖြင့် တီးမှုတ်ဖျော်ဖြေခဲ့ကြောင်း သတင်းရရှိသည်။ (၅၀၁)

# မြန်မာနိုင်ငံကမ်းခြေစောင့်တပ်ဖွဲ့ဥပဒေ(မူကြမ်း)ပြဋ္ဌာန်းနိုင်ရေး အပြီးသတ်ညှိနှိုင်းအစည်းအဝေး ကျင်းပ

**နေပြည်တော် မတ် ၇**

မြန်မာနိုင်ငံကမ်းခြေစောင့်တပ်ဖွဲ့ ဥပဒေ(မူကြမ်း)ပြဋ္ဌာန်းနိုင်ရေးအတွက် အပြီးသတ်ညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ ဥပဒေရေးရာဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပခဲ့ကြောင်း သိရသည်။


အစည်းအဝေးသို့ ဥပဒေရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် ပြည်ထောင်စုရှေ့နေချုပ် ဒေါက်တာ သီတာဦး၊ ကာကွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်ကိုလေး၊ ကမ်းခြေစောင့်တပ်ဖွဲ့ ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများ၊ ဥပဒေမူကြမ်းစိစစ်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများတက်ရောက်ကြသည်။

အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီးနှင့် ပြည်ထောင်စုရှေ့နေချုပ် ဒေါက်တာ သီတာဦးက အဖွင့်အမှာစကားပြောကြားပြီး ကာကွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်ကိုလေးက မြန်မာနိုင်ငံကမ်းခြေစောင့်တပ်ဖွဲ့ဥပဒေကို မြန်မာ့ပင်လယ်အတွင်း ပိုင်းရေပြင်မှ သီးသန့်စီးပွားရေးဇုန်ထိရေပြင်နယ်နိမိတ်အတွင်း ရေကြောင်းဆိုင်ရာလုံခြုံရေးဆောင်ရွက်ခြင်း၊ ရေကြောင်းဆိုင်ရာအမျိုးသားအကျိုးစီးပွား ကာကွယ်ရေး၊ ပင်လယ်ရေကြောင်းဆိုင်ရာ တရားဥပဒေစိုးမိုးရေး၊ ပင်လယ်ပြင်ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများ ထိထိရောက်ရောက်ဆောင်ရွက်နိုင်ရန်နှင့်ပင်လယ်ရေကြောင်းကိုအသုံးပြု၍ဆောင်ရွက်နေသည့် တရားမဝင်လုပ်ငန်းများ၊ တရားမဝင်နိုင်ငံဖြတ်ကျော်ဝင်ရောက်မှုအပါအဝင် တရားမဝင် ဝင်ရောက်အခြေချနေထိုင်မှုများနှင့် ပင်လယ်ဓားပြမှုများကို တားဆီးနှိမ်နင်းနိုင်ရန်ရည်ရွယ်၍ အဆိုပါ ဥပဒေ(မူကြမ်း)ကို ရေးဆွဲရခြင်းဖြစ်ကြောင်းဖြင့် တင်ပြဆွေးနွေးသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့် ပြည်ထောင်စုရှေ့နေချုပ်က အစည်းအဝေးတွင် ဆွေးနွေးချက်များအရ မြန်မာနိုင်ငံကမ်းခြေစောင့်တပ်ဖွဲ့ဥပဒေသည် မြန်မာ့ပိုင်နက်ပင်လယ်အတွင်း လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် နိုင်ငံဖြတ်ကျော်မှုခင်းများ တားဆီးနိုင်ရန်အတွက် လိုအပ်ကြောင်း အစည်းအဝေးဆုံးဖြတ်ချက်အရ သုံးသပ်တွေ့ရှိရကြောင်းဖြင့် ပြောကြားပြီး အဆိုပါဥပဒေ(မူကြမ်း)ကိုပြဋ္ဌာန်းနိုင်ရေးအပြီးသတ်ညှိနှိုင်းဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဘယ်လာရုစ်သမ္မတနိုင်ငံ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ H.E. Mr. Igor Petrovich Sergeenko နှင့် တွေ့ဆုံဆွေးနွေး



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် ဘယ်လာရုစ်သမ္မတနိုင်ငံ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ H.E. Mr. Igor Petrovich Sergeenko တို့ ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဘယ်လာရုစ်သမ္မတနိုင်ငံ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ H.E. Mr. Igor Petrovich Sergeenko နှင့် တွေ့ဆုံဆွေးနွေးစဉ်။





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် အမျိုးသားလွှတ်တော်အတွင်း လှည့်လည်ကြည့်ရှုလေ့လာရာ ဘယ်လာရုစ်သမ္မတနိုင်ငံ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ H.E. Mr. Igor Petrovich Sergeenko က လိုက်လံရှင်းလင်းပြသစဉ်။

**နေပြည်တော် မတ် ၇**

ဘယ်လာရုစ်သမ္မတနိုင်ငံ မင့်စ်မြို့သို့ နိုင်ငံတော်အဆင့် ချစ်ကြည်ရေးခရီး ရောက်ရှိနေသည့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ယနေ့ ဒေသစံတော်ချိန် မွန်းလွဲပိုင်းတွင် ဘယ်လာရုစ်နိုင်ငံ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ H.E. Mr. Igor Petrovich Sergeen-ko နှင့် မင့်စ်မြို့ရှိ အမျိုးသားလွှတ်တော်၌ တွေ့ဆုံဆွေးနွေးသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်အား ဘယ်လာရုစ်နိုင်ငံ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ကြိုဆိုနှုတ်ဆက်သည်။ ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က လွှတ်တော် ဧည့်သည်တော် မှတ်တမ်းစာအုပ်၌ မှတ်တမ်းတင်လက်မှတ်ရေးထိုးသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်သည် အမျိုးသားလွှတ်တော်အတွင်း လှည့်လည်ကြည့်ရှုလေ့လာရာ ဘယ်လာရုစ်နိုင်ငံ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက လိုက်လံရှင်းလင်းပြသသည်။

ယင်းနောက် အစည်းအဝေးခန်းမ၌ တွေ့ဆုံ၍ နှစ်နိုင်ငံလွှတ်တော်များအကြား ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာကိစ္စရပ်များ၊ ဥပဒေပြုရေးဆိုင်ရာကိစ္စရပ်များတွင် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာကိစ္စရပ်များ၊ မြန်မာနိုင်ငံတွင် လွတ်လပ်ပြီး တရားမျှတသည့် ရွေးကောက်ပွဲကျင်းပနိုင်ရေး ကြိုတင်ပြင်ဆင်ဆောင်ရွက်လျက်ရှိမှုအခြေအနေများ၊ ဘယ်လာရုစ်နိုင်ငံ၏ အထွေထွေရွေးကောက်ပွဲတွင် မြန်မာနိုင်ငံမှ ကိုယ်စားလှယ်အဖွဲ့များ လာရောက်လေ့လာခဲ့မှုနှင့် မြန်မာနိုင်ငံ၌ ရွေးကောက်ပွဲကျင်းပချိန်တွင် ဘယ်လာရုစ်နိုင်ငံမှ လေ့လာစောင့်ကြည့်ရေးအဖွဲ့များ စေလွှတ်သွားမည့်အခြေအနေများ၊နှစ်နိုင်ငံ လွှတ်တော်နှစ်ရပ်အကြား ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်ဆောင်ရွက်သွားမည့် အခြေအနေများနှင့် ပတ်သက်၍ ရင်းရင်းနှီးနှီးဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

(မဝ)



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် လွှတ်တော်ဧည့်သည်တော်မှတ်တမ်းစာအုပ်၌ မှတ်တမ်းတင်လက်မှတ်ရေးထိုးစဉ်။


**ပြည်သူ့စစ်မှုထမ်းနည်းဥပဒေများကိုဖတ်ရှုနိုင်ရန် ဖော်ပြပေးထားသော Website နှင့် Webportal စာရင်း**

၁။ ကာကွယ်ရေးဝန်ကြီးဌာန (https://www.mod.gov.mm)
၂။ ဥပဒေရေးရာဝန်ကြီးဌာန (https://www.mlis.gov.mm)
၃။ ပြန်ကြားရေးဝန်ကြီးဌာန (https://www.moi.gov.mm)
၄။ Myawady Webportal (https://myawady.net.mm)
၅။ Myanmar National Portal (https://myanmar.gov.mm)




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် ဘယ်လာရုစ်သမ္မတနိုင်ငံ သမ္မတ H.E. Mr. Alexander Gregoryevich Lukashenko တို့ မီဒီယာများအား နှစ်နိုင်ငံ ပူးတွဲကြေညာချက်များကို အပြန်အလှန်ပြောကြားစဉ်။

☆ ကျောဖုံးမှအဆက်

ဘယ်လာရုစ်နိုင်ငံဆိုင်ရာ မြန်မာနိုင်ငံ သံအမတ်ကြီး၊ ဒုတိယဝန်ကြီးများ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့် တပ်မတော်အရာရှိကြီးများ တက်ရောက်ကြပြီး ဘယ်လာရုစ်သမ္မတနိုင်ငံ သမ္မတနှင့်အတူ ဘယ်လာရုစ်အစိုးရအဖွဲ့မှ အဆင့်မြင့်အရာရှိကြီးများ တက်ရောက်ကြသည်။

ထိုသို့ တွေ့ဆုံဆွေးနွေးရာတွင် နှစ်နိုင်ငံ အလှမ်းကွာဝေးသော်လည်း သံတမန်ဆက်ဆံရေးနှင့် ကာကွယ်ရေးပိုင်းဆိုင်ရာဆက်ဆံရေးများရှိသည့် နိုင်ငံများဖြစ်ပြီး ချစ်ကြည်ရင်းနှီးမှုရှိသည့် မိတ်ဆွေကောင်းနိုင်ငံများဖြစ်သည့်အခြေအနေများ၊ ချစ်ကြည်ရေးခရီးစဉ်အတွင်း နှစ်နိုင်ငံကြား နားလည်မှုစာချွန်လွှာများ ရေးထိုးမည့်အခြေအနေများ၊ နှစ်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာနများကြား ညှိနှိုင်းဆွေးနွေးပွဲများ ကျင်းပနိုင်မှုအခြေအနေများ၊ နို့ထွက်ပစ္စည်းများထုတ်လုပ်ခြင်း၊ စက်မှုကုန်ကြမ်းသီးနှံများ စိုက်ပျိုးထုတ်လုပ်ခြင်းများတွင် ပူးပေါင်းဆောင်ရွက်သွားမည့်အခြေအနေများ၊ နှစ်နိုင်ငံကြား ကုန်သွယ်ရေးနှင့်စီးပွားရေးပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်ဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များ၊ ရင်းနှီးမြှုပ်နှံမှုများ ဆောင်ရွက်ရေးဆိုင်ရာကိစ္စရပ်များ၊ စိုက်ပျိုးရေးလုပ်ငန်း၊ လယ်ယာသုံးစက်ကိရိယာများ ထုတ်လုပ်ခြင်းလုပ်ငန်းနှင့် အခြားကဏ္ဍပေါင်းစုံ၌ ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ရင်းရင်းနှီးနှီး ဆွေးနွေးခဲ့ကြသည်။

ယင်းနောက် နှစ်နိုင်ငံ အစိုးရနှစ်ရပ်ကြား သဘောတူညီချက်များနှင့်နားလည်မှုစာချွန်လွှာများ လက်မှတ်ရေးထိုး လဲလှယ်ခြင်းအခမ်းအနားကို ဆက်လက် ကျင်းပပြုလုပ်ရာ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေနှင့် ဘယ်လာရုစ်သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးတို့က သဘောတူလက်မှတ် ရေးထိုးထားသည့် မြန်မာ-ဘယ်လာရုစ်နှစ်နိုင်ငံကြား အစိုးရများကြား ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ စာချွန်လွှာများ၊အားကစားကဏ္ဍ၊ခရီးသွားကဏ္ဍ၊ ဥပဒေရေးရာ ပူးပေါင်းဆောင်ရွက်ရေး၊ စိုက်ပျိုးရေးနှင့် အစားအစာဘေးအန္တရာယ်ကင်းရှင်းရေး ကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်ရေးနားလည်မှုစာချွန်လွှာများကို လဲလှယ်ကြသည်။




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဘယ်လာရုစ်သမ္မတနိုင်ငံသမ္မတ H.E. Mr. Alexander Gregoryevich Lukashenko အား အဂ္ဂမဟာသရေစည်သူဘွဲ့ကို ချီးမြှင့်အပ်နှင်းစဉ်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဘယ်လာရုစ်သမ္မတနိုင်ငံ သမ္မတတို့သည် မီဒီယာများအား နှစ်နိုင်ငံပူးတွဲကြေညာချက်များကို အပြန်အလှန်ပြောကြားကြသည်။

**(နှစ်နိုင်ငံ ပူးတွဲကြေညာချက်များ အပြန်အလှန် ပြောကြားမှုများကို စာမျက်နှာ -၁၉ တွင် သီးခြားဖော်ပြထားပါသည်။)**

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ဘယ်လာရုစ်သမ္မတနိုင်ငံ သမ္မတ H.E. Mr. Alexander Gregoryevich Lukashenko အား အဂ္ဂမဟာသရေစည်သူဘွဲ့ကို ချီးမြှင့်အပ်နှင်းခဲ့သည်။

မြန်မာ-ဘယ်လာရုစ် နှစ်နိုင်ငံတွေ့ဆုံပွဲအခမ်းအနားအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အတူ ချစ်ကြည်ရေးခရီးစဉ်တွင် လိုက်ပါသွားသည့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့ခေါင်းဆောင် ဗိုလ်ချုပ်ဇော်မင်းထွန်းက မီဒီယာ၏ မေးမြန်းမှုများကို ပြန်လည်ဖြေကြားခဲ့ကြောင်း သတင်းရရှိသည်။ (၅၀၁)



ဒုတိယဝန်ကြီးချုပ်နှင့်နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေနှင့် ဘယ်လာရုစ်သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးတို့က သဘောတူလက်မှတ်ရေးထိုးထားသည့် နားလည်မှုစာချွန်လွှာများကို လဲလှယ်စဉ်။

## မှတ်ပုံတင်မော်တော်ယာဉ်များအားလုံး ယာဉ်စစ်ဆေးပြီးမှသာ ယာဉ်မှတ်ပုံတင်လုပ်ငန်းများ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း အသိပေးကြေညာ

၁။ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနတွင် မှတ်ပုံတင်ထားသည့် မော်တော်ယာဉ်များအနက် Road Safety အရေးကြီးသည့် အများပြည်သူသယ်ယူပို့ဆောင်ရေးခရီးသည်တင်ယာဉ်များ၊ ယာဉ်မှန်၊မမှန် စစ်ဆေးခြင်း၊ ပြောင်းလဲခြင်းများအတွက် ယာဉ်စစ်ဆေးခြင်း၊ နယ်ဝင်ယာဉ်များကို စစ်ဆေးခြင်းတို့နှင့်အကျုံးဝင်သည့်ယာဉ်များ၊ Taxi အငှားယာဉ်များ၊ School Bus ယာဉ်များနှင့် နှစ်တန်နှင့်အထက် အငှားယာဉ်များကို ယာဉ်စစ်ဆေး၍ သက်တမ်းတိုးဆောင်ရွက်ပေးလျက်ရှိသည်။

၂။ ယခုအခါယာဉ်များကြံ့ခိုင်မှုကောင်းမွန်စေရေးနှင့် အများပြည်သူဆိုင်ရာလမ်းများပေါ်တွင် အန္တရာယ်ကင်းစွာသွားလာနိုင်ရေးအတွက် မှတ်ပုံတင်မော်တော်ယာဉ်များအားလုံးကို ၁-၁-၂၀၂၅ ရက်မှစ၍ ယာဉ်သက်တမ်းတိုးခြင်းအပါအဝင် ယာဉ်မှတ်ပုံတင်လုပ်ငန်းများအတွက် ယာဉ်စစ်ဆေးပြီးမှသာ ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် ဘယ်လာရုစ်သမ္မတနိုင်ငံ သမ္မတ H.E. Mr. Alexander Gregoryevich Lukashenko တို့ မီဒီယာများနှင့်တွေ့ဆုံစဉ် နှစ်နိုင်ငံအပြန်အလှန်ပူးတွဲကြေညာချက်များနှင့် ပြောကြားချက်များ



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် ဘယ်လာရုစ်သမ္မတနိုင်ငံ သမ္မတ H.E. Mr. Alexander Gregoryevich Lukashenko တို့ မီဒီယာများအား နှစ်နိုင်ငံပူးတွဲကြေညာချက်များကို အပြန်အလှန်ပြောကြားစဉ်။

**ဘယ်လာရုစ်သမ္မတနိုင်ငံ သမ္မတ H. E. Mr. Alexander Gregoryevich Lukashenko**

လေးစားအပ်ပါသော အဆွေတော် နိုင်ငံတော်ဝန်ကြီးချုပ်နှင့်တကွ တက်ရောက်လာကြသော ဧည့်သည်တော်များ ခင်ဗျာ၊ ကျွန်တော် ဒီနေ့နှစ်နိုင်ငံတွေ့ဆုံမှုနှင့်ပတ်သက်ပြီးတော့ စီးပွားရေးအခန်းကဏ္ဍ၊ အခြားကဏ္ဍစုံပူးပေါင်းဆောင်ရွက်ရေးပတ်သက်ပြီးတော့ များစွာဆွေးနွေးခဲ့တာဖြစ်ပါတယ်။ ဒီနေ့တွေ့ဆုံပွဲမှာဆိုရင်တော့ ကျွန်တော်တို့ စီးပွားရေးနှင့်ပတ်သက်ပြီးတော့ ပူးပေါင်းဆောင်ရွက်ရေးလုပ်ငန်းတွေကို တိတိကျကျဆွေးနွေးခဲ့တာရှိပါတယ်။လူသားချင်းစာနာထောက်ထားရေးဆိုင်ရာ အခန်းကဏ္ဍရပ်များနှင့်ပတ်သက်လို့လည်း ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ အခန်းကဏ္ဍများနဲ့ပတ်သက်လို့လည်း ဆွေးနွေးခဲ့တာရှိပါတယ်။ စီးပွားရေးလုပ်ငန်းဆိုင်ရာကိစ္စရပ်တွေကို အောင်အောင်မြင်မြင်လုပ်နိုင်ဖို့အတွက် ဒီနေ့နှစ်နိုင်ငံ ကျွန်တော်တို့ မဟာဗျူဟာကျကျအစီအစဉ်ရေးဆွဲဖို့လည်း သဘောတူညီမှုရခဲ့ပါတယ်။ ကျွန်တော်တို့အနေနဲ့ မြန်မာနိုင်ငံမှာထွက်ရှိတဲ့စားသောက်ကုန်လုပ်ငန်းတွေက ကမ္ဘာမှာစားနပ်ရိက္ခာဖူလုံရေးနှင့်ပတ်သက်ပြီးတော့ အထောက်အကူပြုနိုင်ဖို့အတွက် ကျွန်တော်တို့ဘက်ကလည်း နည်းပညာနှင့်ပတ်သက်ပြီး ပူးပေါင်းဆောင်ရွက်သွားမှာဖြစ်ပါတယ်။ ကျွန်တော်တို့အနေနဲ့ နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်ရေးလုပ်ငန်းတွေမှာ စိုက်ပျိုးရေးအခန်းကဏ္ဍ၊ ဆေးဝါးအခန်းကဏ္ဍနဲ့ စားနပ်ရိက္ခာထုတ်လုပ်ရေးအခန်းကဏ္ဍများနှင့်ပတ်သက်ပြီးတော့ ပူးပေါင်းဆောင်ရွက်သွားမှာဖြစ်ပါတယ်။ပြီးခဲ့တဲ့ မနေ့က Business Forum မှာ အဆိုပါကိစ္စရပ်နဲ့ အဆိုပါအခန်းကဏ္ဍတွေနဲ့ပတ်သက်ပြီးတော့လည်း နှစ်နိုင်ငံနှစ်ဦးနှစ်ဖက် တာဝန်ရှိသူတွေကလည်း တိတိကျကျဆွေးနွေးပြီး ဖြစ်ပါတယ်။ ဒီဆွေးနွေးမှုတွေနှင့်ပတ်သက်လို့ ဒီကဏ္ဍတွေနဲ့ပတ်သက်လို့လည်း ဘယ်လာရုစ်နိုင်ငံမှာ နည်းပညာနဲ့ပတ်သက်ပြီးမြင့်မားတဲ့ နည်းပညာတွေလည်းရှိပါတယ်။ ဒီနှစ်အတွင်းမှာ ကျွန်တော်တို့နှစ်နိုင်ငံ စီးပွားရေးဆိုင်ရာကော်မရှင်ကိုလည်း ပြန်လည်ပြီးတော့ အစည်းအဝေးလုပ်နိုင်ဖို့လည်း ကျင်းပသွားမှာဖြစ်ပါတယ်။ နှစ်နိုင်ငံသိပ္ပံနှင့်နည်းပညာအခန်းကဏ္ဍများနဲ့ပတ်သက်လို့လည်း ကော်မတီဖွဲ့ပြီးတော့ ဆောင်ရွက်သွားဖို့ရှိပါတယ်။ ကျွန်တော်တို့အနေနဲ့မြန်မာနိုင်ငံနဲ့ဘယ်လာရုစ်နိုင်ငံနှစ်နိုင်ငံကြား ပူးပေါင်းဆောင်ရွက်ရေးလုပ်ငန်းတွေကို မြှင့်တင်ဖို့အတွက် မြန်မာနိုင်ငံက ကျောင်းသားတွေ လာရောက်ပညာသင်ကြားတဲ့အချိန်မှာ အစစအရာရာအဆင်ပြေဖို့ ဘယ်လာရုစ်နိုင်ငံကလည်း အတတ်နိုင်ဆုံးကူညီဆောင်ရွက်ပေးမှာဖြစ်ပါတယ်။ ယခုနှစ်မှာ မြန်မာနိုင်ငံကနေပြီးတော့ ပထမဆုံးကလေးသူငယ်တွေ ပါဝင်တဲ့ Groupတစ်ခုကို ဘယ်လာရုစ်နိုင်ငံ ဆူးပရူးနေ့အပန်းဖြေစခန်းကို လာရောက်ဖို့အတွက်လည်း ဖိတ်ခေါ်ထားပြီးဖြစ်ပါတယ်။ ကျွန်တော်တို့အနေနဲ့ မကြာမီအချိန်အတွင်းမှာ ဘယ်လာရုစ်နိုင်ငံက ဝန်ကြီးများ၊ တာဝန်ရှိတဲ့အဆင့်မြင့်ပုဂ္ဂိုလ်များက မြန်မာနိုင်ငံကို သွားရောက်မှာဖြစ်ပါတယ်။ မြန်မာနိုင်ငံကနေပြီးတော့လည်း ကျွန်တော်တို့ Specialists တွေ၊ သက်ဆိုင်ရာတာဝန်ရှိသူတွေက ဘယ်လာရုစ်နိုင်ငံကို လာရောက်မှာဖြစ်ပါတယ်။ ဒီလိုမျိုးခရီးစဉ်တွေ အပြန်အလှန်သွားရောက်ပြီးတော့ တစ်နိုင်ငံလုံးမှာ စီးပွားရေးဖွံ့ဖြိုးတိုးတက်ဖို့အတွက် ရနိုင်တဲ့အခွင့်အလမ်းတွေကိုလေ့လာပြီးအကောင်အထည်ဖော်ဆောင်ရွက်မှာဖြစ်ပါတယ်။ သိပ်မကြာခင်မှာ ကျွန်တော်နဲ့အဆွေတော်ဝန်ကြီးချုပ်နဲ့ နှစ်ယောက်တည်းထိုင်တဲ့အချိန်မှာလည်း ကျွန်တော်တို့ဆွေးနွေးခဲ့တဲ့အချက်တွေရှိပါတယ်။ ကျွန်တော်မြင်တာကတော့ နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်ရေးနဲ့ပတ်သက်ပြီးတော့ ကျွန်တော်တို့အနေနဲ့ ပိတ်ပင်တားဆီးထားတဲ့ဒီအချက်တွေ မရှိပါဘူး။အားလုံးက အမြဲတမ်းနှစ်ဦးနှစ်ဖက်လုံး တံခါးဖွင့်ပြီးတော့ ပွင့်ပွင့်လင်းလင်းရင်းရင်းနှီးနှီးနဲ့ စီးပွားရေးအခန်းကဏ္ဍကို အကောင်းဆုံး အကောင်အထည်ဖော်ဆောင်ရွက်သွားမယ်လို့လည်း မျှော်လင့်ပါတယ်။ ကျွန်တော်တို့အနေနဲ့ ဘယ်လာရုစ်နိုင်ငံအနေနဲ့ မြန်မာနိုင်ငံနဲ့ စီးပွားရေးပူးပေါင်းဆောင်ရွက်မှုတွေနဲ့ပတ်သက်ပြီးတော့ ယခုဒီနေ့ဆွေးနွေးမှုမှာဆွေးနွေးခဲ့တဲ့အချက်အလက်တွေ အများကြီးရှိသလို မနေ့က Businessဖိုရမ်မှာလည်း ဆွေးနွေးခဲ့တဲ့အချက်အလက်တွေလည်းရှိပါတယ်။ ဒီအချက်အလက်တွေနဲ့ပတ်သက်ပြီးတော့ ပူးပေါင်းဆောင်ရွက်ရေးနဲ့ ပတ်သက်ပြီးတော့ နားလည်မှုစာချွန်လွှာတွေ၊ စာချုပ်တွေကိုလည်း အမြန်ဆုံးချုပ်ဆိုနိုင်ဖို့အတွက် အမြန်ဆုံးကြိုးစားသွားမှာဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ကျွန်တော့်ရဲ့ မိတ်ဆွေ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ကို ယခုခရီးစဉ်မှာ ပွင့်ပွင့်လင်းလင်းနဲ့ ဆွေးနွေးသွားတဲ့အတွက်ရော စိတ်ဆန္ဒရှိတဲ့အတိုင်း အားလုံးကို ပွင့်ပွင့်လင်းလင်းပြောသွားတဲ့အတွက်လည်း ကျေးဇူးတင်ကြောင်းပြောကြားလိုပါတယ်။ကျွန်တော့်အနေနဲ့ အဆွေတော်ကိုထပ်လောင်းကျေးဇူးတင်ကြောင်းပြောကြားလိုပါတယ်။ အဲဒါကတော့ ကျွန်တော့်ကိုမြန်မာနိုင်ငံကို ဖိတ်ခေါ်တဲ့အတွက် ကျေးဇူးတင်ပါတယ်။ မကြာမီအချိန်အတွင်းမှာ အဆွေတော်နဲ့ ကျွန်တော် အဆွေတော်ရဲ့နိုင်ငံမှာ တွေ့ဆုံနိုင်လိမ့်မယ်လို့လည်း မျှော်လင့်ပါတယ်။ကျွန်တော်တို့အနေနဲ့ နှစ်ဦးနှစ်ဖက်က ဒီလုပ်ငန်းအကောင်အထည်ဖော် ဆောင်ရွက်ရာမှာ အကောင်းဆုံးနဲ့ ပံ့ပိုးမယ်ဆိုလို့ရှိရင် နှစ်ဦးနှစ်ဖက်အကျိုးရှိတဲ့ လုပ်ငန်းတွေကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်မှာဖြစ်ပါတယ်။ အခုလိုမျိုး ဒီနေ့တွေ့ဆုံပွဲမှာ အချိန်ပေးတဲ့အတွက်လည်း ကျေးဇူးတင်ပါတယ်။ ကျွန်တော်တို့အနေနဲ့လည်း အမြဲတမ်း အဆွေတော်ကို ဝမ်းပန်းတသာကြိုဆိုနေကြောင်းလည်း ပြောကြားလိုပါတယ်။

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်**

ဒီအခမ်းအနားကို ကြွရောက်လာကြတဲ့ ဘယ်လာရုစ်သမ္မတနိုင်ငံသမ္မတကြီး H.E. Mr. Alexander Gregoryevich Lukashenko နဲ့ နှစ်ဖက်ကိုယ်စားလှယ်အဖွဲ့ဝင်များ၊ မီဒီယာအဖွဲ့ဝင်များအားလုံးကို မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သလိုက်ပါတယ်။သမ္မတကြီးနဲ့ အစိုးရအဖွဲ့ဝင်များကိုလည်း ကျွန်တော့်ရဲ့ ဒုတိယခရီးစဉ်မှာ ရင်းရင်းနှီးနှီး တွေ့ဆုံဆွေးနွေးခွင့်ရခဲ့ပါတယ်။ဒီအတွက်လည်း အောင်မြင်တဲ့ခရီးစဉ်တစ်ခုဖြစ်ကြောင်း ပြောလိုပါတယ်။ ဒီလို ဘယ်လာရုစ်-မြန်မာချစ်ကြည်ရေး ပိုမိုတိုးတက်ခိုင်မာစေဖို့၊ ပူးပေါင်းဆောင်ရွက်မှုအားကောင်းစေဖို့၊ အထူးအားပေးဆောင်ရွက်ခဲ့တဲ့ အဆွေတော်သမ္မတကြီးနှင့် တာဝန်ရှိသူများ၊ ဘယ်လာရုစ်ပြည်သူများ ၊ပြည်သားများအားလုံး ယခုထက်ပိုမိုအင်အားတောင့်တင်း ခေတ်မီဖွံ့ဖြိုးတိုးတက်ကြပါစေကြောင်း ဆုမွန်ကောင်းတောင်းပါတယ်။ ဒီနေ့နှစ်ဦးနှစ်ဖက်တွေ့ဆုံဆွေးနွေးမှုမှာ ပွင့်ပွင့်လင်းလင်းဆွေးနွေးခဲ့တဲ့အတိုင်းပဲ နှစ်နိုင်ငံစီးပွားရေး၊ စိုက်ပျိုးရေး၊ စက်မှု၊ ပညာရေးသိပ္ပံနဲ့ နည်းပညာ၊ ယဉ်ကျေးမှု၊ ကာကွယ်ရေး စတဲ့ကဏ္ဍပေါင်းစုံဆက်ဆံရေးကိုလည်း ဆက်လက်မြှင့်တင် ဆောင်ရွက်သွားပါမယ်။ အစိုးရအချင်းချင်း ဆက်ဆံရေးသာမက ပြည်သူချင်းဆက်ဆံရေးကိုလည်း တိုးချဲ့ဆောင်ရွက်သွားပါမယ်။ဒီနှစ်နိုင်ငံ နှစ်ဖက်ပူးပေါင်းဆောင်ရွက်မှုတွေကို ဆောင်ရွက်နိုင်ဖို့အတွက် အစိုးရတာဝန်ရှိသူများသာမကတက်ရောက်နေကြတဲ့ မီဒီယာများရဲ့ကဏ္ဍကလည်း အရေးကြီးပါတယ်။ ဒါ့ကြောင့် ဒါကိုလည်း ပူးပေါင်းဆောင်ရွက်ပေးဖို့ မေတ္တာရပ်ခံလိုပါတယ်။ ကျွန်တော်တို့နိုင်ငံဟာ အရှေ့တောင်အာရှထဲမှာ ကုန်းတွင်းနိုင်ငံထဲမှာ အကြီးဆုံးနိုင်ငံတစ်ခုဖြစ်ပါတယ်။ ကမ္ဘာ့လူဦးရေ အများဆုံးနိုင်ငံကြီး နှစ်နိုင်ငံဖြစ်တဲ့ တရုတ်နိုင်ငံနဲ့ အိန္ဒိယနိုင်ငံကြားမှာ ဆက်စပ်ပြီး တည်ရှိနေတဲ့နိုင်ငံဖြစ်သလို အရှေ့တောင်အာရှနဲ့ တောင်အာရှကြားမှာလည်း ပေါင်းကူးတံတားသဖွယ်ရှိနေတဲ့ နိုင်ငံလည်းဖြစ်ပါတယ်။ စိုက်ပျိုးရေး၊မွေးမြူရေးနဲ့ လမ်းပန်းဆက်သွယ်ရေးအတွက်

စာမျက်နှာ ၂၀ သို့

**စာမျက်နှာ ၁၉ မှအဆက်**

ကောင်းမွန်တဲ့ ရေ၊ မြေ၊ ရာသီဥတုကို ပိုင်ဆိုင်ထားတဲ့ နိုင်ငံလည်းဖြစ်ပါတယ်။ ကမ္ဘာမှာ ဆန်တင်ပို့မှုအဓိကတင်ပို့တဲ့ ထိပ်တန်းနိုင်ငံထဲမှာပါသလို ကမ္ဘာမှာပဲ တင်ပို့မှုမှာ ဒုတိယအမြင့်ဆုံးနိုင်ငံ တစ်ခုဖြစ်ပါတယ်။ စိုက်ပျိုးရေးနဲ့ မွေးမြူရေးလုပ်ငန်းလုပ်ဖို့လည်း မြေပမာဏများစွာကျယ်ဝန်းတဲ့ နိုင်ငံဖြစ်တဲ့အတွက်ကြောင့် ကမ္ဘာ့စားနပ်ရိက္ခာဖူလုံရေးနဲ့ လုံခြုံရေးအတွက် ပံ့ပိုးနိုင်တဲ့ နိုင်ငံဖြစ်အောင် ကြိုးစားဆောင်ရွက်နေပါတယ်။ ဒါကြောင့် ဘယ်လာရုစ်နိုင်ငံရဲ့ ခေတ်မီတဲ့ စိုက်ပျိုးရေး၊ မွေးမြူရေး၊ နည်းစနစ်တွေ၊ ယန္တရားတွေ၊ အထောက်အကူပြုစနစ်တွေနဲ့ လက်တွေ့ပေါင်းစပ်ကျင့်သုံးသွားမယ်ဆိုရင် မြန်မာနိုင်ငံအတွက်သာမက နှစ်ဖက်စလုံးမှာ အကျိုးရှိတဲ့ရလဒ်တွေခံစားရမယ်လို့ ကျွန်တော် အပြည့်အဝယုံကြည်ပါတယ်။ မိုင်ပေါင်း ၁၃၀၀ ကျော် လောက်ရှည်တဲ့ ပင်လယ်ကမ်းရိုးတန်းတစ်လျှောက်မှာလည်း အဓိကကျတဲ့ ရေနက်ဆိပ်ကမ်းတွေလည်း ကျွန်တော်တို့ရှိပါတယ်။ အထူးသဖြင့် ထားဝယ်၊ သီလဝါနဲ့ ကျောက်ဖြူရေနက်ဆိပ်ကမ်း သုံးခုတို့မှာလည်း ရင်းနှီးမြှုပ်နှံဖို့အတွက် အခွင့်အလမ်းကောင်းတွေရှိတဲ့အကြောင်းပြောလိုပါတယ်။ ဒါကြောင့် ဘယ်လာရုစ်နိုင်ငံက နယ်ပယ်ကဏ္ဍစုံနဲ့ မြန်မာနိုင်ငံမှာ လာရောက်ရင်းနှီးမြှုပ်နှံဖို့ ဖိတ်ခေါ်ပါကြောင်း ပြောလိုပါတယ်။ ကျွန်တော်တို့ နှစ်နိုင်ငံဟာ နိုင်ငံချင်းဆက်ဆံရေးသာမကဘဲ နိုင်ငံတကာမျက်နှာစာမှာလည်း ပူးပေါင်းဆောင်ရွက်မှုတွေ တိုးချဲ့ဆောင်ရွက်သွားပါမယ်။ နိုင်ငံတကာမျက်နှာစာမှာ ဘယ်လာရုစ်နိုင်ငံ၊ ဘယ်လာရုစ်ပြည်သူတွေက ကျွန်တော်တို့နိုင်ငံအပေါ်မှာလည်း ရပ်တည်ပေးတဲ့အတွက်ကြောင့် ကျေးဇူးတင်ရှိကြောင်းပြောလိုပါတယ်။ ကျွန်တော်တို့ဟာ ပြီးခဲ့တဲ့ ၂၀၂၀ပြည့်နှစ် ရွေးကောက်ပွဲမှာ မဲမသမာမှုဖြစ်ခဲ့တဲ့အတွက်ကြောင့် ကျွန်တော်တို့ နိုင်ငံတော်ကို အရေးပေါ်ကြေညာပြီး ခေတ္တတာဝန်ယူထားတာဖြစ်ပါတယ်။ ဒါ့ကြောင့် မကြာခင်မှာလည်း ဥပဒေနဲ့အညီ ရွေးကောက်ပွဲကျင်းပသွားဖို့ ရှိပါတယ်။ လွတ်လပ်ပြီး တရားမျှတတဲ့ ရွေးကောက်ပွဲကို ၂၀၂၅ ခုနှစ် ဒီဇင်ဘာ သို့မဟုတ် ၂၀၂၆ ခုနှစ် ဇန်နဝါရီလ အစောဆုံးကျင်းပသွားဖို့စီစဉ်ထားကြောင်း ပြောလိုပါတယ်။ရွေးကောက်ပွဲဝင်ဖို့အတွက်လည်း ပါတီပေါင်း ၅၃ ခုက စာရင်းပေးသွင်းထားပြီးဖြစ်ပါတယ်။ ရွေးကောက်ပွဲကျင်းပမှုနဲ့ပတ်သက်ပြီး ဘယ်လာရုစ်နိုင်ငံရဲ့ လေ့လာရေးအဖွဲ့များကိုလည်း လာရောက်ကြည့်ရှုနိုင်ဖို့အတွက် ဖိတ်ကြားလိုပါတယ်။ ဒီမှာ တစ်ဆက်တည်းမှာပဲ အဆွေတော်သမ္မတကြီးရဲ့ ဘယ်လာရုစ်နိုင်ငံအပေါ်မှာ အစစအရာရာဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပေးနိုင်မှုများအတွက်လည်း အထူးပဲဂုဏ်ပြုကြောင်း ပြောလိုပါတယ်။ အဆွေတော်ရဲ့ ဦးဆောင်မှုနဲ့ ဘယ်လာရုစ်နိုင်ငံဟာ ကမ္ဘာ့ထိပ်တန်းနိုင်ငံတစ်ခုဖြစ်မယ်လို့လည်း ကျွန်တော် ယုံကြည်ထားပါတယ်။ အဆွေတော်သမ္မတကြီးကို မြန်မာနိုင်ငံမှာလည်း ထပ်မံတွေ့ဆုံဖို့လည်း ကျွန်တော် အပြည့်အဝမျှော်လင့်ထားပါတယ်။ နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်ရေးနယ်ပယ်အားလုံး ခိုင်ခိုင်မာမာနဲ့ ပြည့်ပြည့်စုံစုံ အောင်မြင်တိုးတက်ပါစေကြောင်း ဆုမွန်ကောင်းတောင်းပါတယ်။ ကျေးဇူးအများကြီးတင်ပါတယ်။

**ဘယ်လာရုစ်သမ္မတနိုင်ငံ သမ္မတ**
**H. E. Mr. Alexander Gregoryevich Lukashenko**

ကျွန်တော့်အနေနဲ့ အခုလိုမျိုးဖိတ်ကြားတဲ့အတွက်လည်း ကျေးဇူးတင်ပါတယ်။ ကျွန်တော့်အနေနဲ့ မြန်မာနိုင်ငံကိုလည်း လာရောက်မှာဖြစ်ပါတယ်။ အဆွေတော်အဆိုပြုသွားတဲ့အတိုင်းပဲ ရွေးကောက်ပွဲမှာလည်း လေ့လာရေးစောင့်ကြည့်သူတွေကို ကျွန်တော်တို့ လွှတ်ပေးမှာဖြစ်ပါတယ်။ ဒီနေရာမှာ ကျွန်တော်တစ်ခုလေး အကြံပြုလိုတာကတော့ အဆွေတော်ကို အကြံပြုစရာလေးတစ်ခုရှိပါတယ်။ အဲ့ဒါကတော့ အဆွေတော်အနေနဲ့ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးနဲ့ မိမိနိုင်ငံသားတွေအတွက် အဆွေတော်အနေနဲ့ ကောင်းမယ်ထင်တဲ့အရာဆိုရင် အမြန်ဆုံးအကောင်အထည်ဖော်ဆောင်ရွက်ဖို့အတွက် ကျွန်တော် အကြံပြုလိုပါတယ်။ အဆွေတော်အနေနဲ့ အကောင်အထည်ဖော်တဲ့အချိန်မှာ တချို့လူတွေကတော့ မကြိုက်တဲ့လူတွေကတော့ ရှိကောင်းရှိမှာပါ။ Sanctions တွေလည်း ဖြစ်ကောင်းဖြစ်လာနိုင်ပါတယ်။ ကျွန်တော်တို့မှာရော အဆွေတော်မှာရော ရှိနေတဲ့ Sanctions တွေကလည်း ထပ်ပြီးတော့ ဖြစ်ကောင်းဖြစ်နိုင်ပါတယ်။ ကျွန်တော့်အနေနဲ့ Sanctions ဆိုတာက အခွင့်အလမ်းကောင်းလို့ ကျွန်တော် သတ်မှတ်ပါတယ်။ ဒီလိုမျိုး Sanctions ချထားတဲ့အချိန်မှာ အခွင့်အလမ်းကောင်းလို့ သတ်မှတ်တဲ့အတွက် ကျွန်တော်တို့နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်ရေး လုပ်ငန်းတွေကို ပိုမိုဆောင်ရွက်ပြီးတော့ ပိုမိုစည်းစည်းလုံးလုံးနဲ့ ဆောင်ရွက်မယ်ဆိုရင်တော့ အကောင်းဆုံး အကောင်အထည်ဖော်နိုင်မှာပါ။ ကျေးဇူးအများကြီးတင်ပါတယ်။ အခုလိုမျိုး ဘယ်လာရုစ်နိုင်ငံကို လာရောက်တဲ့အတွက် ကျေးဇူးတင်ပါတယ်။

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ**
**နိုင်ငံတော်ဝန်ကြီးချုပ်**
**ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်**

Sanctions လုပ်တယ်ဆိုလို့ရှိရင် Sanctions လို့ ခေါ်တဲ့ အဖွဲ့အစည်းတွေ ဆန့်ကျင်ဘက်အဖွဲ့အစည်းတွေက အတိုက်အခိုက်ခံရတဲ့ software တွေက အင်အားစုစည်းမှုကို ပိုမိုရရှိစေပြီးတော့မှ ပြိုင်ဆိုင်မှုတွေကို ပြင်းထန်လာစေမယ်ဆိုတာကိုလည်း သတိပြုစေလိုပါတယ်။ သူတို့ဖြစ်တဲ့ အရာတစ်ခုကို Sanctions လုပ်ပြီးတော့ ဖိအားပေးတယ်ဆိုတာမျိုးက ဘယ်တော့မှ အောင်မြင်မှာမဟုတ်ပါဘူး။ပဋိပက္ခသာ ပိုမိုကြီးမားလာစေမှာဖြစ်ပါတယ်။ ကျွန်တော်တို့နှစ်ယောက် ပူးပေါင်းပြီးတော့မှ ကျွန်တော်တို့ ဒါကို ရင်ဆိုင်ကျော်လွှားသွားပါမယ်။ အဆွေတော်တို့နဲ့ပူးပေါင်းဆောင်ရွက်ဖို့ အဆင်သင့်ရှိကြောင်း ပြောလိုပါတယ်။

# လျှင်ဘေးကြိုတင်ပြင်ဆင်ရေးနှင့်စပ်လျဉ်း၍ ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ မြန်မာနိုင်ငံသည် မီးဘေး၊ ရေဘေး၊ မုန်တိုင်းဘေး၊ ငလျင်ဘေး၊ ဆူနာမီဘေး၊ မြေပြိုဘေး၊ မိုးခေါင်ရေရှားဘေး၊ မိုးကြိုးဘေးနှင့် လေပြင်းဘေးစသည့် သဘာဝဘေးများဖြစ်ပွားလေ့ရှိသောနိုင်ငံဖြစ်ပါသည်။ ငလျင်ဘေးအန္တရာယ်သည် ကြိုတင်သတိပေးချက်မရရှိနိုင်သောဘေးဖြစ်ပြီး ရုတ်တရက်ဖြစ်ပွားတတ်သည့်အတွက်ကြောင့် လူဦးရေလူနေအိမ်၊ တိုက်တာအဆောက်အအုံများသည့်နေရာများတွင် ဖြစ်ပွားပါက ပျက်စီးဆုံးရှုံးမှုများနိုင်ပါသည်။ ငလျင်လှုပ်ခတ်မှုဖြစ်ပေါ်ရခြင်းသည် ကမ္ဘာမြေကြီးအောက်ရှိ ကျောက်လွှာများရုတ်တရက်ကျိုးပြတ်ရွေ့လျားမှုကြောင့်ဖြစ်ပေါ်ခဲ့ပြီး မြေသားများပြင်းပြင်းထန်ထန်တုန်ခါနေခြင်းကြောင့်ဖြစ်ပါသည်။

၂။ မြန်မာနိုင်ငံတွင်ငလျင်ဖြစ်ပေါ်နိုင်သည့် အဓိကပြတ်ရွေ့ကြောလေးခုရှိပြီး အရှည်ဆုံးဖြစ်သည့် စစ်ကိုင်းပြတ်ရွေ့ကြောသည် ကချင်ပြည်နယ် ပူတာအိုမှစတင်၍ ဧရာဝတီမြစ်တစ်လျှောက်မှ စစ်တောင်းမြစ်ဝှမ်းကိုဖြတ်ပြီး မုတ္တမပင်လယ်ကွေ့ထိရှည်လျားပါသည်။

၃။ ၂၀၂၀ ပြည့်နှစ်မှ ၂၀၂၄ ခုနှစ်ထိ ပြင်းအားအနည်းငယ်နှင့်ပြင်းအားအသင့်အတင့်ဖြင့် ငလျင် အကြိမ် ၅၆၀ လှုပ်ခတ်ခဲ့ပါသည်။

၄။ ငလျင်လှုပ်ခတ်မှုများကြောင့် ထိခိုက်မှုများလျော့နည်းစေရန်အတွက် အသိပညာပေးခြင်းတို့ကို ဒေသအလိုက်အုပ်ချုပ်ရေးအဖွဲ့အစည်းများနှင့်အတူ လူမှုဝန်ထမ်း၊ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာနက ပြည်သူလူထု၏ပူးပေါင်းပါဝင်မှုဖြင့် ဆောင်ရွက်လျက်ရှိပါသည်။

၅။ ပြည်သူများအနေဖြင့်လည်း ငလျင်ဘေးအတွက်အောက်ပါကြိုတင်ပြင်ဆင်မှုများကို ပူးပေါင်းပါဝင်ဆောင်ရွက်ပေးနိုင်ပါရန် အသိပေးနှိုးဆော်အပ်ပါသည်-

(က) မိမိနေထိုင်ရာနေရာသည် မည်သည့်ငလျင်ဇုန်တွင် ကျရောက်သည် မည်ကဲ့သို့ပြင်ဆင်ထားသင့်သည်ကို လေ့လာထားပါ။

( ခ ) ဘေးကင်းလုံခြုံသော နေရာ၊လမ်းကြောင်းများကို သတ်မှတ်ထားပါ။ ငလျင်လှုပ်နေချိန်တွင် ပြုမူနေထိုင်ရမည့်နည်းလမ်းများကို မိသားစုဝင်များအား အသိပေးလေ့ကျင့်ထားပါ။

( ဂ ) ပြိုကျ၊ပြုတ်ကျ၊ကွဲရှနိုင်သော ပစ္စည်းများတွဲလောင်းကျနေသောအရာများကို အန္တရာယ်မဖြစ်စေရန်မြဲမြံအောင်ပြုလုပ်ထားပါ။

(ဃ) မိမိအိမ်၏ခိုင်ခံ့မှုကို ပုံမှန်စစ်ဆေးပြီး တောင့်တင်းခိုင်မာအောင် ကြိုတင်ပြင်ဆင်ထားပါ။

၆။ ငလျင်လှုပ်နေစဉ်တွင် အောက်ပါတို့ကို သတိပြုလိုက်နာကြရန် အသိပေးနှိုးဆော်အပ်ပါသည်-

(က) ကြောက်ရွံ့ထိတ်လန့်မှုမရှိပါနှင့်။ သတိရှိပါ။ တည်ငြိမ်မှုရှိပါ။

( ခ ) ငါးစက္ကန့်အတွင်းအဆောက်အအုံအပြင်သို့ရောက်နိုင်ပါက ပြေးထွက်ပါ။ မရောက်နိုင်ပါက ဘေးကင်းသောနေရာတွင် (ဝပ်၊ ကာ၊ ထိုင်)ပုံစံဖြင့်နေပါ။

( ဂ ) လယ်ကွင်း၊ကွင်းပြင် (သို့) ဘေးကင်းရာ(မြင့်မားသောအဆောက်အအုံ၊ လျှပ်စစ်မီးကြိုး၊ ဓာတ်တိုင်များ၊ သစ်ပင်များ၊ ပြိုကျလာနိုင်သောအရာများနှင့်ဝေးရာ)သို့ပြေးပါ။

(ဃ) ငလျင်ကြောင့် ဆူနာမီလှိုင်းများဖြစ်ပေါ်လာနိုင်သည့်အတွက် ကမ်းခြေ(သို့) မြစ်ကမ်းစပ်အနီးတွင် ရောက်ရှိနေပါက ကုန်းမြေမြင့်သို့ ရွှေ့ပြောင်းပါ။

( င ) မီးအသုံးပြုနေစဉ် ငလျင်လှုပ်ပါက မီးတောက်ငြိမ်းပါ။ မီးခလုတ်များကို ပိတ်ပါ။

( စ ) ဆိုင်ကယ်၊ ကားစသည့်တို့ မောင်းနှင်နေချိန်ဖြစ်ပါက အရှိန်လျှော့ပြီး ဘေးကင်းရာနေရာတွင် ရပ်ထားပါ။

၇။ ငလျင်လှုပ်နေစဉ်တွင်အောက်ပါတို့ကို ရှောင်ရှားရန်လိုအပ်ပါသည်-

(က) အဆောက်အအုံထဲသို့ ပြေးမဝင်ပါနှင့်။

( ခ ) ဓာတ်လှေကားများ အသုံးမပြုပါနှင့်။

( ဂ ) အထပ်မြင့်တိုက်များမှ ခုန်ထွက်ခြင်းမပြုပါနှင့်။

၈။ ငလျင်လှုပ်ပြီးနောက်ပိုင်း အောက်ပါတို့ကို သတိပြုဆောင်ရွက်ကြပါရန် အသိပေးနှိုးဆော်အပ်ပါသည်-

(က) မိမိ၏မိသားစုဝင်များကို စစ်ဆေးပါ။ မိသားစုဝင်များပျောက်ဆုံးသွားပါက သက်ဆိုင်ရာသို့ အကြောင်းကြားပါ။

( ခ ) ထိခိုက်ဒဏ်ရာရရှိသူများကိုစစ်ဆေးပြီး လိုအပ်သောအကူအညီများပေးပါ။

( ဂ ) သက်ဆိုင်ရာအစိုးရဌာနက ထုတ်ပြန်ကြေညာသောသတင်းများကိုစဉ်ဆက်မပြတ်နားထောင်ပြီး အကြံပြုချက်များကို လိုက်နာပါ။ အခြားသူများကိုမျှဝေပါ။ ကောလာဟလသတင်းများကို မယုံပါနှင့်။

(ဃ) မိမိအိမ်နှင့်ပတ်ဝန်းကျင်ရှိ လျှပ်စစ်ပစ္စည်းများ ပျက်စီးမှုများအားလုံးကို ပြန်လည်စစ်ဆေးပါ။

( င ) အင်အားကြီးမားသည့်ငလျင်လှုပ်ပြီးတိုင်း နောက်ဆက်တွဲငလျင်များ လှုပ်တတ်ကြောင်း သတိပြုပါ။

( စ ) နောက်ဆက်တွဲဘေးအန္တရာယ်(မီးဘေး၊ ဆူနာမီ၊ ရေကြီးခြင်း၊ မြေပြိုခြင်း)များကို အထူးသတိပြုပါ။

၉။ ငလျင်လှုပ်ပြီးနောက် အောက်ပါတို့ကို သတိပြုရှောင်ရှားသင့်ကြောင်း အသိပေးနှိုးဆော်အပ်ပါသည်-

(က) အဆောက်အအုံ၏ခိုင်ခံ့မှုကို စစ်ဆေးခြင်းမပြုဘဲ မဝင်ရ။

( ခ ) မြစ်ကမ်းပါး၊ တောင်စောင်းများသို့မသွားပါနှင့်။ မြေပြိုနိုင်ပါသည်။

( ဂ ) ဆည်၊ ရေလှောင်ကန်များအနီးတွင် မနေပါနှင့်။ ဆည်ကျိုးပေါက်နိုင်ပြီး ရေကြီးနိုင်သည်။

(ဃ) တာဝါတိုင်များ၊ မျှော်စင်များ၊ အထပ်မြင့်အဆောက်အအုံများ ပြိုကျနိုင်သဖြင့် အနီးသို့မသွားပါနှင့်။

၁၀။ သဘာဝဘေးအန္တရာယ်များနှင့်ပတ်သက်၍ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာနတွင် ဖွင့်လှစ်ထားရှိသည့် Hot-Line ဖုန်းများဖြစ်သော ၀၆၇-၃၄၀၄၆၆၆ နှင့် ၀၆၇-၃၄၀၄၇၇၇ တို့သို့ဆက်သွယ်၍ အကူအညီတောင်းခံနိုင်ပါကြောင်း လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနက အသိပေးကြေညာအပ်ပါသည်။

**လူမှုဝန်ထမ်း၊ကယ်ဆယ်ရေးနှင့်**
**ပြန်လည်နေရာချထားရေးဝန်ကြီးဌာန**

# မြန်မာ-ဘယ်လာရုစ် စီးပွားရေးဖိုရမ်ကျင်းပ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တက်ရောက်၍ အဖွင့်အမှာစကားပြောကြား




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် မြန်မာ-ဘယ်လာရုစ် စီးပွားရေးဖိုရမ်တွင် အဖွင့်အမှာစကားပြောကြားစဉ်။

**နေပြည်တော် မတ် ၇**

မြန်မာ-ဘယ်လာရုစ် စီးပွားရေးဖိုရမ်ကို မတ် ၆ ရက် ဒေသစံတော်ချိန် ညနေပိုင်းတွင် မင့်စ်မြို့ President ဟိုတယ်၌ ကျင်းပပြုလုပ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တက်ရောက်၍ အဖွင့်အမှာစကားပြောကြားသည်။

အဆိုပါမြန်မာ-ဘယ်လာရုစ် စီးပွားရေးဖိုရမ်အခမ်းအနားသို့ ကောင်စီတွဲဖက်အတွင်းရေးမှူး ဗိုလ်ချုပ်ကြီးရဲဝင်းဦး၊ ကောင်စီဝင် ဗိုလ်ချုပ်ကြီးညိုစော၊ ပြည်ထောင်စုဝန်ကြီးများ၊ ဘယ်လာရုစ်သမ္မတနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီး ဦးသစ်လင်းအုန်းနှင့် ခရီးစဉ်တွင် လိုက်ပါလာသည့် အဆင့်အမြင့်အရာရှိကြီးများ၊ ဘယ်လာရုစ်သမ္မတနိုင်ငံ ဒုတိယဝန်ကြီးချုပ် Mr. Yuri Shuleiko နှင့် ဘယ်လာရုစ်သမ္မတနိုင်ငံ အစိုးရအဖွဲ့မှ အဆင့်မြင့်အရာရှိကြီးများ၊ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်(UMFCCI)ဥက္ကဋ္ဌ ဦးအေးဝင်းနှင့်အဖွဲ့ဝင်များ၊ ဘယ်လာရုစ်နိုင်ငံ စီးပွားရေးလုပ်ငန်းရှင်များ၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်များ တက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က အဖွင့်အမှာစကား ပြောကြားရာတွင် အားလုံးသိကြသည့်အတိုင်း မိမိတို့သည် မိတ်ဖက်နိုင်ငံများနှင့် ဆက်ဆံရေးကို သံတမန်လမ်းကြောင်းမှနေ၍ အစပြုခဲ့ပြီး စိန်ခေါ်မှုအမျိုးမျိုးကို လက်တွဲပူးပေါင်းကာ အတူတကွ ကျော်လွှားခဲ့ကြခြင်းဖြစ်ကြောင်း၊ ဘယ်လာရုစ်နိုင်ငံနှင့်လည်း သံတမန်ဆက်ဆံရေးကို ၁၉၉၉ ခုနှစ်တွင် စတင်ခဲ့ပြီး အပြန်အလှန်ယုံကြည်မှုနှင့် နားလည်မှုကို အခိုင်အမာတည်ဆောက်နိုင်ခဲ့ခြင်းပင်ဖြစ်ကြောင်း။

လက်ရှိတွင်လည်း နှစ်နိုင်ငံအကြား ပြည်သူအချင်းချင်းဆက်ဆံရေး၊ စီးပွားရေးလုပ်ငန်းအချင်းချင်းဆက်ဆံရေး၊ အစိုးရဌာနအချင်းချင်းဆက်ဆံရေး၊ အစိုးရအချင်းချင်းဆက်ဆံရေးများကို လက်တွေ့ဖော်ဆောင်ခြင်းမှတစ်ဆင့် အပြန်အလှန်ယုံကြည်မှုသည် ပိုမိုခိုင်မြဲလာမည်ဖြစ်ကြောင်း၊ အထူးသဖြင့် စီးပွားရေးအရပူးပေါင်းဆောင်ရွက်မှုနှင့် ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာဆက်နွယ်မှုမှတစ်ဆင့် နှစ်ဦးနှစ်ဖက်ဘုံတူညီသည့်အနာဂတ်ကို လျှောက်လှမ်းရန် စတင်နိုင်ခြင်းပင်ဖြစ်ကြောင်း။

ဦးစွာ ဘယ်လာရုစ်နိုင်ငံဘက်မှ ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုကတိကဝတ်များကို စတင်နိုင်ရန် သဘောတူစာချုပ်မူကြမ်းကို ပြီးခဲ့သည့်ဆယ်စုနှစ်ကျော်က ပေးပို့လာခဲ့သည်ကို မြန်မာနိုင်ငံ၏ စိတ်ပါဝင်စားမှုနှင့်အတူ အကြောင်းပြန်ကြားခဲ့မှုအပေါ် ပြန်လည်အမှတ်ရမိကြောင်း၊ ယခုအချိန်တွင် အဆွေတော်တို့၏ စိတ်ပါဝင်စားမှုနှင့် မြန်မာနိုင်ငံ၏ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုကတိကဝတ်ကို ပြန်လည်အသက်သွင်းနိုင်ရန်အတွက် မြန်မာနိုင်ငံဘက်က ကြိုးပမ်းဆောင်ရွက်ခဲ့သည်ကိုလည်း အဆွေတော်တို့ကို သိရှိစေလိုကြောင်း။

လက်ရှိတွင် နှစ်နိုင်ငံအကြား ပူးတွဲကော်မရှင်ဖွဲ့စည်းပြီး ပူးပေါင်းဆောင်ရွက်မှုကဏ္ဍများ သတ်မှတ်ဖော်ပြနိုင်ခြင်းမရှိသေးသော်လည်း ယခု နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီလက်ထက်တွင် နှစ်နိုင်ငံအကြား ဆွေးနွေးမှုများသည် အတိုင်းအတာတစ်ခုအထိရောက်ရှိလာသည်ကို သက်သေပြနိုင်ခြင်းပင်ဖြစ်ကြောင်း၊ အစိုးရအချင်းချင်းအကြား ချစ်ကြည်ရင်းနှီးသည့်ဆက်ဆံရေး၊ နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်မှုနှင့် သံတမန်ဆက်ဆံရေးကို အားကောင်းလာစေရေး၊ ကုန်သွယ်မှုကဏ္ဍနှင့် ရင်းနှီးမြှုပ်နှံမှုကဏ္ဍ တိုးမြှင့်ရေးတို့နှင့်စပ်လျဉ်းပြီး တိုးတက်မှုရှိလာခြင်းကို အထင်အရှားတွေ့မြင်နိုင်ပြီဖြစ်ကြောင်း။

မြန်မာနိုင်ငံနှင့် ဘယ်လာရုစ်နိုင်ငံတို့အကြား ပညာရေး၊ စိုက်ပျိုးရေး၊ မွေးမြူရေး၊ ဆေးဝါး၊ စက်မှုလက်မှုနှင့် ခရီးသွားကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်မှုကို မြှင့်တင်နိုင်ရေးနှင့် ဘယ်လာရုစ်နိုင်ငံနှင့် သိပ္ပံနှင့်ခေတ်မီနည်းပညာများကို လေ့လာနိုင်စေရန်အတွက်လည်း ပညာသင်ကျောင်းသားများကို စေလွှတ်နိုင်ရေးကိစ္စရပ်များအပေါ် ဆွေးနွေးညှိနှိုင်းမှုများကို အစပြုနိုင်ပြီဖြစ်ကြောင်း ကြားသိရသည့်အတွက်လည်း များစွာဝမ်းမြောက်ရကြောင်း၊ ယခုကဲ့သို့ မြန်မာနိုင်ငံအပေါ် အလေးထားစဉ်းစားပေးမှုအတွက် များစွာကျေးဇူးတင်ရှိကြောင်း ယခုနေရာမှ ပြောကြားလိုကြောင်း။

ထို့ပြင် မြန်မာနိုင်ငံအနေဖြင့် ဘယ်လာရုစ်နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်မှုလမ်းကြောင်းအတွက် ပုဂ္ဂလိကကဏ္ဍဖွံ့ဖြိုးတိုးတက်မှုမှတစ်ဆင့် ကြိုးပမ်းအားထုတ်မှုအတွေ့အကြုံများကို ယခုကဲ့သို့အခမ်းအနားများမှတစ်ဆင့် အနီးကပ်လေ့လာသိရှိခွင့်ရနိုင်မည်ဖြစ်ကြောင်း။

အထူးသဖြင့် မြန်မာနိုင်ငံအနေဖြင့် ကုန်ထုတ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး၊ ပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းများနှင့် ဝင်ငွေများ ပိုမိုရရှိနိုင်ရေး၊ ဆင်းရဲမှုလျှော့ချရေးနှင့် စားနပ်ရိက္ခာပိုမိုဖူလုံမှုရှိစေရေးတို့ကို အလေးထားလေ့လာလိုပါကြောင်း၊ အဆွေတော်တို့၏ အတွေ့အကြုံကောင်းများကို မျှဝေခြင်းနှင့်အတူ နှစ်နိုင်ငံအကြား ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုကိုပါ တိုးမြှင့်နိုင်မည်ဟု ယုံကြည်ပါကြောင်း။

လက်ရှိအချိန်တွင် နှစ်နိုင်ငံအကြား ကုန်သွယ်မှုများသည် အတိုင်းအတာတစ်ခုအထိ တိုးတက်လာလျက်ရှိသည်ကို ဂုဏ်ယူစွာပြောကြားလိုကြောင်း၊ အထူးသဖြင့် စိုက်ပျိုးရေးနိုင်ငံ တစ်နိုင်ငံအတွက် မရှိမဖြစ်လိုအပ်သည့် ဓာတ်မြေသြဇာထုတ်လုပ်မှုမှာ ဘယ်လာရုစ်နိုင်ငံက ထိပ်တန်းနိုင်ငံတစ်နိုင်ငံအဖြစ် ရပ်တည်နေသည်ကို အားလုံးကလည်း သိကြမည်ဖြစ်ကြောင်း။

စိုက်ပျိုးရေးကိုအခြေခံသည့် နိုင်ငံဖြစ်သည့် မြန်မာနိုင်ငံအနေဖြင့် ဓာတ်မြေသြဇာတင်သွင်းမှုအပိုင်းကို အဓိကမြှင့်တင်လိုခြင်းပင်ဖြစ်ကြောင်း၊ အထူးသဖြင့် မြန်မာနိုင်ငံ၏ ဦးစားပေးရင်းနှီးမြှုပ်နှံမှုကဏ္ဍတစ်ခုဖြစ်သည့် ဓာတ်မြေသြဇာထုတ်လုပ်မှုကဏ္ဍတွင် ဘယ်လာရုစ်နိုင်ငံမှ မိတ်ဖက်စီးပွားရေးလုပ်ငန်းရှင်များကို လာရောက်ရင်းနှီးမြှုပ်နှံနိုင်ရန် အလေးထားဖိတ်ခေါ်လိုခြင်းဖြစ်ကြောင်း။

မြန်မာနိုင်ငံသည် ရေမြေသဘာဝကောင်းမွန်ခြင်းကြောင့် စိုက်ပျိုးရေးနှင့် မွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်ငန်းများကို နိုင်ငံတော်၏ အဓိကကုန်ထုတ်လုပ်ငန်းများအဖြစ် မြှင့်တင်လျက်ရှိကြောင်း၊ ယင်းထုတ်ကုန်လုပ်ငန်းများမှ ထုတ်ကုန်များကို တန်ဖိုးမြှင့်ထုတ်လုပ်နိုင်ရန်အတွက် သတင်းအချက်အလက်နှင့်နည်းပညာပိုင်းတွင် ရှေ့တန်းကိုရောက်ရှိနေပြီဖြစ်သည့် ဘယ်လာရုစ်နိုင်ငံနှင့် ပိုမိုနီးကပ်စွာပူးပေါင်းဆောင်ရွက်ပြီး စက်မှုလယ်ယာစနစ်ဖြင့် Smart Agriculture အဖြစ် အဆင့်မြှင့်တင်လိုခြင်းပင်ဖြစ်ကြောင်း။

အားလုံးသိကြသည့်အတိုင်း မြန်မာနိုင်ငံအနေဖြင့် ဒေသအလိုက်အလုပ်အကိုင်အခွင့်အလမ်းများကို ဖော်ဆောင်ပေးနေပြီး လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်အောင် တစ်ဖက်တစ်လမ်းမှ ကြိုးပမ်းဖော်ဆောင်လျက်ရှိကြောင်း၊ ထို့ကြောင့် မိတ်ဖက်နိုင်ငံဖြစ်သည့် ဘယ်လာရုစ်နိုင်ငံ၏ခေတ်မီနည်းပညာနှင့် ပံ့ပိုးကူညီမှုများရရှိပါက မြန်မာနိုင်ငံရှိ လုပ်သားအင်အားများ၏ စွမ်းဆောင်ရည်များ ပိုမိုတိုးတက်လာပြီး နှစ်ဦးနှစ်ဖက် ပိုမိုတည်တံ့ခိုင်မာသည့် ပူးပေါင်းဆောင်ရွက်မှုကို ပိုမိုအထောက်အကူဖြစ်စေမည်ဟု ယုံကြည်ကြောင်း။

၂၀၂၅ ခုနှစ် ဇန်နဝါရီ ၁၀ ရက်တွင် ကျင်းပခဲ့သည့် Myanmar – Belarus Business Forum အရ နှစ်နိုင်ငံတာဝန်ရှိသူများသည် ဓာတ်မြေသြဇာကဏ္ဍ၊ ကားထုတ်လုပ်ရေးကဏ္ဍ၊ ဆေးဝါးထုတ်လုပ်ရေးကဏ္ဍ၊ အဆင့်မြင့်ပညာရေးကဏ္ဍ၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးကဏ္ဍ၊ တိရစ္ဆာန်ဆေးဝါး ထုတ်လုပ်ရေးနှင့် စားသောက်ကုန်ကဏ္ဍ၊ ရေထွက်ပစ္စည်းထုတ်ကုန်ကဏ္ဍများ၏ အလားအလာကို အပြန်အလှန်မျှဝေခွင့်ရရှိခဲ့ကြောင်း၊ မိမိတို့အတူတကွ စီးပွားရေးဆိုင်ရာဆွေးနွေးမှုများကို အောင်မြင်စွာ ကျင်းပပြုလုပ်နိုင်ခဲ့သည့်အတွက်လည်း နောင်အနာဂတ်တွင် နှစ်နိုင်ငံအကြား ပူးပေါင်းဆောင်ရွက်မှုကို ပိုမိုမြှင့်တင်နိုင်မည့် အလားအလာကောင်းများရရှိမည်ဟုလည်း ယုံကြည်မိကြောင်း။

ယခုကဲ့သို့ မိမိတို့နှင့် နှစ်နိုင်ငံအကြား ပူးပေါင်းဆောင်ရွက်မှု အလားအလာများနှင့် ရင်းနှီးမြှုပ်နှံမှုအခွင့်အလမ်းများကို သိရှိအောင် မျှဝေခွင့်ရသည့်အတွက် အထူးပင်ဂုဏ်ယူဝမ်းမြောက်ရကြောင်း၊ နှစ်နိုင်ငံအကြား ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ သဘောတူစာချုပ်များ ချုပ်ဆိုမှု၊ အထူးသဖြင့် အပြန်အလှန်ပေးပို့ထားပြီးဖြစ်သည့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ သဘောတူစာချုပ်(မူကြမ်း)အပေါ် မိမိတို့နှစ်နိုင်ငံအကြား ပြန်လည်အသက်သွင်းနိုင်ရန် လိုအပ်သည်ကို တိုက်တွန်းပြောကြားလိုကြောင်း၊ အနာဂတ်တွင် နှစ်ဦးနှစ်ဖက်အကျိုးဖြစ်ထွန်းနိုင်သည့် အလားအလာကောင်းများ အများကြီးရှိမည်ကို ယုံကြည်ကြောင်း၊ ယနေ့အခမ်းအနားတွင် အဆွေတော်တို့၏ အလေးထားစိတ်ဝင်စားမှုနှင့် တက်တက်ကြွကြွ ပါဝင်တက်ရောက်ပေးမှုအတွက် ကျေးဇူးတင်ရှိကြောင်းဖြင့် ပြောကြားသည်။

ယင်းနောက် ဘယ်လာရုစ်သမ္မတနိုင်ငံ ဒုတိယဝန်ကြီးချုပ်က အဖွင့်နှုတ်ခွန်းဆက်စကားပြောကြားရာတွင် မိမိတို့နိုင်ငံသည် စိုက်ပျိုးရေးလုပ်ငန်းကို အခြေခံသည့် ကုန်ထုတ်လုပ်မှုလုပ်ငန်းများကို ဆောင်ရွက်နေခြင်းဖြစ်ကြောင်း၊ စိုက်ပျိုးရေးကုန်ထုတ်လုပ်ငန်းများ

စာမျက်နှာ ၂၂ သို့




ဘယ်လာရုစ်သမ္မတနိုင်ငံ ဒုတိယဝန်ကြီးချုပ် Mr. Yuri Shuleiko မြန်မာ-ဘယ်လာရုစ် စီးပွားရေးဖိုရမ်တွင် အဖွင့်နှုတ်ခွန်းဆက်စကားပြောကြားစဉ်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဘယ်လာရုစ်နိုင်ငံတွင် ပညာသင်ကြားလျက်ရှိသည့် သင်တန်းသားအရာရှိများကို တွေ့ဆုံအမှာစကားပြောကြား





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဘယ်လာရုစ်နိုင်ငံတွင် ပညာသင်ကြားလျက်ရှိသည့် သင်တန်းသားအရာရှိများကို တွေ့ဆုံအမှာစကားပြောကြားစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် သင်တန်းသားအရာရှိများအတွက် စားသောက်ဖွယ်ရာများနှင့် ချီးမြှင့်ငွေများပေးအပ်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ကောင်စစ်ဝန်ချုပ်ရုံးဝန်ထမ်းများနှင့် မိသားစုများကို တွေ့ဆုံအမှာစကားပြောကြားစဉ်။

**နေပြည်တော် မတ် ၇**

ဘယ်လာရုစ်သမ္မတနိုင်ငံ မင့်စ်မြို့သို့ နိုင်ငံတော်အဆင့် တရားဝင်ချစ်ကြည်ရေး ခရီးရောက်ရှိနေသည့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် ယနေ့ဒေသစံတော်ချိန် ညနေပိုင်းတွင် ဘယ်လာရုစ်သမ္မတနိုင်ငံ မင့်စ်မြို့၌ ပညာသင်ကြားလျက်ရှိသည့်သင်တန်းသားအရာရှိများကို President ဟိုတယ်၌ တွေ့ဆုံအမှာစကားပြောကြားသည်။

အဆိုပါတွေ့ဆုံပွဲအခမ်းအနားသို့ကောင်စီ တွဲဖက်အတွင်းရေးမှူး ဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ကောင်စီဝင် ဗိုလ်ချုပ်ကြီးညိုစော၊ ခရီးစဉ်တွင်လိုက်ပါလာသည့် ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၊ ဘယ်လာရုစ်သမ္မတနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးသစ်လင်းအုန်း၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့် တပ်မတော်အရာရှိကြီးများ၊ ဒုတိယဝန်ကြီးများ၊ မြန်မာစစ်သံ (ကြည်း၊ ရေ၊လေ)နှင့် တာဝန်ရှိသူများ၊ သင်တန်းသားအရာရှိများ တက်ရောက်ကြသည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က အမှာစကားပြောကြားရာတွင် မိမိတို့အနေဖြင့် ပြည်ပနိုင်ငံသို့ ပညာတော်သင်များစေလွှတ်ခြင်းသည် ရည်ရွယ်ချက်ရှိစွာဖြင့် စေလွှတ်သင်ကြားစေခြင်းဖြစ်ကြောင်း၊ သာမန်အားဖြင့် ဘွဲ့လွန်သင်တန်းသားများရှိသကဲ့သို့ လိုအပ်ချက်များကြောင့် စေလွှတ်ရသည့် ပညာတော်သင် သင်တန်းသားများလည်းရှိကြောင်း၊ သင်တန်းများ စေလွှတ်တက်ရောက်စေခြင်းဖြင့် နိုင်ငံတော်အတွက် လူသားအရင်းအမြစ်များကို မွေးထုတ်ပေးနိုင်မည်ဖြစ်ကြောင်း၊ သင်တန်းသားများအနေဖြင့် သတ်မှတ်ထားသည့်ကာလအတွင်း သင်တန်းပြီးမြောက်အောင်သင်ကြားရန်နှင့် သင်ကြားပေးသည့်ပညာရပ်များကို အမှန်တကယ်တတ်မြောက်အောင် ကြိုးပမ်းဆောင်ရွက်ကြစေလိုကြောင်း။

ပြည်ပနိုင်ငံတွင် ပညာတော်သင်များအဖြစ် ရွေးချယ်စေလွှတ်ခံကြရသူများဖြစ်သဖြင့် မိမိကိုယ်ကိုတန်ဖိုးထား၍ ပိုမိုကြိုးပမ်းဆောင်ရွက်ကြရန်လိုကြောင်း၊ ပညာသင်ကြားရန်အတွက် မိမိကိုယ်တိုင်အတွက် အချိန်နှင့်ငွေကြေးများကုန်ကျခံရခြင်းရှိသကဲ့သို့ နိုင်ငံတော်နှင့် တပ်မတော်ကလည်း ထိုက်သင့်သည့်ကုန်ကျမှုများရှိကြောင်း၊ ထို့ကြောင့် နိုင်ငံတော်နှင့် တပ်မတော်အတွက် အကျိုးပြုနိုင်ရေး ဆောင်ရွက်ကြရန်လိုကြောင်း၊ နိုင်ငံတော်နှင့် တပ်မတော်၏အကျိုးကို ကြိုးပမ်းဆောင်ရွက်လိုသည့် စိတ်များရှိကြရန်လိုကြောင်း။

လူတိုင်းတွင် မျှော်လင့်ချက်ရှိသကဲ့သို့ မိမိတို့တိုင်းပြည်၏ မျှော်လင့်ချက်ကိုလည်းဖြည့်ဆည်းပေးရန်လိုသဖြင့် မိမိတို့သင်ကြားခဲ့သည့် ပညာရပ်များဖြင့် တိုင်းပြည်၏ လိုအပ်ချက်ကိုဖြည့်ဆည်းပေးနိုင်ရေး ကြိုးပမ်းဆောင်ရွက်ကြစေရန်လိုကြောင်း၊ တပ်မတော်သားများသည် အခြေခံအားဖြင့် စိတ်ဓာတ်ကောင်းမွန်ပြီး လုပ်ငန်းများ အောင်မြင်အောင်ကြိုးပမ်းဆောင်ရွက်ကြသူများဖြစ်ကြကြောင်း၊ မိမိကိုယ်ကိုတန်ဖိုးထားပြီး မိမိတို့ဘဝ တိုးတက်အောင် ဆောင်ရွက်ကြစေလိုကြောင်း၊ မိမိကိုယ်ကိုထိန်းသိမ်းပြီး လုံ့လဝီရိယအပြည့်ဖြင့် ကြိုးပမ်းဆောင်ရွက်ကြစေလိုကြောင်းဖြင့် မှာကြားသည်။

တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က သင်တန်းသားအရာရှိများအတွက် စားသောက်ဖွယ်ရာများနှင့် ချီးမြှင့်ငွေများပေးအပ်ပြီး ရင်းရင်းနှီးနှီးနှုတ်ဆက်ခဲ့သည်။

အလားတူ ဒေသစံတော်ချိန်နံနက်ပိုင်းကလည်း နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်သည် မင့်စ်မြို့ မြန်မာကောင်စစ်ဝန်ချုပ်ရုံးသို့သွားရောက်၍ ကောင်စစ်ဝန်ချုပ်ရုံးဝန်ထမ်းများနှင့်မိသားစုများကိုသွားရောက်တွေ့ဆုံပြီး မြန်မာနိုင်ငံနှင့် ဘယ်လာရုစ်နိုင်ငံတို့၏ သံတမန်ဆက်ဆံရေးဆိုင်ရာကိစ္စရပ်များ၊ နှစ်နိုင်ငံဆက်ဆံရေးကောင်းမွန်အောင် ကြိုးပမ်းဆောင်ရွက်ကြရန်လိုအပ်မှု၊ ချစ်ကြည်ရေးခရီးစဉ်အတွင်း စီးပွားရေးဖိုရမ်ကျင်းပနိုင်မှု၊ မြန်မာနိုင်ငံ၏ နိုင်ငံရေး ဖြစ်ပေါ်တိုးတက်ပြောင်းလဲမှုအခြေအနေများ၊ မြန်မာ-ဘယ်လာရုစ် နှစ်နိုင်ငံအကြားချစ်ကြည်ရင်းနှီးမှုများနှင့် အပြန်အလှန်ကုန်သွယ်မှုများ တိုးတက်စေရေး ကြိုးပမ်းဆောင်ရွက်ကြစေလိုမှုတို့နှင့်ပတ်သက်၍ အကျယ်တဝင့်ရှင်းလင်းမှာကြားကာ ကောင်စစ်ဝန်ချုပ်ရုံးဝန်ထမ်းများနှင့် မိသားစုများ၏ လိုအပ်ချက်များကို မေးမြန်းဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ကောင်စစ်ဝန်ချုပ်ရုံးဝန်းထမ်းမိသားစုများအတွက် စားသောက်ဖွယ်ရာများနှင့်ချီးမြှင့်ငွေများကိုပေးအပ်ပြီး ရင်းရင်းနှီးနှီးနှုတ်ဆက်ခဲ့ကြောင်း သတင်းရရှိသည်။ (ဗဟို)

---

**စာမျက်နှာ ၂၁ မှအဆက်**

တိုးတက်စေရေးအတွက် နည်းပညာများ ပူးပေါင်းဆောင်ရွက်သွားနိုင်ရန်လိုကြောင်း၊ ယခုကဲ့သို့ မြန်မာ-ဘယ်လာရုစ် နှစ်နိုင်ငံစီးပွားရေးဖိုရမ်ကိုကျင်းပခြင်းဖြင့် နှစ်နိုင်ငံအတွက် များစွာအကျိုးဖြစ်ထွန်းစေမည်ဖြစ်ကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များအသင်းချုပ် (UMFCCI)ဥက္ကဋ္ဌနှင့် ဘယ်လာရုစ်နိုင်ငံဘက်မှ တာဝန်ရှိသူများက သက်ဆိုင်ရာခေါင်းစဉ်အလိုက် ဆွေးနွေးပြောကြားပြီး ဖိုရမ်ပထမပိုင်းကို ခေတ္တရပ်နားလိုက်သည်။

ယင်းနောက် မြန်မာ-ဘယ်လာရုစ် စီးပွားရေးဖိုရမ် ဒုတိယပိုင်းကို မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်နှင့် ဆက်လက်ကျင်းပပြုလုပ်ရာ နှစ်နိုင်ငံတာဝန်ရှိသူများက သက်ဆိုင်ရာခေါင်းစဉ်များအလိုက် အကျဉ်းချုပ်ရှင်းလင်းတင်ပြကြသည်။


ထို့နောက် ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်နှင့် ဘယ်လာရုစ်သမ္မတနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်ဥက္ကဋ္ဌတို့က အပိတ်နှုတ်ခွန်းဆက်စကားများ အသီးသီးပြောကြားကြသည်။

ၚင်းနောက် မြန်မာ-ဘယ်လာရုစ် စီးပွားရေးဆိုင်ရာပူးပေါင်းဆောင်ရွက်မှု နားလည်မှုစာချွန်လွှာများကို ဘယ်လာရုစ်နိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီး၊ မြန်မာနိုင်ငံဘက်မှ စီးပွားရေးလုပ်ငန်းရှင်များနှင့် ဘယ်လာရုစ်နိုင်ငံဘက်မှ တာဝန်ရှိသူများက လက်မှတ်ရေးထိုး လဲလှယ်ခဲ့ကြောင်း သတင်းရရှိသည်။ (ဗဟို)

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဘယ်လာရုစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် H.E. Mr. Roman Alexandrovich Golovchenko နှင့် တွေ့ဆုံဆွေးနွေး



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်အား ဘယ်လာရုစ်သမ္မတနိုင်ငံဝန်ကြီးချုပ် H.E. Mr. Roman Alexandrovich Golovchenko က ကြိုဆိုနှုတ်ဆက်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် ဘယ်လာရုစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် H.E. Mr. Roman Alexandrovich Golovchenko တို့ တွေ့ဆုံဆွေးနွေးစဉ်။

**နေပြည်တော် မတ် ၇**


ဘယ်လာရုစ်သမ္မတနိုင်ငံ မင့်စ်မြို့သို့ နိုင်ငံတော်အဆင့် ချစ်ကြည်ရေးခရီး ရောက်ရှိနေသည့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ဘယ်လာရုစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် H.E. Mr. Roman Alexandrovich Golovchenko နှင့် ယနေ့ဒေသစံတော်ချိန် ညနေပိုင်းတွင် ဝန်ကြီးချုပ်ရုံး အစည်းအဝေးခန်းမ၌ တွေ့ဆုံဆွေးနွေးသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်သည် ဘယ်လာရုစ်နိုင်ငံ ဝန်ကြီးချုပ်ရုံးသို့ ရောက်ရှိရာ ဘယ်လာရုစ်နိုင်ငံဝန်ကြီးချုပ်က ကြိုဆိုနှုတ်ဆက်သည်။

ယင်းနောက် တွေ့ဆုံပွဲကို ကျင်းပပြုလုပ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အတူ ကောင်စီတွဲဖက်အတွင်းရေးမှူး ဗိုလ်ချုပ်ကြီး ရဲဝင်းဦးနှင့် ခရီးစဉ်တွင် လိုက်ပါလာသည့် ချစ်ကြည်ရေးကိုယ်စားလှယ်ဖွဲ့ဝင်များ၊ ဘယ်လာရုစ်နိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီးတို့ တက်ရောက်ကြပြီး ဘယ်လာရုစ်သမ္မတနိုင်ငံဝန်ကြီးချုပ်နှင့်အတူ ဘယ်လာရုစ်အစိုးရအဖွဲ့မှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ထိုသို့ တွေ့ဆုံရာတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ ဘယ်လာရုစ်နိုင်ငံသို့ လာရောက်သည့် ချစ်ကြည်ရေးခရီးစဉ်သည် နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများကို များစွာမြှင့်တင်ပေးနိုင်မှုအခြေအနေများ၊ မြန်မာ-ဘယ်လာရုစ် စီးပွားရေးဖိုရမ် အောင်မြင်စွာကျင်းပနိုင်ခဲ့မှုနှင့် နှစ်နိုင်ငံအကြား နားလည်မှုစာချွန်လွှာများ လက်မှတ်ရေးထိုးနိုင်ခဲ့မှုအခြေအနေများ၊ နှစ်နိုင်ငံအကြား ထုတ်ကုန်ပစ္စည်းများ အပြန်အလှန်တင်ပို့နိုင်ရေးကိစ္စရပ်များ၊ မြန်မာနိုင်ငံမှထွက်ရှိသည့် ဆန်အပါအဝင် အခြား စက်မှုကုန်ကြမ်းသီးနှံများကို ဘယ်လာရုစ်နိုင်ငံသို့ တင်ပို့နိုင်ရေးဆိုင်ရာကိစ္စရပ်များ၊ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများအတွက် ရေခံမြေခံကောင်းများရှိပြီးဖြစ်သည့် မြန်မာနိုင်ငံနှင့် ခေတ်မီစိုက်ပျိုးမွေးမြူရေးနည်းပညာများ ပိုင်ဆိုင်ထားသည့် ဘယ်လာရုစ်နိုင်ငံတို့အကြား ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် နှစ်နိုင်ငံအကျိုးဖြစ်ထွန်းစေမည့်ကိစ္စရပ်များ၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများတွင် နည်းပညာများဖလှယ်ရေးဆိုင်ရာ ကိစ္စရပ်များ၊ လျှပ်စစ်စွမ်းအင်သုံး မော်တော်ယာဉ်များ ထုတ်လုပ်ရေးတွင် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာကိစ္စရပ်များနှင့် အခြားနှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများ မြှင့်တင်ရေးဆိုင်ရာ ကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာဖြင့် အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။ (၅၀၁)

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဘယ်လာရုစ်သမ္မတနိုင်ငံ ဒုတိယဝန်ကြီးချုပ် Mr.Yuri Shuleiko အား လက်ခံတွေ့ဆုံ



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဘယ်လာရုစ်သမ္မတနိုင်ငံ ဒုတိယဝန်ကြီးချုပ် Mr.Yuri Shuleiko တို့ တွေ့ဆုံဆွေးနွေးစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဘယ်လာရုစ်သမ္မတနိုင်ငံ ဒုတိယဝန်ကြီးချုပ် Mr.Yuri Shuleiko တို့ အမှတ်တရလက်ဆောင်ပစ္စည်းများ အပြန်အလှန်ပေးအပ်စဉ်။

**နေပြည်တော် မတ် ၇**

ဘယ်လာရုစ်သမ္မတနိုင်ငံ မင့်စ်မြို့သို့ နိုင်ငံတော်အဆင့်ချစ်ကြည်ရေးခရီး ရောက်ရှိနေသည့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ဘယ်လာရုစ်သမ္မတနိုင်ငံ ဒုတိယဝန်ကြီးချုပ် Mr. Yuri Shuleiko ကို မတ် ၆ ရက် ဒေသစံတော်ချိန်ညနေပိုင်းတွင် မင့်စ်မြို့ President ဟိုတယ်ရှိ အစည်းအဝေးခန်းမ၌ လက်ခံတွေ့ဆုံသည်။

အဆိုပါတွေ့ဆုံပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အတူ ကောင်စီတွဲဖက်အတွင်းရေးမှူး ဗိုလ်ချုပ်ကြီးရဲဝင်းဦးနှင့် ခရီးစဉ်တွင် လိုက်ပါလာသည့် ချစ်ကြည်ရေးကိုယ်စားလှယ်ဖွဲ့ဝင်များတက်ရောက်ကြပြီး ဘယ်လာရုစ်သမ္မတနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့်အတူ ဘယ်လာရုစ်အစိုးရအဖွဲ့မှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ထိုသို့တွေ့ဆုံရာတွင် နှစ်နိုင်ငံအကြား ပူးပေါင်းဆောင်ရွက်မှုများတိုးမြှင့်ဆောင်ရွက်ရေးဆိုင်ရာကိစ္စရပ်များ၊စက်မှုလုပ်ငန်းများ၊ စိုက်ပျိုးရေးလုပ်ငန်းများ၊ နို့ထွက်ပစ္စည်း ထုတ်လုပ်ရေးဆိုင်ရာကိစ္စရပ်များတွင် နှစ်နိုင်ငံအပြန်အလှန်ကုန်သွယ်ရေးနှင့် နည်းပညာများ အပြန်အလှန်ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာကိစ္စရပ်များ၊ ခရီးသွားကဏ္ဍတိုးမြှင့်ရေးဆိုင်ရာကိစ္စရပ်များနှင့်ပတ်သက်၍ ရင်းရင်းနှီးနှီးဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဘယ်လာရုစ်သမ္မတနိုင်ငံ ဒုတိယဝန်ကြီးချုပ်တို့သည် အမှတ်တရလက်ဆောင်ပစ္စည်းများ အပြန်အလှန်ပေးအပ်ခဲ့ကြကြောင်း သတင်းရရှိသည်။ (၅၀၁)

# တပ်မတော်ဆေးရုံများ၌ တက်ရောက်ဆေးကုသမှုခံယူနေသူများကို သွားရောက်ကြည့်ရှုအားပေး



ဆရာတော်ကြီးထံ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်နှင့် အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ကျော်ကိုထိုက်တို့ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။

**နေပြည်တော် မတ် ၇**

မန္တလေးတိုင်းဒေသကြီး မန္တလေးမြို့ မန္တလေးအထွေထွေရောဂါကု ဆေးရုံကြီး မန်းတောင်ရိပ် အထွေထွေရောဂါကုသဆောင်တွင် ကျန်းမာရေးစောင့်ရှောက်မှု ခံယူလျက်ရှိသော နိုင်ငံတော်သြဝါဒါစရိယ မန္တလေးမြို့တောင်ဘက် အမရပူရမြို့နယ်ရှိ မဟာဂန္ဓာရုံကျောင်းတိုက်ကြီး၏ မဟာနာယကချုပ် ဆရာတော်ကြီး အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တကုမာရာဘိဝံသ သက်တော် ၉၃ နှစ် သိက္ခာတော် ၇၃ ဝါရှိ သက်တော်ရှည်ဆရာတော်ကြီး ထံသို့ ယနေ့နံနက်ပိုင်းတွင် မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ကျော်ကိုထိုက်နှင့် တာဝန်ရှိသူများက သွားရောက်ဖူးမြော်ပြီး ကျန်းမာရေးတိုးတက်ကောင်းမွန်မှု အခြေအနေများကို မေးမြန်းလျှောက်ထားကာ လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။ ယခုအခါ ဆရာတော်ကြီးအား လိုအပ်သည့် ကျန်းမာရေးစောင့်ရှောက်မှုများကို အထူးကုဆရာဝန်ကြီးများက အနီးကပ်ကြီးကြပ် ဆောင်ရွက်ပေးလျက်ရှိရာ ဆရာတော်ကြီး၏ ကျန်းမာရေးအခြေအနေမှာ တိုးတက်ကောင်းမွန်လျက်ရှိကြောင်း သိရသည်။

အလားတူ ကချင်ပြည်နယ် မြစ်ကြီးနားမြို့ရှိ တပ်မတော်ဆေးရုံ၊ ရှမ်းပြည်နယ် (တောင်ပိုင်း) အောင်ပန်းမြို့ရှိ တပ်မတော်ဆေးရုံ၊ တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့ရှိ တပ်မတော်ဆေးရုံနှင့် ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ်ရှိ တပ်မတော်အရိုးရောဂါအထူးကုဆေးရုံကြီး (ခုတင်-၅၀၀)နှင့် တပ်မတော်ဆေးရုံကြီး (ခုတင်-၁၀၀၀)၊ စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့နယ်ရှိ တပ်မတော်ဆေးရုံတို့၌ တက်ရောက်ကုသမှု ခံယူလျက်ရှိသော အရာရှိစစ်သည်၊ မိသားစုများ၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များ၊ ဒေသခံပြည်သူများကို ယနေ့တွင် သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်များမှ တိုင်းမှူးများနှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှု၍ တစ်ဦးချင်း၏ရောဂါဖြစ်ပွားမှု၊ ဆေးဝါးကုသပေးထားမှုနှင့် ကျန်းမာရေးတိုးတက်ကောင်းမွန်မှု အခြေအနေများကို မေးမြန်းအားပေးစကားပြောကြားပြီး အာဟာရဖြည့် စားသောက်ဖွယ်ရာများနှင့် ချီးမြှင့်ငွေများပေးအပ်သည်။ ထို့နောက် တိုင်းမှူးများနှင့် တာဝန်ရှိသူများသည် ဆေးရုံများအတွင်း လှည့်လည်ကြည့်ရှု၍ လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ (မြဝ)



အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဇော်မင်းလတ် ဆေးကုသမှုခံယူနေသူတစ်ဦးကို ရင်းရင်းနှီးနှီး မေးမြန်းအားပေးစကားပြောကြားစဉ်။

# နှစ် ၈၀ ပြည့် တပ်မတော်နေ့အထိမ်းအမှတ် စစ်သည်တော်ကျင့်ဝတ်ပြိုင်ပွဲကျင်းပ

**နေပြည်တော် မတ် ၇**

၂၀၂၅ ခုနှစ် နှစ် ၈၀ ပြည့် တပ်မတော်နေ့အထိမ်းအမှတ် စစ်သည်တော်ကျင့်ဝတ်ပြိုင်ပွဲကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းစစ်ဌာနချုပ် အနော်ရထာခန်းမ၌ ပြုလုပ်ရာ တိုင်းမှူး ဗိုလ်မှူးချုပ်ပြည့်စုံလင်းနှင့် တာဝန်ရှိသူများက အရာရှိ၊ အရာခံ၊ အကြပ်အဆင့် စစ်သည်တော်ကျင့်ဝတ်ရေးဖြေနှင့် တပ်သားအဆင့်ရေးဖြေ၊ နှုတ်ဖြေ ဖြေဆိုနေမှုများကို လိုက်လံကြည့်ရှုအားပေးကြသည်။

အဆိုပါနှစ် ၈၀ ပြည့် တပ်မတော်နေ့ အထိမ်းအမှတ် စစ်သည်တော်ကျင့်ဝတ်ပြိုင်ပွဲကို တိုင်းစစ်ဌာနချုပ်ကွပ်ကဲမှုအောက်ရှိ တပ်ရင်း၊ တပ်ဖွဲ့များမှ အရာရှိ၊ အရာခံ၊ အကြပ်၊ တပ်သားအဆင့်တို့တွင် ဝင်ရောက်ယှဉ်ပြိုင်ဖြေဆိုသူဦးရေ ၆၀ ဖြေဆိုခဲ့ကြောင်း သတင်းရရှိသည်။ (မြဝ)



ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် ပြည့်စုံလင်း စစ်သည်တော် ကျင့်ဝတ် ပြိုင်ပွဲ ဖြေဆိုနေမှုကို ကြည့်ရှု အားပေးစဉ်။

## မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင် သတင်းထုတ်ပြန်ချက် အမှတ်စဉ် ( ၃ / ၂၀၂၅) ထုတ်ပြန်

၁။ အမျိုးသမီးအခွင့်အရေးများကို အသိအမှတ်ပြုသည့်အနေဖြင့် ၁၉၇၅ ခုနှစ်တွင် ကုလသမဂ္ဂက အပြည်ပြည်ဆိုင်ရာအမျိုးသမီးများနေ့အဖြစ် မတ်လ ၈ ရက်နေ့ကိုသတ်မှတ်ခဲ့ပြီး ကမ္ဘာတစ်ဝှမ်း၌ နှစ်စဉ် မတ်လ ၈ ရက်နေ့တွင် အပြည်ပြည်ဆိုင်ရာအမျိုးသမီးများနေ့အထိမ်းအမှတ်အခမ်းအနားများကျင်းပခဲ့ရာ ယခုနှစ်တွင် နှစ် ၅၀ တိုင်ခဲ့ပြီဖြစ်ပါသည်။ ၂၀၂၅ ခုနှစ် အပြည်ပြည်ဆိုင်ရာအမျိုးသမီးများနေ့၏ ဆောင်ပုဒ်မှာ "For ALL women and girls: Rights. Equality. Empowerment." ဖြစ်ပြီး အမျိုးသမီးများနှင့် မိန်းကလေးများ၏ အခွင့်အရေး၊ တန်းတူညီမျှရေးနှင့် ပါဝင်ဦးဆောင်မှုတို့မြှင့်တင်နိုင်ရေးကို ရည်ညွှန်းဖော်ပြထားခြင်းဖြစ်ပါသည်။

၂။ မြန်မာနိုင်ငံသည် အမျိုးသမီးများအခွင့်အရေးကို လူ့အခွင့်အရေးအဖြစ် အသိအမှတ်ပြုခဲ့သော ဘေဂျင်းကြေညာစာတမ်းနှင့် လုပ်ငန်းစီမံချက် (Beijing Declaration and Platform for Action – BPFA) ကို တရုတ်နိုင်ငံ ဘေဂျင်းမြို့၌ ၁၉၉၅ ခုနှစ်တွင် ကျင်းပပြုလုပ်ခဲ့သည့် စတုတ္ထအကြိမ်မြောက် ကမ္ဘာလုံးဆိုင်ရာ အမျိုးသမီးညီလာခံ၌ ကမ္ဘာ့နိုင်ငံ ၁၈၈ နိုင်ငံနှင့်အတူ ပါဝင်အတည်ပြုခဲ့ပါသည်။ ထို့ပြင် ၁၉၉၇ ခုနှစ်တွင် အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးစာချုပ်တစ်ခုဖြစ်သော အမျိုးသမီးများကို နည်းမျိုးစုံဖြင့် ခွဲခြားဆက်ဆံမှုပပျောက်ရေးဆိုင်ရာသဘောတူစာချုပ်(CEDAW) အဖွဲ့ဝင်နိုင်ငံအဖြစ်ပါဝင်ခဲ့ပြီး အမျိုးသမီးများ၏အခွင့်အရေးများကို ကာကွယ်ဖြည့်ဆည်းပေးလျက်ရှိရာတွင် အမျိုးသမီးများအပေါ် အကြမ်းဖက်မှုပပျောက်ရေး ၁၆ ရက်တာလှုပ်ရှားမှုများဆောင်ရွက်ခြင်း၊ အမျိုးသမီးများဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ လုပ်ငန်းဆောင်ရွက်မှုအပေါ် စွမ်းဆောင်မှုဆိုင်ရာ ဆုများချီးမြှင့်ခြင်း၊ အမျိုးသမီးများဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ နိုင်ငံတော်အဆင့် မဟာဗျူဟာစီမံကိန်း(၂၀၂၃-၂၀၃၂) ရေးဆွဲအကောင်အထည်ဖော်ဆောင်ရွက်ခြင်း၊ ပဋိပက္ခအတွင်း အမျိုးသမီးများကို လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှုတားဆီးကာကွယ်ရေးနှင့် တုံ့ပြန်ဆောင်ရွက်ရေးအသိပညာပေးခြင်း၊ ဥပဒေဆိုင်ရာကာကွယ်မှုပေးခြင်း၊ စီးပွားရေးဆိုင်ရာပံ့ပိုးမှုပေးခြင်း၊ ပညာရေးမြှင့်တင်ပေးခြင်းနှင့် ကျန်းမာရေးစောင့်ရှောက်မှုပေးခြင်းစသည့် ဆောင်ရွက်ပေးနေမှုများကို လူ့အခွင့်အရေးရှုထောင့်မှ အသိအမှတ်ပြုကြိုဆိုအပ်ပါသည်။

၃။ မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်သည် လူ့အခွင့်အရေးမြှင့်တင်ရေးကဏ္ဍများဖော်ဆောင်ရာတွင် ကိုယ်ဝန်ဆောင်မိခင်များ၊ မသန်စွမ်းသူများ၊ သက်ကြီးရွယ်အိုများအပါအဝင် အမျိုးသမီးနှင့်မိန်းကလေးများ၏ အခွင့်အရေးများနှင့် လူမှုအသိုက်အဝန်းများက လိုက်နာဆောင်ရွက်သင့်သည်များကို အများပြည်သူသို့ အသိပညာပေးလျက်ရှိပါသည်။ ထို့ပြင် အမျိုးသမီးများ၏အခွင့်အရေးများကာကွယ်စောင့်ရှောက်ရေးနှင့်စပ်လျဉ်း၍ ကော်မရှင်ဥပဒေနှင့်အညီ တိုင်တန်းချက်များစိစစ်ဆောင်ရွက်ခြင်း၊ အကျဉ်းထောင်၊ အကျဉ်းစခန်း၊ ရဲစခန်းအချုပ်ခန်း၊ တရားရုံးအချုပ်ခန်း၊ ဘိုးဘွားရိပ်သာ၊ အမျိုးသမီးသက်မွေးအတတ်ပညာသင်ကျောင်း၊ အမျိုးသမီးကလေးများသင်တန်းကျောင်း၊ အမျိုးသမီးဖွံ့ဖြိုးတိုးတက်ရေးဌာနများသို့ သွားရောက်စစ်ဆေးပြီး တွေ့ရှိချက်နှင့် အကြံပြုတိုက်တွန်းချက်များကို သက်ဆိုင်ရာဌာနများသို့ပေးပို့၍ အခွင့်အရေးများရရှိစေရန် ဆောင်ရွက်ပေးလျက်ရှိပါသည်။

၄။ ၂၀၂၅ ခုနှစ် အပြည်ပြည်ဆိုင်ရာ အမျိုးသမီးများနေ့ဆောင်ပုဒ်၏ ရည်ညွှန်းချက်ပြည့်မြောက်စေရန် အမျိုးသမီးများနှင့် မိန်းကလေးများအပေါ် ခွဲခြားဆက်ဆံခြင်းနှင့် အကြမ်းဖက်ခြင်းများကိုရှောင်ကြဉ်၍ ယင်းတို့၏ ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေးနှင့် အလုပ်အကိုင်အခွင့်အလမ်းများကိုဖော်ဆောင်ပေးလျက် ကျား၊ မ တန်းတူညီမျှမှုကို မြှင့်တင်ပေးခြင်းဖြင့် ကောင်းမွန်သည့်အနာဂတ်ကို အတူတကွတည်ဆောက်နိုင်မည်ဖြစ်ပါကြောင်း မတ် ၈ ရက်တွင်ကျရောက်သည့် အပြည်ပြည်ဆိုင်ရာအမျိုးသမီးများနေ့ကို ဂုဏ်ပြုလျက်တိုက်တွန်းဖော်ပြအပ်ပါသည်။

**မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်**

ရက်စွဲ။ ၂၀၂၅ ခုနှစ်၊ မတ်လ ၈ ရက်

## ၂၀၂၅ ခုနှစ် မတ် ၇ ရက် ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး (Market Rate)

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေ တစ်ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်)၏ ဈေးနှုန်း ၅၄၇၀၀၀၀ကျပ်။

ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ

# မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်လာသည့် ပြည်ပနိုင်ငံသား ၄၅၈ ဦး လွှဲပြောင်းပေးအပ်ခဲ့ပြီး ဦးရေ ၂၅၀ ထပ်မံစစ်ဆေး ဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့



မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်လာသည့် ပြည်ပနိုင်ငံသား ၄၅၈ ဦး လွှဲပြောင်းပေးအပ်ခဲ့ပြီး ဦးရေ၂၅၀ ထပ်မံစစ်ဆေး ဖော်ထုတ် ထိန်းသိမ်းနိုင်ခဲ့မှု မှတ်တမ်းဓာတ်ပုံ။

**နေပြည်တော် မတ် ၇**

မြန်မာ – တရုတ် – ထိုင်း သုံးနိုင်ငံကြား သုံးပွင့်ဆိုင် ပူးပေါင်းဆောင်ရွက်မှုပုံစံ (Trilateral Cooperation) ဖြင့် အွန်လိုင်းအသုံးပြုလိမ်လည်မှု (Online Scam)နှင့် အွန်လိုင်းလောင်းကစားမှု (Online Gambling) လုပ်ဆောင်နေကြသူများ၊ ပါဝင်ပတ်သက်သူများနှင့် နောက်ကွယ်မှ ကြိုးကိုင်သော ပြည်ပနိုင်ငံသားများကို ပြတ်ပြတ်သားသား စုံစမ်းဖော်ထုတ်ဖမ်းဆီးထိန်းသိမ်းလျက်ရှိရာ ကရင်ပြည်နယ် မြဝတီမြို့–ရွှေကုက္ကိုလ်၊ မယ်ထော်သလေးနှင့် KK Park နယ်မြေများတွင် အွန်လိုင်းလောင်းကစားမှုများ၊ အွန်လိုင်းလိမ်လည်မှုများ ကျူးလွန်ခဲ့ကြသည့် ပြည်ပနိုင်ငံသား ၄၅၈ ဦးကို ယနေ့တွင် သက်ဆိုင်ရာနိုင်ငံများသို့ လွှဲပြောင်းပေးအပ်ခဲ့ပြီး ပြည်ပနိုင်ငံသားဦးရေ၂၅၀ ကို ထပ်မံစစ်ဆေးဖော်ထုတ်ထိန်းသိမ်းခဲ့သည်။

အဆိုပါ ထိန်းသိမ်းထားသည့် ပြည်ပနိုင်ငံသားများကို သက်ဆိုင်ရာနိုင်ငံများသို့ ပြည်နှင် လွှဲပြောင်းပေးအပ်ခဲ့ရာတွင် ယနေ့တွင် တရုတ်နိုင်ငံသား ၄၅၆ ဦးကို မြန်မာ – ထိုင်း အမှတ်(၂) ချစ်ကြည်ရေးတံတားနှင့် ထိုင်းနိုင်ငံသားနှစ်ဦးကို မြန်မာ – ထိုင်း အမှတ်(၁) ချစ်ကြည်ရေးတံတားတို့မှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံများသို့ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ ထပ်မံ၍ ပြည်နှင်လွှဲပြောင်းပေးရာ အဆိုပါလွှဲပြောင်းပေးအပ်ပွဲသို့ ကရင်ပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးမင်းသူကျော်၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပြည်သူ့လုံခြုံရေးဝန်ကြီးဌာန ပြစ်မှုဆိုင်ရာ စုံစမ်းစစ်ဆေးရေးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် Mr. Liu Ning Ning နှင့် ထိုင်းနိုင်ငံ တာ့ခ်ခရိုင် လူဝင်မှုကြီးကြပ်ရေးဦးစီးဌာနမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြပြီး မြန်မာနိုင်ငံမှ တာဝန်ရှိသူများက သက်ဆိုင်ရာနိုင်ငံမှ ကိုယ်စားလှယ်များထံသို့ ပြည်နှင်လွှဲပြောင်းလက်ခံရေးဆိုင်ရာ အထောက်အထားစာရွက်စာတမ်းများ စနစ်တကျလွှဲပြောင်းပေးအပ်သည်။

အလားတူ ယနေ့တွင် မြဝတီမြို့–ရွှေကုက္ကိုလ်နယ်မြေသို့ တရားမဝင်လမ်းကြောင်းများမှတစ်ဆင့် ဝင်ရောက်နေကြသည့် ပြည်ပနိုင်ငံသားဦးရေ၂၅၀ကို ထပ်မံစစ်ဆေးဖော်ထုတ် ထိန်းသိမ်းနိုင်ခဲ့ပြီး သက်ဆိုင်ရာနိုင်ငံများသို့ အမြန်ဆုံးပြန်လည် လွှဲပြောင်းပေးအပ်နိုင်ရေး လိုအပ်သည့် ကိုယ်ရေးအချက်အလက်များနှင့် မှတ်တမ်းများစာရင်းကောက်ယူခြင်း လုပ်ငန်းများကို ဌာနဆိုင်ရာပူးပေါင်းအဖွဲ့များဖြင့် ဆောင်ရွက်လျက်ရှိသည်။

၂၀၂၅ ခုနှစ် ဇန်နဝါရီ ၃၀ ရက်မှ မတ် ၇ ရက်ထိ မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်လာသည့်ပြည်ပနိုင်ငံသား စုစုပေါင်း ၄၅၉၂ ဦးကို စစ်ဆေးဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့ကာ ၎င်းတို့အနက်မှ ၁၆၇၁ ဦးကို ထိုင်းနိုင်ငံမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံများသို့ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျလွှဲပြောင်းပေးခဲ့ပြီး ကျန်ရှိသည့် ပြည်ပနိုင်ငံသား ၂၉၂၁ ဦးကို သက်ဆိုင်ရာနိုင်ငံများသို့ လွှဲပြောင်းပေးရန် အသင့်ဖြစ်နေပြီဖြစ်ကြောင်းနှင့် ၎င်းတို့ကို ကောင်းမွန်စွာ ထိန်းသိမ်းစောင့်ရှောက်ထားရှိသည်။

နိုင်ငံတော်အနေဖြင့် Online Scam Center လုပ်ငန်းများတွင် ပါဝင်ပတ်သက်နေသူများနှင့် နောက်ကွယ်မှ ကြိုးကိုင်သော နိုင်ငံခြားသားများကို ဖော်ထုတ်ဖမ်းဆီးပြီး ထိထိရောက်ရောက် ပြင်းပြင်းထန်ထန်အရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိသည့်အပြင် အကြောင်းအမျိုးမျိုးကြောင့် ဒုက္ခရောက်နေကြသော နိုင်ငံခြားသားများနှင့် လူကုန်ကူးခံရသည့်နိုင်ငံခြားသားများကို သက်ဆိုင်ရာနိုင်ငံများသို့ အမြန်ဆုံး ပြည်နှင်လွှဲပြောင်းပေးနိုင်ရေး တက်ကြွစွာ ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

# အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH၊NUG နှင့် ယင်းတို့ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

**နေပြည်တော် မတ် ၇**

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသည့် CRPH၊ NUG နှင့် ယင်းတို့ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကိုပျက်ပြားစေရန်နှင့်အစိုးရယန္တရားများပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများကို ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း မိဘပြည်သူများ သိရှိနိုင်ရေး အသိပေးသတင်းထုတ်ပြန်ပြီးဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း မတ် ၆ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကိုပျက်ပြားစေရန် ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့် "Yasin Optic" Facebook အကောင့်ပိုင်ရှင်ဖြစ်သူ ရန်ကုန်တိုင်းဒေသကြီး ပန်းဘဲတန်းမြို့နယ် အမှတ်(၆)ရပ်ကွက်နေ အောင်ကျော်မြင့် (ခ) ယူနစ်ကို နံနက် ၁၁ နာရီခွဲတွင်လည်းကောင်း၊ "Anseathesia.YP" Facebook အကောင့်ပိုင်ရှင်ဖြစ်သူ မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့နယ် အရှေ့ဆည်ကုန်းကျေးရွာနေ ရဲမင်းပိုင် (ခ) ဖိုးထောင်ကို ည ၆ နာရီ ၅ မိနစ်တွင်လည်းကောင်း သက်ဆိုင်ရာ ရဲစခန်းအသီးသီး၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်အရေးယူခဲ့ကြောင်း သတင်းရရှိသည်။ (၅၀၁)

# ဆေးရုံတက်ရောက်၍ ဆေးဝါးကုသမှုခံယူနေကြရသော ကျောင်းသား၊ ကျောင်းသူများအတွက် စာဖြေဌာန လေးခု စီစဉ်ထားရှိ

**ရန်ကုန် မတ် ၇**

ကျန်းမာရေးဝန်ကြီးဌာန ကုသရေးဦးစီးဌာနနှင့် မြန်မာနိုင်ငံစာစစ်ဦးစီးဌာနတို့၏ ညှိနှိုင်းထားချက်အရ ၂၀၂၅ ခုနှစ် မတ် ၁၇ ရက်မှ ၂၂ ရက်ထိကျင်းပမည့် တက္ကသိုလ်ဝင်စာမေးပွဲကာလအတွင်း ဆေးရုံတက်ရောက် ဆေးဝါးကုသမှုခံယူနေကြရသော ကျောင်းသား၊ ကျောင်းသူများနစ်နာမှုမရှိစေရန်ရည်ရွယ်၍ ဆေးရုံစာဖြေဌာနလေးခုကို ရန်ကုန်ပြည်သူ့ဆေးရုံကြီး၊ မြောက်ဥက္ကလာပအထွေထွေရောဂါကုနှင့်သင်ကြားရေးဆေးရုံကြီး၊ ဗဟိုအမျိုးသမီးဆေးရုံကြီး၊ ဝေဘာဂီအထူးကုဆေးရုံကြီးတို့၌ ဖွင့်လှစ်ပေးရန် စီစဉ်ထားရှိသည်။

ဆေးရုံတက်ရောက်ကုသနေသော စာမေးပွဲဝင်ရောက်ဖြေဆိုလိုသည့် ကျောင်းသား၊ ကျောင်းသူ(လူနာ)များသည် အဆိုပါဆေးရုံကြီးများရှိ ဆေးလူမှုဆက်ဆံရေးဌာနနှင့် ဆက်သွယ်ဆောင်ရွက်နိုင်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

# အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟုသုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံအကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH၊ NUG၊ PDFအကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်၊ ခဲယမ်းကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

# မြင်းခြံမြို့ အနောက်ဘက်ခြမ်းရှိ ကျေးရွာများကို လုံခြုံရေးတပ်ဖွဲ့ဝင်များက မီးရှို့ဖျက်ဆီးနေကြောင်း သတင်းမှားများ ရေးသားဖြန့်ဝေလျက်ရှိ

**နေပြည်တော် မတ် ၇**

မန္တလေးတိုင်းဒေသကြီး မြင်းခြံမြို့ အနောက်ဘက်ခြမ်းရှိ ကျေးရွာများကို မတ် ၄ ရက်ကစတင်ပြီး ၆ ရက်ထိ လုံခြုံရေးတပ်ဖွဲ့ဝင်များက မီးရှို့ဖျက်ဆီးခဲ့ကြောင်း တရားမဝင်ပြည်ဖျက်မီဒီယာများက မဟုတ်မမှန် သတင်းတု၊ သတင်းမှားများ ရေးသားဖြန့်ဝေလျက်ရှိကြောင်း တွေ့ရသည်။

အဆိုပါသတင်းနှင့် ပတ်သက်၍ သက်ဆိုင်ရာ လုံခြုံရေးတာဝန်ရှိသူတစ်ဦးထံ ဆက်သွယ်မေးမြန်းပြောကြားချက်အရ အကြမ်းဖက်သမားများသည် ထိခိုက်ကျဆုံးမှုများလာသဖြင့် ကျေးရွာများအတွင်းဝင်ရောက်၍ အတင်းအဓမ္မလူသစ်စုဆောင်းခြင်းနှင့် ဆက်ကြေးကောက်ခံခြင်းများလုပ်ဆောင်လာပြီး ၎င်းတို့အလိုကျ လိုက်ပါလုပ်ဆောင်ခြင်းမရှိသည့် ကျေးရွာများကို မီးရှို့ဖျက်ဆီးခြင်း၊ Drop Bomb ချတိုက်ခိုက်ခြင်းများ လုပ်ဆောင်လျက်ရှိသည်ကို ပြည်သူအားလုံးအသိပင်ဖြစ်ကြောင်း၊ ယခုဖြစ်စဉ်တွင်လည်း အကြမ်းဖက်အားပေး ပြည်ဖျက်မီဒီယာများက အကြမ်းဖက်သမားများ၏ဆင်ခြင်တုံတရားကင်းမဲ့သည့် လုပ်ရပ်များကို ဖုံးကွယ်ပေးရန်အတွက် ဖြစ်စဉ်ဖြစ်ရပ်လွဲမှားသည့် သတင်းများဖြင့် မဟုတ်မမှန် လုပ်ကြံရေးသား ဝါဒဖြန့်ဝေနေခြင်းဖြစ်ကြောင်း သိရှိရသည်။ (၅၀၁)




**မိမိပိုင်နိုင်ငံသားစိစစ်ရေးကတ်၊ Mobile SIM Card၊ Mobile Payment Account၊ Bank Account များအား မသက်ဆိုင်သူထံသို့ အခကြေးငွေဖြင့် ရောင်းချခြင်း၊ ငှားရမ်းအသုံးပြုစေခြင်းများဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

# ကျား၊ မ တန်းတူညီမျှအခွင့်အရေးရရှိရေး အရှိန်မြှင့်တင်ဆောင်ရွက်ပေး

မောင်သောင်းဝင်း(တမန်ဟောင်း)

နှစ်စဉ်မတ်လ ၈ ရက်နေ့သည် အပြည်ပြည်ဆိုင်ရာအမျိုးသမီးများနေ့ဖြစ်သည်။ ထိုနေ့၏မူလရည်မှန်းချက်သည် ကျား၊ မတန်းတူညီမျှမှုအခွင့်အလမ်းအပြည့်အဝရရှိရေးဖြစ်သည်။ နိုင်ငံရေးနယ်ပယ်မှသည်လူမှုရေးနယ်ပယ်ထိ အောင်မြင်မှုရရှိခဲ့ကြသည့် ကမ္ဘာတစ်ဝန်းရှိအမျိုးသမီးများကို အသိအမှတ်ပြုသောနေ့လည်းဖြစ်သည်။ ထိုနေ့ကို ၁၉၀၀ ပြည့်လွန်နှစ်များကတည်းက စတင်ကျင်းပလာခဲ့ခြင်းဖြစ်သည်။ ၁၉၁၀ ပြည့်နှစ်တွင် ဂျာမနီနိုင်ငံရှိ ဆိုရှယ်ဒီမိုကရက်တစ်ပါတီမှ အမျိုးသမီးခေါင်းဆောင်တစ်ဦးဖြစ်သည့် Clara Zetkinက အပြည်ပြည်ဆိုင်ရာ အမျိုးသမီးများနေ့ (International Women's Day) သတ်မှတ်ရန် စိတ်ကူးကို စတင်ဆွေးနွေးခဲ့ခြင်းဖြစ်သည်။

**ခေါင်းစဉ်ချမှတ်**

အမျိုးသမီးများ၏တောင်းဆိုမှုများကို တင်ပြနိုင်ရန် ကမ္ဘာ့နိုင်ငံအားလုံးတွင် အမျိုးသမီးများအတွက် နှစ်စဉ်နေ့တစ်နေ့ ကျင်းပပေးသင့်သည်ဟု Clara Zetkinက အပြည်ပြည်ဆိုင်ရာဆိုရှယ်လစ်အမျိုးသမီးများညီလာခံတွင် အကြံပြုခဲ့သည်။ ထိုညီလာခံတွင် နိုင်ငံပေါင်း ၁၇ နိုင်ငံမှ အမျိုးသမီး ၁၀၀ ကျော်က သူ၏အကြံပြုချက်ကိုတညီတညွတ်တည်းထောက်ခံခဲ့ကြသည်။ ထို့ကြောင့် ၁၉၁၁ ခုနှစ် မတ် ၁၉ ရက်တွင် ဩစတြီးယား၊ ဒိန်းမတ်၊ ဂျာမနီနှင့် ဆွစ်ဇာလန်နိုင်ငံတို့၌ ပထမဆုံးအကြိမ် အပြည်ပြည်ဆိုင်ရာအမျိုးသမီးများနေ့ကို စတင်ကျင်းပနိုင်ခဲ့သည်။

နှစ်စဉ် မတ် ၈ ရက်တွင် အပြည်ပြည်ဆိုင်ရာအမျိုးသမီးများနေ့ကျင်းပရန် ၁၉၁၃ ခုနှစ်၌ ဆုံးဖြတ်ခဲ့ကြသည်။ ထိုအချိန်မှစ၍ နှစ်စဉ်မတ် ၈ ရက်တွင် အပြည်ပြည်ဆိုင်ရာအမျိုးသမီးများနေ့ အခမ်းအနားများ ကျင်းပလာနိုင်ခဲ့သည်။ ကမ္ဘာ့ကုလသမဂ္ဂသည် ၁၉၇၅ ခုနှစ် ရောက်ရှိမှသာလျှင် ထိုနေ့ကိုအသိအမှတ်ပြုနိုင်ခဲ့သည်။ အသိအမှတ်ပြုပြီးချိန်မှစ၍ အခမ်းအနားအတွက် နှစ်စဉ်ခေါင်းစဉ် (Theme) ချမှတ်ပေးလေ့ရှိသည်။ ၂၀၂၅ ခုနှစ်အတွက် ခေါင်းစဉ် သည် '' Accelerated Action'' "ကျား၊ မ တန်းတူညီမျှ အခွင့်အရေးရရှိရေး အရှိန်မြှင့်တင်ဆောင်ရွက်ပေး"ဟု အနီးစပ်ဆုံးဘာသာပြန်ဆိုနိုင်မည်ဖြစ်သည်။

**ကျား၊ မ တန်းတူညီမျှ အခွင့်အရေးရရှိရေး**

ကမ္ဘာတစ်ဝန်း၌ အမျိုးသမီးများကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးကို လက်ရှိတိုးတက်မှုနှုန်းအတိုင်းဆောင်ရွက်သွားမည်ဆိုလျှင် နောက်ထပ်မျိုးဆက် ၅ ခုဖြစ်သည့် ၂၁၅၈ ခုနှစ်ရောက်ရှိမှသာ ကျား၊ မ တန်းတူညီမျှအခွင့်အရေးကို အပြည့်အဝခံစားနိုင်မည်ဖြစ်ကြောင်း ကမ္ဘာ့စီးပွားရေးဖိုရမ်က ဖော်ပြထားသည်။ ကျား၊ မ တန်းတူညီမျှခံစားခွင့်ရရှိရေးအဆင့်တိုင်းကို လျှင်လျှင်မြန်မြန်လုပ်ဆောင်သွားရန် လိုအပ်သည်။ အမျိုးသမီးများတိုးတက်မှုအတွက် အပြုသဘောဆောင်သော လှုပ်ရှားမှုများ၊ မဟာဗျူဟာများ၊ အရင်းအမြစ်များကို ကမ္ဘာလုံးအတိုင်းအတာဖြင့် အသိအမှတ်ပြုအကောင်အထည်ဖော်ဆောင်ရွက်သွားရန် လိုအပ်သည်။

ထိုသို့ဆောင်ရွက်ရာတွင် အမျိုးသမီးများနှင့် မိန်းကလေးများ၏ စီးပွားရေးစွမ်းဆောင်ရည်မြှင့်တင်ပေးခြင်း၊ ခေါင်းဆောင်မှု ဆုံးဖြတ်ချက်ချမှတ်ခြင်းနှင့်စီးပွားရေးလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ခွင့်ပြုခြင်း၊ကျန်းမာရေးဆိုင်ရာသတင်းအချက်အလက်မျှဝေပေးခြင်း၊ စိုက်ပျိုးရေးနှင့်စားနပ် ရိက္ခာလုံခြုံမှုတို့တွင် ပါဝင်ဆောင်ရွက်ခွင့်ပြုခြင်း၊ သာတူညီမျှမှုရှိသော ပညာသင်ကြားခွင့်ရရှိအောင်ဆောင်ရွက်ပေးခြင်း၊ အားကစားကဏ္ဍတွင်ပါဝင်ခွင့် နှင့်အောင်မြင်မှုရရှိအောင် မြှင့်တင်ပေးခြင်း၊ အမျိုးသမီးများနှင့် မိန်းကလေးများ၏ လိုအပ်ချက်နှင့်ကိုက်ညီသော အခြေခံအဆောက်အအုံများ ဒီဇိုင်းရေးဆွဲခြင်း၊ တီထွင်ဆန်းသစ်မှုနှင့် စွမ်းဆောင်ရည်မြှင့်တင်ပေးခြင်းတို့ပါဝင်သည်။ ထိုရည်မှန်းချက်များအောင်မြင်ရေးအတွက် ပြုပြင်ပြောင်းလဲမှုများနှင့်ပေါင်းစပ်ချဉ်းကပ်ဆောင်ရွက်မှုများလိုအပ်ပေသည်။ ကျား၊ မ သာတူညီမျှအခွင့်အလမ်း ပိုမိုရရှိရေးအတွက်ပြောင်းလဲမှုကိုဖန်တီးရာတွင် အတားအဆီးများကိုဖယ်ရှားသွားရေးနှင့် အမျိုးသမီးနှင့်မိန်းကလေးအားလုံး




သာတူညီမျှ အခွင့်အရေးရရှိရေးသည် လွန်စွာအရေးပါလျက်ရှိသည်။

**အနစ်နာခံကြရ**

အပြည်ပြည်ဆိုင်ရာ အမျိုးသမီးများနေ့တွင် ကမ္ဘာတစ်ဝန်းရှိအမျိုးသားများသည် ၎င်းတို့၏ မိခင်များ၊ ဇနီးများ၊ သမီးများ၊ မိတ်ဆွေသူငယ်ချင်းများကို အရောင်အသွေးစုံ ပန်းစည်းလှလှလေးတွေအပါအဝင် လက်ဆောင်ပစ္စည်းမျိုးစုံပေးကြသည်။ အမျိုးသမီးများအတွက် အမှတ်တရအခမ်းအနားများလည်းကျင်းပပေးကြသည်။ ထို့ပြင် တချို့သောနိုင်ငံများသည် အပြည်ပြည်ဆိုင်ရာအမျိုးသမီးများနေ့တွင် ရုံးပိတ်ရက်သတ်မှတ်ထားသည်။ တချို့သော နိုင်ငံများကမူ ထိုနေ့တွင် အမျိုးသမီးများအတွက် သီးသန့်ရုံးပိတ်ရက်ပေးထားသည်။

အမှန်တော့ ကမ္ဘာတစ်ဝန်းရှိ အမျိုးသမီးများနှင့် မိန်းကလေးများသည် အိမ်မှုကိစ္စများဆောင်ရွက်ရန် အချိန်များစွာပေးဆပ်နေကြရသည်။ အထူးသဖြင့် အမျိုးသမီးများသည် မိသားစုများအတွက် အမျိုးသားများထက် ပို၍အချိန်များစွာပေးရသည်။ မိသားစုတစ်စုတွင်အမျိုးသမီးများသည် လူမမယ်ကလေးများနှင့်သက်ကြီးရွယ်အိုများကို ပြုစုစောင့်ရှောက်ရသည့်အပြင် အိမ်မှုကိစ္စများစီမံခန့်ခွဲရသဖြင့် ကိုယ်ပိုင်နားချိန်ပင်မရှိကြပေ။ တချို့သောမိသားစုများတွင် အမျိုးသမီးများသည် မိုးလင်းမိုးချုပ် အလုပ်နှင့်လက်မပြတ်ကြပေ။ တစ်အိမ်လုံး၏ တာဝန်မှန်သမျှသည် အမျိုးသမီးများ၏ပုခုံးပေါ်တွင် ရောက်နေတတ်သည်။

**နေရာပိုပေးသင့်**

လက်ရှိအချိန်ထိ အမျိုးသမီးများသည် စီးပွားရေးနှင့်နိုင်ငံရေးနယ်ပယ်တွင် အမျိုးသားများလောက် အခွင့်အလမ်းမရရှိသေးပေ။ အမျိုးသမီးများ၏ပညာရေးနှင့်ကျန်းမာရေးအဆင့်အတန်းသည် အမျိုးသားများအောက်တွင် နိမ့်ကျနေဆဲဖြစ်ကြောင်းနှင့်အမျိုးသမီးများအပေါ်အကြမ်းဖက်မှုနှုန်းသည် မြင့်မားနေဆဲဖြစ်သည်ဟုကမ္ဘာလုံးဆိုင်ရာ ကိန်းဂဏန်း အချက်အလက်များကဖော်ပြနေသည်။

မျက်မှောက်ခေတ် ကမ္ဘာကြီးတွင် လူဦးရေ ၈ ဒသမ ၂ ဘီလီယံကျော်ရှိနေပြီဖြစ်သည်။ အမျိုးသမီးဦးရေသည် ၄ ဘီလီယံကျော်ရှိသည်။ သို့သော် ကျား၊ မ ခွဲခြားဆက်ဆံမှုကြောင့် ကမ္ဘာပေါ်တွင် ဆင်းရဲသူနှင့် စာမတတ်သူအများစုသည် အမျိုးသမီးများပင်ဖြစ်နေသည်။ ကမ္ဘာပေါ်တွင် အမျိုးသားအများစုသည် နိုင်ငံရေးနှင့် တရားရေးဆိုင်ရာနယ်ပယ်များတွင် အဓိကကျသောနေရာများကို လွှမ်းမိုးချုပ်ကိုင်ထားကြသည်။

**သာတူညီမျှခံစားခွင့်ရ**

သို့သော် မြန်မာအမျိုးသမီးအားလုံးသည် နိုင်ငံရေး၊ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးစသည့်နယ်ပေါင်းစုံတွင် ရရှိသင့်ရရှိထိုက်သည့် အခွင့်အလမ်းမှန်သမျှကို အမျိုးသားများကဲ့သို့ သာတူညီမျှ ခံစားခွင့်ရရှိနေကြသည်။ အထူးသဖြင့် မြန်မာအမျိုးသမီးများသည် သက်ရှင်နေထိုင်စဉ်ကာလအတွင်း ကြောက်လန့်စိုးရိမ်မှုမှကင်းဝေးပြီး လုံခြုံစိတ်ချစွာဖြင့် ဂုဏ်သိက္ခာရှိရှိနေထိုင်နိုင်ကြသည်။ ထို့ကြောင့် မြန်မာနိုင်ငံရှိ အမျိုးသမီးများသည် ကျား၊ မ သာတူညီမျှအခွင့်အရေး အပြည့်အဝရရှိနေကြသည်ဟု အခိုင်အမာပြောဆိုနိုင်ပါသည်။ ထို့ပြင် မြန်မာနိုင်ငံတွင် အမျိုးသမီးများကို ဂုဏ်ပြုသောအားဖြင့် နှစ်စဉ် ဇူလိုင် ၃ ရက်တွင်လည်း မြန်မာအမျိုးသမီးများနေ့အခမ်းအနားများ ကျင်းပပေးလျက်ရှိသည်။

မြန်မာအမျိုးသမီးများသည် လွတ်လပ်စွာကိုးကွယ်ခွင့်၊ ပညာသင်ကြားခွင့်၊ သွားလာခွင့်နှင့် မိမိချစ်ခင်စုံမက်သူကို ရွေးချယ်လက်ထပ်ခွင့်များရှိကြသည်။ မြန်မာနိုင်ငံတွင် ခွဲခြားဆက်ဆံမှုနှင့် ကန့်သတ်ချုပ်နှောင်မှုမရှိသောကြောင့် အမျိုးသမီးများသည် ကြိုးစားလျှင် ကြိုးစားသလောက် ခံစားခွင့်ရှိကြသည်။ အထူးသဖြင့် အစိုးရအဖွဲ့ဝန်ကြီးများနှင့်နိုင်ငံ့ကိုယ်စားပြုသံအမတ်ကြီးများအဆင့်ကဲ့သို့ ကြီးလေးသောတာဝန်များကိုပင်လျှင် အမျိုးသားများနည်းတန်းတူ တာဝန်ယူထမ်းဆောင်လျက်ရှိကြသည်။

ထို့ကြောင့် မြန်မာအမျိုးသမီးများသည်အမျိုးသားများနည်းတူ သာတူညီမျှအခွင့်အလမ်းများရရှိလျက်ရှိသောကြောင့် ကမ္ဘာပေါ်တွင် ကံကောင်းသောအမျိုးသမီးများဟုပင်ဆိုနိုင်ပါသည်။ လက်ရှိအချိန်တွင်နိုင်ငံတော်အစိုးရက ထူးချွန်သောအမျိုးသမီးများကို ထိုက်ထိုက်တန်တန် ဂုဏ်ပြုချီးမြှောက်လျက်ရှိသည်။ ထိုအခွင့်အလမ်းကောင်းများကို လက်ဝယ်ပိုင်ဆိုင်နိုင်ရေးအတွက် အမျိုးသမီးများသည် အမျိုးသားများနှင့်အပြိုင် ကြိုးပမ်းအားထုတ်သွားရန် လိုအပ်ပါသည်။ မြန်မာနိုင်ငံတွင် အမျိုးသမီးများသည် နိုင်ငံရေး၊ စီးပွားရေး၊ အုပ်ချုပ်ရေးကဏ္ဍတွင်သာမက ကာကွယ်ရေးကဏ္ဍတွင်ပါ ပါဝင်ထမ်းဆောင်ခွင့်ရရှိနေပြီဖြစ်သည်။ အနာဂတ်တွင်အမျိုးသမီးများသည် အမျိုးသားများနည်းတူ နိုင်ငံတော်၏အရေးကြီးတာဝန်များကို ထမ်းဆောင်နိုင်ကြတော့မည်ဖြစ်သည်။

**ကျား၊ မ တန်းတူညီမျှ အခွင့်အရေးရရှိရေးအရှိန်မြှင့်တင်ဆောင်ရွက်ပေး**

ကျား၊ မ တန်းတူညီမျှခြင်းသည် စီးပွားရေးလုပ်ငန်းများနှင့် ဆုံးဖြတ်ချက်ချမှတ်ခြင်းများ အပါအဝင် အရင်းအမြစ်နှင့်အခွင့်အလမ်းများကို လိင်ခွဲခြားမှုမရှိဘဲ သာတူညီမျှရရှိနိုင်ခြင်းကိုဆိုလိုသည်။ ကျား၊ မ သာတူညီမျှရှိခြင်းသည် အမျိုးသမီးများ၏အခွင့်အလမ်းကို ခိုင်မာစွာအကာအကွယ်ပေးထားပြီး ယောကျာ်း၊ မိန်းမ၊ ကလေးနှင့်မိန်းကလေး တို့ကို အခွင့်အလမ်း သာတူညီမျှပေးထားခြင်းဖြစ် သည်။ ထို့ပြင် ကျား၊ မ သာတူညီမျှရှိခြင်းသည်အမျိုးသမီးများကို လိင်ကျွန်အဖြစ်ရောင်းချခြင်း၊ စစ်မက်ဖြစ်ပွားချိန်တွင် လိင်အကြမ်းဖက်မှုမှ ကာကွယ်ခြင်းနှင့် လိင်အခြေခံ၍ အလုပ်ကြမ်းခိုင်းစေခြင်းများမှ ကာကွယ်ထားခြင်းပင်ဖြစ်သည်။

နိုင်ငံတစ်နိုင်ငံအတွင်း မှီတင်းနေထိုင်သော အမျိုးသမီးအားလုံးသည် နိုင်ငံရေး၊ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးစသည့် နယ်ပယ်ပေါင်းစုံတွင်ရရှိနိုင်မည့် အခွင့်အလမ်းမှန်သမျှကို အမျိုးသားများကဲ့သို့ပင် မပိုမလို အညီအမျှခံစားခွင့်ရရှိနေခြင်းကို ကျား၊ မ တန်းတူအခွင့်အရေးရရှိသည်ဟု ခေါ်ဆိုသည်။ ကျား၊ မ တန်းတူညီမျှနေထိုင်ခွင့်ရရှိခြင်းသည် လူ့အခွင့်အရေးတစ်ရပ်ပင်ဖြစ်သည်။ အမျိုးသမီးများသည် သက်ရှင်နေထိုင်စဉ်ကာလအတွင်း ကြောက်လန့်စိုးရိမ်မှုမှကင်းဝေးပြီး လုံခြုံစိတ်ချစွာဖြင့် ဂုဏ်သိက္ခာရှိရှိ နေထိုင်နိုင်မှသာလျှင် ကျား၊ မ တန်းတူညီမျှမှုရှိသည်ဟု ဆိုရမည်ဖြစ်သည်။ မြန်မာနိုင်ငံရှိ အမျိုးသမီးကြီး၊ ငယ်အရွယ်အားလုံးသည် ဆိုခဲ့ပါ အခွင့်အလမ်းများကို အမျိုးသားများနည်းတူ အပြည့်အဝခံစားခွင့်ရရှိနေကြသဖြင့် မြန်မာနိုင်ငံတွင် ကျား၊ မ တန်းတူညီမျှမှုရှိသည်ဟု အခိုင်အမာဆိုနိုင်သည်။

အိမ်တစ်အိမ်၊ လူ့အဖွဲ့အစည်းတစ်ခုနှင့် နိုင်ငံတစ်နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးကို ဖော်ဆောင်ရာတွင် အမျိုးသားဝါဒ၊ အမျိုးသမီးဝါဒဆိုသော ရှေးရိုးစွဲဝါဒတွေကို စွဲကိုင်မထားဘဲ ကျား၊ မ အားလုံးတက်ညီလက်ညီပူးပေါင်းဆောင်ခြင်းဖြင့်သာ အောင်မြင်မှုရရှိနိုင်မည်ဖြစ်သည်။ လုပ်ငန်းတာဝန်များကိုလည်း အမျိုးသားများ၏တာဝန်၊ အမျိုးသမီးများ၏တာဝန်ဟူ၍ သဘောထားသေးသိမ်စွာဖြင့် ခွဲခြားနေသည်ထက် ကျရာအခန်းကဏ္ဍကို ပီပြင်စွာထမ်းဆောင်ခြင်းဖြင့်သာအကျိုးပြုသွားရန် လိုအပ်ပါသည်။

ဆိုရလျှင် နှစ်စဉ် မတ် ၈ ရက်သည် အပြည်ပြည်ဆိုင်ရာအမျိုးသမီးများနေ့ဖြစ်သည်။ ကမ္ဘာပေါ်ရှိ အမျိုးသမီးများ၏ လိုလားတောင့်တချက်များကိုဖြည့်ဆည်းပေးနိုင်ရန်အတွက် နှစ်စဉ်ထိုနေ့ကိုကျင်းပခြင်းဖြစ်သည်။ နယ်ပယ်ပေါင်းစုံတွင် အမျိုးသမီးများကို လုပ်ပိုင်ခွင့်နှင့်ဦးဆောင်ခွင့်ပေးကာ လက်တွဲခေါ်သွားကြရန်လိုအပ်ပါသည်။ ထို့ကြောင့် တည်ငြိမ်အေးချမ်းမှုနှင့် စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်မှုတို့ကို ဖော်ဆောင်နိုင်ရေးအတွက်ကျား၊မ တန်းတူညီမျှမှုရရှိရေး အလေးထားဆောင်ရွက်သွားကြပါစို့ဟု တိုက်တွန်းအကြံပြုသွားလိုပါသည်။

**ကိုးကား**

- IWD 2025 campaign theme is 'Accelerate Action'
- International Women Day

# မလေးရှားနိုင်ငံ မလက်ကာပြည်နယ်တွင် ရေဘေးဒဏ်သင့်ပြည်သူဦးရေ ၃၃၀ ရှိလာ



ကွာလာလမ်ပူ မတ် ၇

မလေးရှားနိုင်ငံ မလက်ကာပြည်နယ်တွင် မတ် ၆ ရက်မှစတင်၍ ရေကြီးရေလျှံမှုဖြစ်ပေါ်ခဲ့ပြီး ယနေ့အစောပိုင်းထိ ရေဘေးဒဏ်သင့် ပြည်သူဦးရေ ၃၃၀ ရှိလာခဲ့ကြောင်း မလက်ကာ Civil Defence Force (APM) က ထုတ်ပြန်ခဲ့သည်ဟု ယနေ့သတင်းများတွင် ဖော်ပြထားကြောင်း သိရသည်။

ရေဘေးဒဏ်သင့် ပြည်သူများကို APM မှ တပ်ဖွဲ့ဝင်များက ကယ်ဆယ်ရေးလုပ်ငန်းများဆောင်ရွက်ပေးနေပြီး ရေဘေးဒဏ်သင့်ပြည်သူများကို ယာယီကယ်ဆယ်ရေးစခန်း ငါးခုဖွင့်လှစ်ကာ နေရာရွှေ့ပြောင်းပေးထားကြောင်း APM မှ ပြောရေးဆိုခွင့်ရှိသူ ဒုတိယဗိုလ်မှူးကြီး ကာမာရူစယက်က ပြောကြားခဲ့သည်။

"မလက်ကာတန်ဂါဒေသနဲ့ ဂျက်ဆင်ဒေသတွေမှာ ရေကြီးရေလျှံမှု ဖြစ်ပေါ်နေပါတယ်။ ရေဘေးဒဏ်သင့် ပြည်သူတွေ ၃၃၀ ထိ ရှိနေပါတယ်။ အယောက် ၃၃၀ ထဲမှာ ၂၆၄ ယောက်ကတော့ ဂျက်ဆင်ဒေသကဖြစ်ပြီး ၆၆ ယောက်ကတော့ မလက်ကာတန်ဂါဒေသက ဖြစ်ပါတယ်။ ရေဘေးဒဏ်သင့်ပြည်သူတွေကို မလက်ကာပြည်နယ် အလယ်ပိုင်းမှာ ကယ်ဆယ်ရေးစခန်း ငါးခုဖွင့်လှစ်ပြီး နေရာချပေးထားပါတယ်။ မိုးသည်းထန်စွာ ရွာသွန်းမှုတွေဖြစ်ပေါ်လာနိုင်သေးတဲ့အတွက် ရေဘေးအန္တရာယ်က အခြေအနေပိုဆိုးလာနိုင်တယ်။ လောလောဆယ်အချိန်ထိတော့ ထိခိုက်ဒဏ်ရာရရှိသူနဲ့ သေဆုံးသူတွေ မရှိသေးပါဘူး။ ကယ်ဆယ်ရေးလုပ်ငန်းတွေ ဆောင်ရွက်သွားဖို့အတွက်လဲ တပ်ဖွဲ့ဝင်တွေကို အန္တရာယ်ရှိတဲ့နေရာတွေမှာ နေရာချထားပေးပြီး ဒေသခံတွေ ဘေးကင်းအောင် ဆောင်ရွက်ပေးနေပါတယ်" ဟုမလက်ကာ Civil Defence Force(APM)မှ ပြောရေးဆိုခွင့်ရှိသူ ဒုတိယဗိုလ်မှူးကြီး ကာမာရူစယက်က ပြောကြားခဲ့သည်။

Ref : Sputnik News

Trs : Sai Sat

# လေထုညစ်ညမ်းမှုနှင့် မီးခိုးမြူများကြောင့် ဗန်ကောက်မှ မယ်ဟောင်ဆောင်သို့ပျံသန်းသော လေကြောင်းလိုင်းများ ခေတ္တဆိုင်းငံ့ထားမည်

ဗန်ကောက် မတ် ၇

လေထုညစ်ညမ်းမှုနှင့် မီးခိုးမြူများကြောင့် ထိုင်းနိုင်ငံ၏မြို့တော် ဗန်ကောက်မှ နိုင်ငံမြောက်ပိုင်းရှိ မယ်ဟောင်ဆောင်ပြည်နယ်သို့ ပျံသန်းသည့် အဓိကလေကြောင်းလိုင်း တစ်ခုဖြစ်သော Bangkok Airways လေယာဉ်ပျံသန်းမှုခရီးစဉ်များကို တစ်လကျော်ကြာ ဆိုင်းငံ့ထားမည်ဖြစ်ကြောင်း မတ် ၅ ရက်က ထုတ်ပြန်ချက်များကို ကိုးကား၍ မတ် ၆ ရက်သတင်းများတွင်ဖော်ပြထားသည်။

မီးခိုးမြူများ၊ မြူခိုးများဖုံးလွှမ်းမှုကြောင့် လေယာဉ်ပျံသန်းခြင်းနှင့် ဆင်းသက်ခြင်းများတွင် အနှောင့်အယှက်များ ဖြစ်ပေါ်လျက်ရှိသဖြင့် ဗန်ကောက်မြို့မှ မယ်ဟောင်ဆောင်မြို့သို့ ပျံသန်းသည့် လေယာဉ်ခရီးစဉ်များကို တစ်လကျော်ကြာ ခေတ္တဆိုင်းငံ့သွားမည်ဖြစ်ကြောင်း Bongkok Airways လေကြောင်းလိုင်းက ကြေညာခဲ့ကြောင်း၊ ယခင်နှစ်ကလည်း အလားတူပြဿနာမျိုး ကြုံတွေ့ခဲ့ရသဖြင့် လေကြောင်းခရီးစဉ်များကို ခေတ္တဆိုင်းငံ့ခဲ့ရကြောင်း သိရသည်။

မယ်ဟောင်ဆောင် လေဆိပ်အာဏာပိုင်များက လေယာဉ်ခရီးစဉ်များကို မတ် ၁၅ ရက်မှ ဧပြီ ၂၀ ရက်ထိ ရပ်ဆိုင်းထားမည်ဟု ပြီးခဲ့သော သီတင်းပတ်ကပင် လူမှုကွန်ရက်မှတစ်ဆင့် အသိပေးခဲ့ကြောင်း သိရသည်။

ထိုင်းနိုင်ငံ မြောက်ပိုင်းဒေသများတွင် အထူးသဖြင့် ဒီဇင်ဘာလနှင့်ဧပြီလအတွင်း လယ်သမားများ၏ လယ်ယာမြေများ ပြင်ဆင်ရန်အတွက် အမှိုက်များကိုမီးရှို့ခြင်းများကြောင့် လေထုညစ်ညမ်းမှုမြင့်တက်ခြင်းနှင့် မီးခိုးမြူထူထပ်စွာ ဖြစ်ပေါ်ခြင်းများ ဖြစ်ပွားလေ့ရှိပြီး ထိုင်းနိုင်ငံအစိုးရက ယခုနှစ်နှစ်ဦးပိုင်းတွင် ကောက်ပဲသီးနှံမီးရှို့ခြင်းများကို တားမြစ်ခဲ့ပြီး ဖောက်ဖျက် ကျူးလွန်သူများကို ဒဏ်ငွေနှင့် တရားဥပဒေအရ အရေးယူခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

Ref : Russia Today

Trs : AZH

# အပူချိန်ပြင်းထန်မှုကြောင့် တောင်အမေရိကနိုင်ငံတချို့တွင် ကျောင်းဖွင့်ချိန်များရွှေ့ဆိုင်းထားပြီး သတိပေးချက်များထုတ်ပြန်ထားရ

ရီယိုဒီဂျနေးရိုး မတ် ၇

အပူချိန်ပြင်းထန်လာမှုကြောင့် တောင်အမေရိက နိုင်ငံများဖြစ်သော ဘရာဇီးနိုင်ငံနှင့် အာဂျင်တီးနားနိုင်ငံတို့တွင် အပူချိန်သတိပေးချက်များကို ထုတ်ပြန်ထားရပြီး ဘရာဇီးနိုင်ငံတွင် စာသင်ကျောင်းများဖွင့်လှစ်မည့်ရက်ကို ရွှေ့ဆိုင်းထားရကြောင်း ဒေသဆိုင်ရာ အာဏာပိုင် အဖွဲ့အစည်းများ၏ မတ် ၅ ရက် ထုတ်ပြန်ချက်များကို ကိုးကား၍ မတ် ၆ ရက် သတင်းများတွင် ဖော်ပြထားသည်။

အတ္တလန္တိတ်သမုဒ္ဒရာအတွင်း ဖေဖော်ဝါရီလကုန်ပိုင်းက ဖြစ်ပေါ်ခဲ့သော လေဖိအားစနစ်တစ်ခုကြောင့် တောင်အမေရိကတိုက် အစိတ်အပိုင်းရှိ နိုင်ငံတချို့တွင် အပူချိန်မြင့်တက်မှုများ ဖြစ်ပေါ်လျက်ရှိရာ ဘရာဇီးနိုင်ငံတချို့နေရာများတွင် အပူချိန် ၄၄ ဒီဂရီစင်တီဂရိတ်ထိ မြင့်တက်လျက်ရှိရာ စာသင်ကျောင်းများကို ဖွင့်လှစ်ရန်နှောင့်နှေးမှုများ ဖြစ်ပေါ်လျက်ရှိပြီး အာဂျင်တီးနားနိုင်ငံ၏ပြည်နယ်ခြောက်ခုတွင်လည်း အပူချိန်မြင့်တက်မှုကြောင့် အနီရောင်သတိပေးချက် ထုတ်ပြန်ထားရသည်။

အပူချိန်မြင့်တက်မှုကြောင့် ကမ်းခြေများတွင် အနားလာယူသူများပြားလျက်ရှိရာ အပူချိန်မြင့်တက်ခြင်းနှင့်အတူ ကျန်းမာရေးဆိုင်ရာအန္တရာယ်များပါ ကြီးမားလာနိုင်သဖြင့် ကြိုတင်ကာကွယ်မှုနည်းလမ်းများကို ဆောင်ရွက်ရန်နှင့် ရေဓာတ်ခန်းခြောက်ခြင်းနှင့် အပူကြောင့်ဖြစ်သော ရောဂါများ ဖြစ်ပေါ်နိုင်ကြောင်း သက်ဆိုင်ရာအာဏာပိုင်များက သတိပေးချက်များ ထုတ်ပြန်ထားသည်။



အပူလှိုင်းစနစ်သည် ဘရာဇီးနိုင်ငံမှတစ်ဆင့် အာဂျင်တီးနားနိုင်ငံဘက်သို့ ဆက်လက်ရွေ့လျားလျက်ရှိရာ ဘရာဇီးနိုင်ငံတွင် အပူချိန်ပြန်လည်ကျဆင်းလာနိုင်သော်လည်း ရက်သတ္တတစ်ပတ်ခန့်ဆက်လက်၍ အပူချိန်မြင့်တက်မှုဖြစ်ပေါ်ဖွယ်ရှိကြောင်း အမျိုးသားမိုးလေဝသဌာနက သတင်းထုတ်ပြန်ထားကြောင်း သိရသည်။

Ref : Russia Today

Trs : AZH

# အယ်ဖရက်ဆိုင်ကလုန်းမုန်တိုင်း ဘရစ္စဘိန်းမြို့ကို ဝင်ရောက်တိုက်ခတ်ဖွယ်ရှိနေ

ကင်ဘာရာ မတ် ၇

ဩစတြေးလျနိုင်ငံ ကွင်းစလန်းပြည်နယ်တွင် အယ်ဖရက်ဟု အမည်ပေးထားသော ဆိုင်ကလုန်းမုန်တိုင်းသည် မတ် ၅ ရက်မှစ၍ ကမ်းခြေဒေသများသို့ တိုက်ခတ်လျက်ရှိပြီး ဘရစ္စဘိန်းမြို့သို့ ဝင်ရောက် တိုက်ခတ်ဖွယ်ရှိကြောင်း Bureau of Meteorology က သတိပေးချက် ထုတ်ပြန်ခဲ့သည်ဟု မတ် ၆ ရက် သတင်းများတွင် ဖော်ပြထားသည်။

မုန်တိုင်းအားကောင်းသည့်အတွက် မုန်တိုင်းဖြတ်သန်းဖွယ်ရှိနေသည့် လမ်းကြောင်းတွင် နေထိုင်သော ဘရစ္စဘိန်းမြို့ခံများကို ဘေးလွတ်ရာ ရွှေ့ပြောင်းရန် ကွင်းစလန်းပြည်နယ် အာဏာပိုင်အဖွဲ့အစည်းက ညွှန်ကြားထားကြောင်း၊ အယ်ဖရက်ဆိုင်ကလုန်းမုန်တိုင်းသည် တစ်နာရီလျှင် ၉၆ မိုင်နှုန်းဖြင့် တိုက်ခတ်နေခြင်းဖြစ်ပြီး ပြင်းအားဆက်လက်မြင့်တက်လာနိုင်ကြောင်း၊ အယ်ဖရက်ဆိုင်ကလုန်းမုန်တိုင်းသည် မိုင်ပေါင်း ၃၁၁ မိုင်ထိ တောက်လျှောက် တိုက်ခတ်သွားနိုင်ပြီး မုန်တိုင်းကြောင့် မိုးရေချိန်မှာလည်း ၈၀၀ မီလီမီတာထိမြင့်တက်သွားနိုင်၍ ရေကြီးရေလျှံမှုများ အချိန်တိုအတွင်း ဖြစ်ပေါ်လာနိုင်ကြောင်း၊ ကွင်းစလန်းပြည်နယ်တွင် ရေဘေးအန္တရာယ်ဖြင့် ရင်ဆိုင်ရဖွယ်ရှိနေသည့်ဒေသများ၌ ကယ်ဆယ်ရေးဝန်ထမ်းများနှင့် ဒေသခံပြည်သူများပူးပေါင်း၍ သဲအိတ်များဖြင့် အတားအဆီးများစတင်ပြုလုပ်နေကြောင်း သိရသည်။

"ကွင်းစလန်းပြည်နယ် အရှေ့တောင်ဘက်ပိုင်း ဒေသတွေမှာ ယခုကာလက မုန်တိုင်းဝင်ရောက်လေ့ရှိတဲ့ကာလဖြစ်ပါတယ်။ ကွင်းစလန်းပြည်နယ်ဟာ ဆယ်စုနှစ်အတွင်း မုန်တိုင်းအန္တရာယ်နဲ့ အကြိမ်ကြိမ် ရင်ဆိုင်ခဲ့ရတယ်။ ပြည်သူတွေအနေနဲ့ မုန်တိုင်းအန္တရာယ်နဲ့ အကြိမ်ကြိမ်ရင်ဆိုင်ခဲ့ရတဲ့အတွက် မုန်တိုင်းအန္တရာယ်ကို ဘယ်လိုရင်ဆိုင်ရမလဲဆိုတာ သိနေကြပါပြီ။ လိုအပ်တဲ့ ကြိုတင်ပြင်ဆင်မှုတွေ ပြုလုပ်နေပါပြီ" ဟု ကွင်းစလန်းပြည်နယ် ဝန်ကြီးချုပ် ခရီဆာဖူလီက ပြောကြားခဲ့သည်။

Ref : Sputnik News

Trs : Sai Sat

# EU က ၂၀၃၅ ခုနှစ်အရောက်တွင် မော်တော်ကားမှ ကာဗွန်ထုတ်လွှတ်မှု သုညမှတ်ရောက်ရှိရေးဥပဒေကို အတည်ပြုသွားမည်

ဘရပ်ဆဲလ် မတ် ၇

ဘယ်လ်ဂျီယံနိုင်ငံတွင် အခြေစိုက်သည့် ဥရောပသမဂ္ဂ(EU) က ရာသီဥတုဖောက်ပြန်မှုတိုက်ဖျက်ရေးအတွက် မော်တော်ကားမှ ကာဗွန်ထုတ်လွှတ်မှု သုညမှတ်ရောက်ရှိရေး ရည်မှန်းချက်ကို အကောင်အထည် ဖော်သွားရန် ဥပဒေများရေးဆွဲထားပြီး ၂၀၃၅ ခုနှစ်အရောက်တွင် ရည်မှန်းချက် အောင်မြင်အောင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ထုတ်ပြန်ခဲ့သည်ဟု မတ် ၆ ရက် သတင်းများတွင် ဖော်ပြထားသည်။

ဥပဒေအရ ဥရောပသမဂ္ဂအဖွဲ့ဝင်နိုင်ငံများသို့ တင်သွင်းမည့်ကားများသည် ကာဗွန်ထုတ်လွှတ်မှုမရှိသော မော်တော်ကားများကိုသာ တင်သွင်းခွင့်ပြုမည်ဖြစ်ပြီး EU အနေဖြင့် မော်တော်ကားတင်သွင်းမည့် ကုမ္ပဏီများကို အချိန်ပေးသွားမည်ဖြစ်သကဲ့သို့ ဥပဒေကို ၂၀၃၀ ပြည့်နှစ်အရောက်တွင် စတင်အကောင်အထည်ဖော်သွားမည်ဖြစ်ကြောင်း၊ အမေရိကန်နိုင်ငံနှင့် တရုတ်နိုင်ငံတို့မှ ဥရောပနိုင်ငံများသို့ ၂၀၃၀ ပြည့်နှစ်မှစ၍ လျှပ်စစ်စွမ်းအင်သုံး မော်တော်ကားများကိုသာ တင်သွင်းခွင့်ပြုတော့မည်ဖြစ်ကြောင်း သိရသည်။

"၂၀၃၅ ခုနှစ် အရောက်မှာ မော်တော်ကားတွေကနေ ကာဗွန်ထုတ်လွှတ်မှု သုညမှတ်ရောက်ရှိရေးရည်မှန်းချက်ကို အောင်မြင်အောင်အကောင်အထည်ဖော်သွားမှာ ဖြစ်ပါတယ်။ ရေးဆွဲထားတဲ့ ဥပဒေကိုလဲ စတင်ပြဋ္ဌာန်းတော့မှာဖြစ်ပါတယ်"ဟု ဥရောပသမဂ္ဂအဖွဲ့အစည်းမှ သယ်ယူပို့ဆောင်ရေးကော်မရှင်နာ အာပိုစတိုလို့စ်က ပြောကြားခဲ့သည်။

Ref : Russia Today

Trs : Sai Sat

# ၂၀၂၅ ခုနှစ် နှစ် ၈၀ ပြည့် တပ်မတော်နေ့အထိမ်းအမှတ် စစ်ချီသီချင်း၊ စစ်သည်တေးသီချင်း၊ ကဗျာနှင့်ဝတ္ထုပြိုင်ပွဲတွင် ဆုရရှိသူများအမည်စာရင်း

**စစ်ချီသီချင်း**

၁။ **ရဲရဲတက် ရဲရဲတိုက် ရဲရဲချေမှုန်း** ပထမဆု
မြင့်မိုရ်ဦး

၂။ **ပြည်သူ့အတွက် တပ်မတော်ဖြစ်သည်** ဒုတိယဆု
အောင်ဇော်ဦး(ရဲတီးဝိုင်း)

၃။ **(ကြည်း၊ ရေ၊ လေ)သည် ထာဝရညီ** တတိယဆု
လှိုင်ဝင်းထွန်း

၄။ **ရဲဝံ့စွန့်စား ပြည်ချစ်သား** စတုတ္ထဆု
ဒုတိယအရာခံဗိုလ်သက်ဝင်းလှိုင်

၅။ **နိုင်ငံတော်ကို ကာကွယ်ထား နည်းပညာနဲ့တပ်မတော်သား** ပဉ္စမဆု
ခင်ဇော်(မြဝတီ)

**စစ်သည်တေးသီချင်း**

၁။ **တွဲလက်မြဲစေ ညီအစ်ကိုတွေ** ပထမဆု
ထားရ

၂။ **တပ်မတော်၏သမိုင်းပေးတာဝန်** ဒုတိယဆု
မအိ(ပဲခူး)

၃။ **အမိမြေကို ချစ်ကြသူများ** တတိယဆု
ရွှေသင်းသူ(သဇင်)

၄။ **စစ်သားဆိုတာ** စတုတ္ထဆု
ကေသီ

၅။ **ရှေ့သို့ချီမည် ပန်းတိုင်ဆီ** ပဉ္စမဆု
မြင့်မြတ်ဦး(မြဝတီ)

**ကဗျာ(ဝါသနာရှင်)**

၁။ **ခေတ်သမိုင်းကိုဆစ်ပိုင်း၍ ရစ်သိုင်းလေသော မော်ကွန်းလွှာ** ပထမဆု
ကောင်းခြိမ့်ကျော်

၂။ **စစ်သားဆိုတာ ပြည့်ရတနာ** ဒုတိယဆု
မနေသစ်(ပခုက္ကူ)

၃။ **နှစ်(၈၀)ပြည့် ဂုဏ်မြတ်သည့်တပ်မတော်နေ့** တတိယဆု
အောင်နိုင်သူ(ဖွဲ့ကပင်)

၄။ **ကြယ်ပေါင်းဝန်းရံရွှေနိုင်ငံ၏ အောင်လံမြင့်မော် တပ်မတော်** စတုတ္ထဆု
ခိုင်မြတ်မော်(မြဝတီ)

၅။ **အစဉ်အလာကောင်းသည့်တပ်မတော်** ပဉ္စမဆု
ဉာဏ်လင်း(တပ်ကုန်း)

၆။ **ခေတ်သမိုင်းကို ဆစ်ပိုင်းဖြတ်ကျော်တပ်မတော်** အထူးဆု(၁)
သက်နှင်းညို

၇။ **တပေါင်းမှသည် ရှေ့သို့ချီသော်၊ သွေးသစ် မော်ကွန်းတည်စေသတည်း** အထူးဆု(၂)
ရဲမွန်ကျော်

၈။ **ကမ္ဘည်းမော်ကွန်း တည်စေညွှန်း** အထူးဆု(၃)
ရွှေလေးခင်

**ကဗျာ(အလွတ်တန်း)**

၁။ **တို့များတပ်မတော်** ပထမဆု
မြတ်ထွဏ်းနောင်

၂။ **နေတစ်စင်းနှင့်ငွေလမင်းသို့ပမာ နိုင်ငံအတွက်သာ တပ်မတော်ပါ** ဒုတိယဆု
ဘုန်းမောင်ဝင်း(ဖျာပုံ)

၃။ **တင့်တယ် သူရိန် လမင်းအိမ်သို့** တတိယဆု
ဘုန်းရဲနိုင်(ဂန့်ဂေါ)

၄။ **ဖြတ်ကျော်လွှားရခရီးရှည် တပ်မတော်သားအလှ (ကြည်း၊ ရေ၊ လေ)** စတုတ္ထဆု
ရေနံ့သာမောင်ကျော်ညွှန့်

၅။ **နိုင်ငံလူမျိုးဂုဏ်ရှိန်တိုးအောင် ကြိုးစားဆောင်ဖော် တပ်မတော်** ပဉ္စမဆု
မနောဖြူ

၆။ **အောင်သပြေဖော်ညွှန်း တပေါင်းမော်ကွန်း** အထူးဆု(၁)
မောင်မင်းသိမ်း(သရက်)

၇။ **ခေတ်အဆက်ဆက် ထက်မြက်ဂုဏ်ကျော် မြန်မာ့တပ်မတော်** အထူးဆု(၂)
မျိုးစစ်သည်

၈။ **ကမ္ဘည်းမော်ကွန်း ပေါ်ထွန်းမွေးမြ သမိုင်းလှသော မြန်မာ့တပ်မတော်** အထူးဆု(၃)
ညောင်ရွှေ-ခင်မောင်မြ

**ဝတ္ထုတို(ဝါသနာရှင်)**

၁။ **စစ်မှန်သော မေတ္တာတရားဖြင့်** ပထမဆု
အမောင်

၂။ **သူတို့ကို ဈေးမရောင်းတော့ပါ** ဒုတိယဆု
မုန်းမောင်မောင်

၃။ **ခရေဦး၏သန္နိဋ္ဌာန်** တတိယဆု
ယု(သဇင် FM)

၄။ **အပြုံးလည်းလှ နှလုံးသားလှတဲ့ မုန်းမရတဲ့ စစ်သည်တော်** စတုတ္ထဆု
မနောဖြူ

၅။ **သူရဲကောင်းတို့၏ဝိညာဉ်များ** ပဉ္စမဆု
ရဲမွန်ကျော်

၆။ **အမွန်မြတ်ဆုံးသော စွန့်လွှတ်ခြင်း** အထူးဆု(၁)
ငြိမ်းချမ်းဖြူ

၇။ **စစ်ကျောပိုးအိတ်မှာ ဆွဲချိတ်ထားတဲ့ကြယ်မှုန်တွေ** အထူးဆု(၂)
ထက်ပိုင်ဦး(သစ္စာမြေ)

၈။ **မွေးရာပါတာဝန်** အထူးဆု(၃)
စစ်ငြိမ်းပန်း

**ဝတ္ထုတို(အလွတ်တန်း)**

၁။ **အားနာရန် မလိုခဲ့ပါ** ပထမဆု
မျိုးမြင့်ရန်နောင်

၂။ **ဓာတ်သွေးစက် အိုးစားဖက်ကိုရှာကြသည်** ဒုတိယဆု
မောင်မောင်လွင်(ရွှေဘိုသား)

၃။ **ကြယ်တွေကြွေသောလမ်း** တတိယဆု
ကျော်တေဇ(ဥက္ကလာ)

၄။ **ယုံကြည်ခြေတစ်လှမ်း** စတုတ္ထဆု
ထက်ဝေအောင်(စစ်ကိုင်း)

၅။ **မကြွေရဲဝံ့ ကြယ်တစ်ပွင့်ရဲ့ရာဇဝင်** ပဉ္စမဆု
မောင်စူးရှ(အနောက်ရိုးမ)

၆။ **ငြိမ်းချမ်းပါစေ ပန်းဝါမြေ** အထူးဆု(၁)
မင်းလပြည့်(ဟားခါး)

၇။ **အမေ့မှာ သားတွေအများကြီးရှိပါတယ်** အထူးဆု(၂)
သက်သက်နွယ်(ရန်ကုန်တက္ကသိုလ်)

၈။ **ကိုယ်သင်းနံ့လေး မွှေးပျံ့နေသည်** အထူးဆု(၃)
စေတမန်

**ဝတ္ထုရှည်(ဝါသနာရှင်)**

၁။ **နောက်ဆုံးကျည်ဆန်** ပထမဆု
မြခြူးအိမ်

၂။ **သစ္စာနန်းမှပန်းရင်ခွင်** ဒုတိယဆု
ဘုန်းရဲနိုင်(ဂန့်ဂေါ)

၃။ **အိမ်အမှတ်(၁၃၅)** တတိယဆု
လူမောင်(ဝိရောဓိ)

၄။ **အဏ္ဏဝါထက်က ပန်းပျိုးလက်** စတုတ္ထဆု
တင်ဦး(ရန်ကင်း)

၅။ **ကရုဏာရွှေလက်တို့ဖြင့် အမွန်မြတ်ဆုံး ပေးဆပ်ခဲ့ကြပါသည်** ပဉ္စမဆု
သျှင်ငြိမ်းစံ

၆။ **တိုင်းပြည်ကို စောင့်ရှောက်ဖို့ တာဝန်ရှိနေလို့ပါ** အထူးဆု(၁)
မောင်စိုးထွန်း

၇။ **အစဉ်နုပျိုနေသည့် ဥဒါန်းစကား** အထူးဆု(၂)
အောင်မင်းကျော်(ပညာ)

၈။ **စောင့်ထိန်းအပ်သော သစ္စာတရားတို့ဖြင့်** အထူးဆု(၃)
ခင်မျိုးမျိုးချစ်(ချင်းတောင်)

**ဝတ္ထုရှည်(အလွတ်တန်း)**

၁။ **လွမ်းရက်တာရှည် စစ်မြေစခန်းမှာဖြင့်** ပထမဆု
တက္ကသိုလ်မြမဥ္ဇူ

၂။ **ထာဝရစစ်သား ထာဝရမြန်မာ့တပ်မတော်** ဒုတိယဆု
စိုးနွေ

၃။ **နမ့်လွေချောင်းဘေးမှာ ပေးခဲ့လေသော မြေပုံလေးတစ်ချပ်အကြောင်း** တတိယဆု
ရဲမင်းစိုး

၄။ **လွမ်းရစ်စေသူ** စတုတ္ထဆု
ညိမ်းညို

၅။ **ကြယ်တစ်စင်းရဲ့ ဘဝစာမျက်နှာ** ပဉ္စမဆု
နေဇင်(ပေါက်ခေါင်း)

၆။ **ကျည်တစ်တောင့် လူတစ်ယောက်** အထူးဆု(၁)
နီသင်အောင်ကျော်မိုး

၇။ **ပေးဆပ်သူတို့၏ ချစ်ခြင်းသက်သေ** အထူးဆု(၂)
ခန့်ပိုင်

၈။ **အဖြူရောင်အနားသတ်** အထူးဆု(၃)
အမေ့သား(နတ်မောက်)

**မှတ်ချက်။** ဆုပေးပွဲအခမ်းအနားကျင်းပမည့်နေ့ရက်၊ နေရာနှင့် အချိန်တို့ကို ထပ်မံအသိပေးသွားမည်ဖြစ်ပြီး အသေးစိတ်သိရှိလိုပါက တယ်လီဖုန်းနံပါတ် ဝ၃၆-၃ဝ၅၁၆၊ ဝ၃၆-၃ဝ၅၁၈ တို့ထံ ဆက်သွယ်မေးမြန်းနိုင်ပါသည်

## ပြည်ပတွင် သွားရောက်အလုပ်လုပ်ကိုင်မည့်သူများအနေဖြင့် မလိုလားအပ်သော ဆုံးရှုံးမှုများမဖြစ်ပေါ်စေရေး သတ်မှတ်ချက်များနှင့်အညီဆောင်ရွက်ရန် တိုက်တွန်းနှိုးဆော်ခြင်း

၁။ ပြည်ပတွင် သွားရောက်လုပ်ကိုင်မည့်သူများအနေဖြင့် ဥပဒေနှင့်အညီမှတ်ပုံတင်ခြင်း၊ ပြည်ပအလုပ်အကိုင်အတွက် နိုင်ငံကူးလက်မှတ် (Passport for Job-PJ) လျှောက်ထားရယူခြင်း၊ ပြည်ပအလုပ်အကိုင်အလုပ်သမားသက်သေခံကတ်(OWIC) လျှောက်ထားရယူခြင်းတို့မရှိဘဲ ပြည်ပအလည်အပတ်နိုင်ငံကူးလက်မှတ်(Passport for Visit-PV)ကိုသာ လျှောက်ထားရယူထားပြီး ပြည်ပအလုပ်အကိုင်ဗီဇာများရယူကာ လေကြောင်းခရီးဖြင့် ပြည်ပထွက်ခွာရန်ဆောင်ရွက်လျက်ရှိကြသဖြင့် သက်ဆိုင်ရာက လေဆိပ်တွင်စိစစ်သည့်အခါ သတ်မှတ်ချက်များနှင့်မကိုက်ညီသည့်အတွက် ပြည်ပသို့ထွက်ခွာခွင့်မရခြင်းများကြောင့် လေယာဉ်လက်မှတ်ခအပါအဝင် အခြားသောကုန်ကျစရိတ်များ ဆုံးရှုံးရသည့်ဖြစ်စဉ်များ ဖြစ်ပေါ်လျက်ရှိပါသည်။

၂။ သို့ပါ၍ ပြည်ပတွင် သွားရောက်အလုပ်လုပ်ကိုင်လိုသူများအနေဖြင့် မလိုလားအပ်သည့် ဆုံးရှုံးနစ်နာမှုများမဖြစ်ပေါ်စေရေးအတွက် ဥပဒေနှင့်အညီမှတ်ပုံတင်ခြင်း၊ ပြည်ပအလုပ်အကိုင်အတွက် နိုင်ငံကူးလက်မှတ်(Passport for Job-PJ)လျှောက်ထားရယူခြင်း၊ ပြည်ပအလုပ်အကိုင်အလုပ်သမားသက်သေခံကတ်(OWIC)လျှောက်ထားရယူခြင်းတို့အား ဆောင်ရွက်ကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

**အလုပ်သမားဝန်ကြီးဌာန**

# တနင်္ဂနွေနေ့ညကစားမဲ့ ဥရောပပြိုင်ပွဲတွေထဲက အသင်းလိုက်ကစားအားကောင်းတဲ့ မန်ယူအသင်း၊ အေတီကိုအသင်း၊ ရိုးမားအသင်းတို့ကို ရွေးချယ်ရမှာပါ

M L



တနင်္ဂနွေနေ့ည ဥရောပပြိုင်ပွဲတွေမှာ အသင်းကြီးထိပ်တိုက်တွေ့ဆုံမှုတွေရှိနေပေမဲ့ မဖြစ်မနေနိုင်ပွဲရမှ ဖိအားအောက်က လွတ်မဲ့ပွဲစဉ်တွေရှိနေတာဖြစ်လို့ အဲဒီပွဲစဉ်တွေကိုပဲ အဓိကရွေးချယ်သွားမှာဖြစ်ပါတယ်။ ပြီးခဲ့တဲ့အပတ် တနင်္ဂနွေနေ့ညမှာ အသင်းကြီးတွေ့ဆုံမှုနည်းခဲ့ပေမဲ့ ခြေရည်တူအသင်းတွေ ထိပ်တိုက်တွေ့ခဲ့တာကြောင့် ပြိုင်ဆိုင်မှုပြင်းထန်ခဲ့ပြီး အိမ်ကွင်းပွဲစဉ်တွေနိုင်ပွဲရခဲ့တာကို တွေ့ရမှာပါ။ လက်ရှိ ဘောလုံးရာသီပိတ်သိမ်းဖို့နီးကပ်လာချိန်မှာ အသင်းတွေအားလုံးက ပြိုင်ဘက်ရဲ့ အားနည်းချက်အားသာချက်ကို သတိထားတတ်လာတာဖြစ်လို့ အသင်းကြီးနဲ့ အသင်းငယ်တွေကလဲ ပြိုင်ဆိုင်မှုပြင်းထန်လာတာကို သတိပြုရမှာပါ။ ပြီးခဲ့တဲ့အပတ်တနင်္ဂနွေနေ့ညမှာ အသင်းကြီး အိမ်ကွင်းပွဲစဉ်တွေ အသာရခဲ့ပေမဲ့ ဒီတစ်ပတ်မှာတော့ အိမ်ကွင်းထက် အသင်းလိုက်ကစားအားရှိပြီး နိုင်ပွဲရှာဖို့လိုအပ်နေတဲ့ ပရီးမီးယားလိဂ်က မန်ယူအသင်း၊ လာလီဂါက အေတီကိုအသင်း၊ စီးရီးအေက ရိုးမားအသင်းတို့ကို ရွေးချယ်သွားမှာဖြစ်ပါတယ်။

## မန်ယူအသင်းကို ရွေးချယ်ရမှာပါ

တနင်္ဂနွေနေ့ညကစားမဲ့ ပရီးမီးယားလိဂ် အမှတ်ပေးပွဲမှာ အကြိုက်တွေ့မိတာကတော့ မန်ယူအသင်းနဲ့ အာဆင်နယ်အသင်းတို့ ပွဲစဉ်ပဲဖြစ်ပါတယ်။ မန်ယူအသင်းဟာ အာဆင်နယ်အသင်းကို ပထမအကျော့တွေ့ဆုံခဲ့စဉ်က နှစ်ဂိုးဂိုးမရှိနဲ့ရှုံးခဲ့ပေမဲ့ နောက်ဆုံးကစားခဲ့တဲ့ အက်ဖ်အေဖလားပွဲစဉ်မှာတော့ အာဆင်နယ်အသင်းကိုထိန်းချုပ်ကစားခဲ့ပြီး ပင်နယ်တီအဆုံးအဖြတ်နဲ့ နိုင်ပွဲရခဲ့တာကို တွေ့ရမှာပါ။ မန်ယူအသင်းဟာ နည်းပြတန်ဟတ်လက်ထက်မှာ ရလဒ်ဆိုးရွားခဲ့တာကြောင့် နည်းပြ အာမိုရင်ကိုခန့်အပ်ခဲ့ပေမဲ့ အာမိုရင်အနေနဲ့ ကစားကွက်ပိုင်း အထိုင်ချမရသေးလို့ ရလဒ်တည်ငြိမ်ဖို့ ရုန်းကန်နေရဆဲဖြစ်ပါတယ်။ လက်ရှိမှာလဲ အာမက်၊ မိုင်နူး၊ လုပ်ခ်ရှော၊ မာတီနက်ဇ်၊ မက်ဂွဲယားတို့လို အဓိက ကစားသမားတွေ ဒဏ်ရာရနေတာကြောင့် အခက်တွေ့နေတာကိုတွေ့ရမှာပါ။ မန်ယူအသင်းဟာ အမှတ်ပေးပွဲ ၂၇ ပွဲအပြီးမှာ ကိုးပွဲပဲအနိုင်ရခဲ့လို့ ရမှတ် ၃၃ မှတ်နဲ့ အဆင့် (၁၄) ရောက်ခဲ့တာကြောင့် ဥရောပပြိုင်ပွဲ မျှော်လင့်ချက်ဝေးကွာနေတာဖြစ်ပြီး အဆင့်(၅) က ချဲလ်ဆီးအသင်းနဲ့ ရမှတ် ၁၃ မှတ်ထိကွာဟနေတာဖြစ်ပါတယ်။ ဒါကြောင့် ဖိအားအောက်ရောက်နေတဲ့ နည်းပြအာမိုရင်ဟာ လာမဲ့ပွဲတိုင်းကို ရမှတ်ဆုံးရှုံးလို့မဖြစ်နိုင်လို့ အခုပွဲစဉ်မှာ အာဆင်နယ်အသင်းကို ခံစစ်အားပြုကစားပြီး ထိန်းချုပ်ဖို့ကြိုးစားလာမှာပါ။

အာဆင်နယ်အသင်းဟာ ၂၇ ပွဲကစားအပြီးမှာ ရမှတ် ၅၄ မှတ်နဲ့ အဆင့် (၂) နေရာရောက်နေပေမဲ့ အဆင့်(၁) က လီဗာပူးအသင်းနဲ့ ရမှတ် ၁၃ ထိကွာဟနေတာကြောင့် ချန်ပီယံဆုကို စိန်ခေါ်နိုင်ဖို့ အခွင့်အရေးနည်းလာတာဖြစ်ပါတယ်။ သူတို့အသင်းဟာ အသင်းကြီးတွေနဲ့ဆို ရမှတ်ရှာဖွေနိုင်ပေမဲ့ အဲဗာတန်၊ နယူးကာဆယ်၊ ဘုန်းမောက်၊ ဘရိုက်တန်၊ ဝက်စ်ဟမ်းတို့လို အသင်းတွေကို နိုင်ပွဲရခဲ့တာမရှိတာကြောင့် ခြေစွမ်းပိုင်းအတက်အကျ မြန်နေတယ်လို့ဆိုရမှာပါ။ လက်ရှိမှာပြည်တွင်းဖလားပြိုင်ပွဲအားလုံးက ထွက်ခွာခဲ့ရပေမဲ့ ချန်ပီယံလိဂ်မှာတော့ ကြားရက်က ပီအက်စ်ဗွီအသင်းကို ခုနစ်ဂိုးတစ်ဂိုးနဲ့ ဂိုးပြတ်နိုင်ခဲ့တာကြောင့် ကွာတားဖိုင်ကိုတက်ရောက်ဖို့ သေချာနေတာဖြစ်ပါတယ်။ သူတို့အသင်းအနေနဲ့ တိုက်စစ်ကစားသမားတွေဖြစ်တဲ့ မာတင်နယ်လီ၊ ဆာကာ၊ ဂျီးဆပ်၊ ကိုင်ဟာဗက်တို့လို့ကစားသမားတွေ ပါဝင်နိုင်ခြင်းမရှိလို့ နောက်ဆုံးငါးပွဲမှာ နှစ်ပွဲပဲအနိုင်ရခဲ့ပြီး နှစ်ပွဲရှုံး တစ်ပွဲသရေရလဒ်ထွက်ပေါ်ခဲ့တာကို တွေ့ရမှာပါ။ ဒါကြောင့် အာဆင်နယ်အသင်းဟာ အမှတ်ပေးပွဲမှာ တိုက်စစ်ကစားပုံကျဆင်းနေတာဖြစ်လို့ ရမှတ်လိုအပ်ချက်ရှိနေတဲ့ မန်ယူအသင်းကို ဖိအားပေးနိုင်ဖို့တော့ အခက်တွေ့မှာပါ။ မန်ယူအသင်းအနေနဲ့ အခုပွဲမှာ အိမ်ကွင်းအားသာချက်ရှိနေပြီး ခံစစ်မှာ ဒီလိုက်၊ ယိုရိုတို့ ပြန်လည်ပါဝင်လာနိုင်တာဖြစ်သလို တိုက်စစ်မှာလဲ ဟိုက်လန်း၊ ဇက်ခ်ဇီး၊ ဂါနာချိုတို့ရှိနေတာကြောင့် အာဆင်နယ်အသင်းကို အပြန်အလှန်တိုက်စစ်ဆင်နိုင်ဖို့ သေချာနေလို့ အိမ်ရှင် မန်ယူအသင်းကို ရွေးချယ်ရမှာပါ။

### မန်ယူအသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်

| | | | | |
|---|---|---|---|---|
| မန်ယူ | ၂ | - | ၁ | လက်စတာ |
| စပါး | ၁ | - | ဝ | မန်ယူ |
| အဲဗာတန် | ၂ | - | ၂ | မန်ယူ |
| မန်ယူ | ၃ | - | ၂ | အစ်ဝှစ် |
| မန်ယူ | ၁ | - | ၁ | ဖူလ်ဟမ် |

### အာဆင်နယ်အသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်

| | | | | |
|---|---|---|---|---|
| နယူးကာဆယ် | ၂ | - | ဝ | အာဆင်နယ် |
| လက်စတာ | ဝ | - | ၂ | အာဆင်နယ် |
| အာဆင်နယ် | ဝ | - | ၁ | ဝက်စ်ဟမ်း |
| နော်တင်ဟမ် | ဝ | - | ဝ | အာဆင်နယ် |
| ပီအက်စ်ဗွီ | ၁ | - | ၇ | အာဆင်နယ် |

## အေတီကိုအသင်း ရလဒ်ကောင်းမှာပါ

လာလီဂါပွဲစဉ် (၁၇) မှာအကြိုက်တွေ့တာကတော့ ဂီတာဖေးနဲ့ အေတီကိုအသင်းတို့ပွဲစဉ်ပဲဖြစ်ပါတယ်။ ဂီတာဖေးအသင်းဟာ အေတီကိုအသင်းကို အခုရာသီအမှတ်ပေးပွဲမှာ တစ်ဂိုးဂိုးမရှိ ကိုပါဒယ်ရေးဖလားပွဲမှာ ငါးဂိုး ဂိုးမရှိနဲ့ရှုံးခဲ့တာကို တွေ့ရမှာပါ။ သူတို့အသင်းဟာ တိုက်စစ်က ဂရင်းဝုဒ်ထွက်ခွာပြီးနောက်ပိုင်း တိုက်စစ်မှာ မေရိုရယ်ကိုသာ အားထားနေရတာဖြစ်ပါတယ်။ ဒါပေမဲ့ တိုက်စစ်မှူး မေရိုရယ်ဟာ လက်ရှိအချိန်ထိ သွင်းဂိုးလေးဂိုးသာ သွင်းယူနိုင်ခဲ့လို့ အသင်းတိုက်စစ်ပိုင်း အလုပ်မဖြစ်ခဲ့ဘဲ ၂၆ ပွဲအပြီးမှာ ရမှတ် ၃၀ နဲ့ အဆင့်(၁၄) မှာရောက်ရှိခဲ့တာဖြစ်ပါတယ်။ နောက်ဆုံးကစားခဲ့တဲ့ ငါးပွဲမှာ အေတီကို၊ ဘက်တစ်၊ လီဂါနက်စ်တို့ကိုရှုံးခဲ့ပြီး အလာဗက်၊ ဂျီရိုနာတို့ကိုပဲ အနိုင်ရခဲ့တဲ့ ခြေစွမ်းပိုင်းက အားရစရာမရှိလို့ အခုပွဲမှာ အေတီကိုတိုက်စစ်ကို ပွဲချိန်ပြည့်ထိန်းချုပ်ဖို့မဖြစ်နိုင်ပါဘူး။

အေတီကိုအသင်းဟာ အမှတ်ပေးပြိုင်ပွဲမှာ ရမှတ် ၅၆ မှတ်နဲ့ အဆင့် (၂) မှာရပ်တည်နေပြီး အဆင့်(၁) က ဘာစီလိုနာအသင်းနဲ့ ရမှတ်တစ်မှတ်ပဲ ကွာဟနေတာကြောင့် ချန်ပီယံဆုရယူဖို့ အခွင့်အရေးများနေတာဖြစ်ပါတယ်။ နည်းပြဆီမွန်နီဟာ အခုရာသီမှာ နော်မန်း၊ ဆိုးလော့၊ အယ်ဗာရက်ဇ်၊ ဂယ်လာဟာ၊ လင်ဂလက်၊ မက်ဆိုတို့လို အဓိက ကစားသမားတွေခေါ်ယူခဲ့ပြီး ပြိုင်ပွဲစုံမှာ ရလဒ်ကောင်းရယူနိုင်ခဲ့တာကိုတွေ့ရမှာပါ။ ကြားရက်က ကစားခဲ့တဲ့ ချန်ပီယံလိဂ်ပွဲမှာတော့ ပြိုင်ဘက် ရီးရဲလ်မက်ဒရစ်နဲ့ တွေ့ဆုံခဲ့တာကြောင့် နှစ်ဂိုးတစ်ဂိုးနဲ့ ရှုံးခဲ့ပေမဲ့ ကစားကွက်ပိုင်းနဲ့ အသင်းလိုက်ကစားအားကတော့ အားရစရာမဖြစ်ခဲ့တယ်လို့ ဆိုရမှာပါ။ ဒါကြောင့် အခုပွဲမှာ ရီးရဲလ်နဲ့ပွဲကအတိုင်း ကစားနိုင်မယ်ဆိုရင် ဂီတာဖေးလို ကစားပုံကျဆင်းနေတဲ့ အသင်းကို နိုင်ပွဲရဖို့လွယ်ကူမှာပါ။ ဒါ့ပြင် ဂီတာဖေးနဲ့နောက်ဆုံးတွေ့ဆုံခဲ့တဲ့ အဝေးကွင်းလေးပွဲဆက်မှာလဲ လေးပွဲစလုံးနိုင်ပွဲရခဲ့တာကိုကြည့်ရင် အေတီကိုအသင်း အဘက်ဘက်က အသာရထားတာကိုတွေ့ရမှာပါ။ လက်ရှိအေတီကိုအသင်းတိုက်စစ်ကလဲ အဝေးကွင်းဂိုးသွင်းအားကောင်းနေတာကြောင့် အခုပွဲမှာ အေတီကိုအသင်းရလဒ်ကောင်းမှာပါ။

### ဂီတာဖေးအသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်

| | | | | |
|---|---|---|---|---|
| အေတီကို | ၅ | - | ဝ | ဂီတာဖေး |
| အလာဗက် | ဝ | - | ၁ | ဂီတာဖေး |
| ဂျီရိုနာ | ၁ | - | ၂ | ဂီတာဖေး |
| ဂီတာဖေး | ၁ | - | ၂ | ဘက်တစ် |
| လီဂါနက်စ် | ၁ | - | ဝ | ဂီတာဖေး |

### အေတီကိုအသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်

| | | | | |
|---|---|---|---|---|
| အေတီကို | ၁ | - | ၁ | ဆဲလ်တာဗီဂို |
| ဗလင်စီယာ | ဝ | - | ၃ | အေတီကို |
| ဘာစီလိုနာ | ၄ | - | ၄ | အေတီကို |
| အေတီကို | ၁ | - | ဝ | ဘီလ်ဘာအို |
| ရီးရဲလ်မက်ဒရစ် | ၂ | - | ၁ | အေတီကို |

## ရိုးမားအသင်းနဲ့လက်တွဲရမှာပါ

စီးရီးအေပွဲစဉ် ၂၈ မှာအကြိုက်တွေ့တာကတော့ အမ်ပိုလီနဲ့ ရိုးမားအသင်းတို့ပွဲစဉ်ပဲဖြစ်ပါတယ်။ အမ်ပိုလီဟာ စီးရီးအေမှာ အိမ်ကွင်းကစားပုံမာတဲ့အသင်းဖြစ်ပေမဲ့ ကစားသမားကိုးယောက်ထိ ဒဏ်ရာရခဲ့တာကြောင့် နောက်ပိုင်းပွဲတွေမှာ ရလဒ်ပိုင်းဆိုးရွားခဲ့တာဖြစ်ပါတယ်။ လက်ရှိ ၂၇ ပွဲအပြီးမှာ ရမှတ် ၂၂ မှတ်နဲ့ အဆင့်(၁၈) မှာရောက်နေလို့ တန်းဆင်းဇုန်က လွတ်ဖို့ကြိုးပမ်းနေရပေမဲ့ ခြေစွမ်းပြကစားသမားအားနည်းမှုနဲ့ ဒဏ်ရာရကစားသမားများပြားနေမှုက ထင်သလောက်အလုပ်မဖြစ်ဘဲ ရှုံးပွဲတွေနဲ့သာ ရင်ဆိုင်ခဲ့ရတာကို တွေ့ရမှာပါ။ နောက်ဆုံးငါးပွဲမှာ ဂျူဗင်တပ်၊ ဂျီနိုအာတို့ကို သရေကစားနိုင်ပေမဲ့ အတ္တလန်တာကို ငါးဂိုး၊ အူဒီးနီးစ်ကို သုံးဂိုး၊ အေစီမီလန်ကို နှစ်ဂိုးပေးထားရတဲ့ ခံစစ်ကြောင်းက ရိုးမားလို တန်ပြန်တိုက်စစ်ကောင်းတဲ့အသင်းကို ဂိုးပေးရမှာသေချာပါတယ်။ နည်းပြဒီအဗာဆာကတော့ အသင်းကြီးတွေနဲ့ဆို ခံစစ်အားပြုကစားခဲ့ပေမဲ့ ပွဲချိန်ကြာလာတာနဲ့ ကစားအားကျဆင်းသွားတာကြောင့် ပြိုင်ဘက်ရဲ့ ထိန်းချုပ်မှုကိုပဲ ခံခဲ့ရတာကို သတိပြုရမှာပါ။ သူတို့အသင်းဟာ ရိုးမားကို ပထမအကျော့မှာနိုင်ပွဲရခဲ့ပေမဲ့ လက်ရှိအချိန်မှာတော့ နည်းပြနဲ့ကစားသမားတွေကြား နားလည်မှုရနေတဲ့ ရိုးမားကို နိုင်ပွဲရဖို့တော့ မဖြစ်နိုင်တော့ပါဘူး။

ရိုးမားအသင်းဟာ နည်းပြရာနီရေးရီ တာဝန်ယူပြီးနောက်ပိုင်း ပြိုင်ပွဲစုံမှာ ရလဒ်ပိုင်းတိုးတက်ခဲ့တာကြောင့် အမှတ်ပေးပွဲမှာ ရမှတ် ၄၃ မှတ်ထိရယူနိုင်ခဲ့ပြီး ဥရောပပြိုင်ပွဲ မျှော်လင့်ချက်ရှိခဲ့တာဖြစ်ပါတယ်။ သူတို့အသင်းဟာ အခုနှစ်အမှတ်ပေးပြိုင်ပွဲမှာ ရှုံးပွဲမရှိခဲ့သလို တိုက်စစ်က ပွဲတိုင်းဂိုးရခဲ့တာကို တွေ့ရမှာပါ။ လက်ရှိတိုက်စစ်မှာ ဒိုဘိခ် ပြန်လည်ပါဝင်နိုင်လို့ ဒိုင်ဘာလာ၊ ပယ်လီဂရီနီ၊ ဒိုဘိခ်တို့နဲ့ ပွဲထွက်လာမယ်ဆိုရင်တော့ ခံစစ်ပိုင်းအားနည်းနေတဲ့ အမ်ပိုလီအသင်းပွဲချိန်ပြည့် တားဆီးနိုင်မှာမဟုတ်ပါဘူး။ သူတို့အသင်းအနေနဲ့ ကြားရက်မှာ ယူရိုပါလိဂ်ကစားရမှာဖြစ်ပေမဲ့ ဒဏ်ရာရကစားသမားနည်းပါးပြီး အဓိက ကစားသမားတွေအားလုံးပါဝင်နိုင်တာကြောင့် ပွဲပန်းမှုဒဏ်ကိုခံရမှာမဟုတ်ပါဘူး။ လက်ရှိနည်းပြနှစ်ယောက်ရဲ့ အတွေ့အကြုံမှာလဲ ရိုးမားနည်းပြက အသာရထားသလို တိုက်စစ်ကစားပုံမှာလဲ ရိုးမားတိုက်စစ်က ပွဲတိုင်းဂိုးသွင်းယူနိုင်စွမ်းရှိနေတာကြောင့် အခုပွဲမှာ ရိုးမားအသင်းနဲ့ပဲလက်တွဲရမှာပါ။

### အမ်ပိုလီအသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်

| | | | | |
|---|---|---|---|---|
| အမ်ပိုလီ | ဝ | - | ၂ | အေစီမီလန် |
| အူဒီးနီးစ် | ၃ | - | ဝ | အမ်ပိုလီ |
| အမ်ပိုလီ | ဝ | - | ၅ | အတ္တလန်တာ |
| ဂျူဗင်တပ် | ၁ | - | ၁ | အမ်ပိုလီ |
| ဂျီနိုအာ | ၁ | - | ၁ | အမ်ပိုလီ |

### ရိုးမားအသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်

| | | | | |
|---|---|---|---|---|
| ပေါ်တို | ၁ | - | ၁ | ရိုးမား |
| ပါးမား | ဝ | - | ၁ | ရိုးမား |
| ရိုးမား | ၃ | - | ၂ | ပေါ်တို |
| ရိုးမား | ၄ | - | ဝ | မွန်ဇာ |
| ရိုးမား | ၂ | - | ၁ | ကိုမို |

## ကန့်ကွက်လွှာခေါ်ယူခြင်းကြော်ငြာစာ

မြင်းခြံမြို့၊ အမှတ်(၁၈)ရပ်ကွက်၊ ကွင်း/အကွက်အမှတ် ၂၃၃/က၊ ဦးပိုင်အမှတ်(၇၂)ရှိ မြေကွက်ပေါ်တွင် ဒေါ်သီသီထွန်း(၉/မခန(နိုင်)၀၀၇၄၀၄)ကိုင်ဆောင်သူ မှ အလျား ၆'+၀''၊ အနံ ၂၀'-၀'' ဝါးထရံကာ (၂)ထပ် အဆောက်အဦးဆောက်လုပ်ခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ယင်းအဆောက်အဦးနှင့်ပတ်သက်၍ ကန့်ကွက်လွှာတင်သွင်းလိုပါက ဤကြော်ငြာစာပါသည့် ရက်မှစ၍ (၁၅)ရက်အတွင်း ခိုင်လုံသောအထောက်အထားများယူဆောင်လာ၍ မြင်းခြံမြို့နယ် စည်ပင်သာယာရေးအဖွဲ့ရုံး၏ တာဝန်ရှိသူထံသို့ လူကိုယ်တိုင်တွေ့ဆုံတင်ပြကန့်ကွက်နိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

မြင်းခြံမြို့နယ်စည်ပင်သာယာရေးအဖွဲ့

## ကန့်ကွက်လွှာခေါ်ယူခြင်းကြော်ငြာစာ

မြင်းခြံမြို့၊ အမှတ်(၁)တိုးချဲ့၊ အကွက်အမှတ် D-၃၅ ရှိ မြေကွက်ပေါ်တွင် ဦးတင်ဆောင်း(၉/မခန(နိုင်) ၀၄၃၁၁၈ ကိုင်ဆောင်သူမှ အလျား ၃၃'-၀"၊ အနံ ၂၅'-၀" RC (၂)ထပ်အဆောက်အဦး ဆောက်လုပ်ခွင့်ပြုမိန့် လျှောက်ထားလာပါသည်။ ယင်းအဆောက်အဦး ဆောက်လုပ်ခွင့်လျှောက်ထားခြင်းနှင့် ပတ်သက်၍ ကန့်ကွက်လွှာတင်သွင်းလိုပါက ဤကြော်ငြာစာပါသည့် ရက်မှစ၍ (၁၅)ရက်အတွင်း ခိုင်လုံသောအထောက်အထားများယူဆောင်လာ၍ မြင်းခြံမြို့နယ် စည်ပင်သာယာရေးအဖွဲ့ရုံး၏ တာဝန်ရှိသူထံသို့ လူကိုယ်တိုင်တွေ့ဆုံတင်ပြကန့်ကွက်နိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

မြင်းခြံမြို့နယ်စည်ပင်သာယာရေးအဖွဲ့

## ကန့်ကွက်လွှာခေါ်ယူခြင်းကြော်ငြာစာ

မြင်းခြံမြို့၊ အမှတ်(၁)တိုးချဲ့၊ မြေကွက်အမှတ် G-၆ ရှိ မြေကွက်ပေါ်တွင် ဦးညီညီအောင်၊ ဒေါ်စောနန္ဒာဗိုလ် (၉/မခန(နိုင်)၃၁၈၅၇၀)ကိုင်ဆောင်သူမှ အလျား ၁၄'-၀"၊ အနံ ၂၁'-၀" RC (၂)ထပ်နှင့် ခြံစည်းရိုး အလျား ၈၀'-၀"၊ အမြင့် ၅'-၆"တို့အား ဆောက်ဆောက်လုပ်ခွင့်ပြုမိန့် လျှောက်ထားလာပါသည်။ ယင်းအဆောက်အဦး၊ ဝန်းခြံ ဆောက်လုပ်ခွင့်လျှောက်ထားခြင်းနှင့် ပတ်သက်၍ ကန့်ကွက်လွှာတင်သွင်းလိုပါက ဤကြော်ငြာစာပါသည့် ရက်မှစ၍(၁၅)ရက်အတွင်းခိုင်လုံသောအထောက် အထားများယူဆောင်လာ၍ မြင်းခြံမြို့နယ် စည်ပင်သာယာရေး အဖွဲ့ရုံး၏ တာဝန်ရှိသူထံသို့ လူကိုယ်တိုင်တွေ့ဆုံတင်ပြ ကန့်ကွက်နိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

မြင်းခြံမြို့နယ်စည်ပင်သာယာရေးအဖွဲ့

**နိုင်ငံတစ်ဝန်း စိမ်းလန်းဖို့ သစ်ပင်စိုက်ပျိုး ထိန်းသိမ်းစို့။**

## အများပြည်သူသို့ အသိပေးကြေညာချက်

၁။ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သည် အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးလုပ်ငန်းများကို ထိရောက်စွာအကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် ကော်မရှင်အပါအဝင် ပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်းများတွင် အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအဖွဲ့များ ဖွဲ့စည်းဆောင်ရွက်လျက်ရှိပါသည်။

၂။ ကော်မရှင်အနေဖြင့် သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်းများ၏ ကြီးကြပ်မှုအောက်ရှိ အများပြည်သူနှင့်ဆက်သွယ်ဆောင်ရွက်လျက်ရှိသော ရုံး/ဌာနများတွင် ဝန်ဆောင်မှုရယူခဲ့ကြသော ပြည်သူများ၏ တယ်လီဖုန်းများသို့ Short Code နံပါတ် ''1111'' အသုံးပြု၍ SMS မှတစ်ဆင့် မေးခွန်းများမေးမြန်းခြင်းနှင့် တုံ့ပြန်မှုရယူခြင်းအစီအစဉ် (Public Feedback Programme-PFP) ကိုအသုံးပြုဆောင်ရွက်လျက်ရှိပါသည်။

၃။ အများပြည်သူထံမှ တုံ့ပြန်မှုရယူခြင်းအစီအစဉ်အရ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်နှင့် ပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်းများထံမှ Short Code နံပါတ် ''1111'' ဖြင့် ဝန်ဆောင်မှုရယူစဉ်က ကြုံတွေ့ခဲ့ရသည့်အခြေအနေများနှင့်စပ်လျဉ်း၍ ပေးပို့မေးမြန်းလိုက်သော SMS များကို မှန်ကန်စွာပြန်လည်ဖြေကြားပေးခြင်းဖြင့် သက်ဆိုင်ရာဌာနအသီးသီး၏ ဝန်ဆောင်မှုလုပ်ငန်းအရည်အသွေးကို သိရှိနိုင်မည်ဖြစ်ပြီး အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအတွက် လိုအပ်ချက်များကို ပြုပြင်နိုင်မည်ဖြစ်ပါသည်။

၄။ သို့ဖြစ်ပါ၍ ပြည်သူလူထုအနေဖြင့် ကော်မရှင်နှင့်ပြည်ထောင်စုဝန်ကြီးဌာန/ အဖွဲ့အစည်းများရှိ အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအဖွဲ့များက Short Code နံပါတ် ''1111'' ဖြင့် SMS ပေးပို့မေးမြန်းလိုက်သော မေးခွန်းများကို ပြန်လည်ဖြေကြားပေးခြင်းသည် အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးလုပ်ငန်းများတွင် တစ်ဖက်တစ်လမ်းက ပါဝင်ဆောင်ရွက်ခြင်းဖြစ်သဖြင့် အများပြည်သူထံမှ တုံ့ပြန်မှုရယူခြင်းအစီအစဉ်ကို




အတူတကွ ပူးပေါင်းပါဝင်ဆောင်ရွက်စေလိုပါကြောင်း အသိပေးနှိုးဆော်တင်ပြအပ်ပါသည်။

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်

## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး၊ ပြည်နယ်မြို့တော်များ၏ ရည်ညွှန်းလက်လီဈေးနှုန်းများ

၈-၃-၂၀၂၅

ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၃၀၅၅ | ၃၂၇၀ | ၃၂၃၅ | ၃၀၇၀ | ၃၂၇၅ | ၃၂၉၀ | ၃၃၀၀ | ၃၂၂၅ | ၄၅၀၅ | ၃၅၂၀ | ၃၂၄၅ | ၃၂၄၅ | ၃၃၀၅ | ၃၂၈၀ | ၃၃၀၀ | ၃၅၆၀ |
| 95 Ron | ၃၂၀၅ | ၃၃၂၀ | ၃၂၈၅ | ၃၂၂၀ | ၃၃၂၅ | ၃၃၄၀ | ၃၃၆၀ | ၃၂၇၅ | ၄၅၆၀ | ၃၅၇၀ | ၃၂၉၅ | ၃၂၉၅ | ၃၃၆၅ | ၃၃၃၀ | ၃၃၅၀ | ၃၆၁၀ |
| HSD (500 ppm) | ၂၆၉၀ | ၂၈၀၅ | ၂၇၇၀ | ၂၇၀၅ | ၂၈၁၀ | ၂၈၂၅ | ၂၈၄၅ | ၂၇၆၅ | - | ၃၀၅၅ | ၂၇၈၀ | ၂၇၈၀ | ၂၈၅၀ | ၂၈၁၅ | ၂၈၄၀ | ၃၀၉၅ |
| HSD (50 ppm) | ၃၃၃၀ | ၃၄၄၅ | ၃၄၁၀ | ၃၃၄၅ | ၃၄၅၀ | ၃၄၆၅ | ၃၄၈၅ | ၃၄၀၀ | ၄၈၃၀ | ၃၆၉၅ | ၃၄၂၀ | ၃၄၂၀ | ၃၄၉၀ | ၃၄၅၅ | ၃၄၇၅ | ၃၇၃၅ |
| HSD (10 ppm) | ၃၃၃၀ | ၃၄၄၅ | ၃၄၁၀ | ၃၃၄၅ | ၃၄၅၀ | ၃၄၆၅ | ၃၄၈၅ | ၃၄၀၀ | - | ၃၆၉၅ | ၃၄၂၀ | ၃၄၂၀ | ၃၄၉၀ | ၃၄၅၅ | ၃၄၇၅ | ၃၇၃၅ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၉၈၂ | ၃၀၇၅ |
| 95 Ron | ၃၀၃၀ | ၃၁၂၄ |
| HSD (500 ppm) | ၂၅၃၂ | ၂၆၁၃ |
| HSD (50 ppm) | ၃၁၅၁ | ၃၂၄၄ |
| HSD (10 ppm) | ၃၁၅၁ | ၃၂၄၄ |

**မှတ်ချက်။** (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိတ်ဆွေပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၁၁၃၇၃၊ ၀၉-၂၅၄၆၂၅၄၇၇

၀၆၇- ၄၁၁၂၈၂၊ ၀၉-၇၇၅၂၉၃၆၃၂

**စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ**







**မဟာမုနိဘုရားကြီး ဂေါပကအဖွဲ့**

**မန္တလေး**

**တင်ဒါခေါ်ယူခြင်း**

၁။ မန္တလေးမြို့၊ မဟာမုနိဘုရားကြီးဂေါပကအဖွဲ့မှ ရွှေဆိုင်းတင်ဒါအမှတ်စဉ်(၄/၂၀၂၄-၂၀၂၅)အတွက် ရွှေဆိုင်းများဝယ်ယူသွားမည်ဖြစ်ပါသဖြင့် တင်ဒါတင်သွင်းလျှောက်ထားနိုင်ပါသည်-

(က) ဝယ်ယူမည့်ရွှေဆိုင်းအရွယ်အစား = ၁.၇၅'' x ၁.၇၅''

( ခ ) (၁၀၀)ရွက်ပါ ရွှေဆိုင်း (၁)ဆိုင်း ပေးချေမည့်နှုန်းထား = ၁၇၀၀၀၀ ကျပ်

( ဂ ) ဝယ်ယူမည့် ရွှေဆိုင်းအရေအတွက် = အဆိုင်း(၁၅၀၀၀)

(ဃ) တင်သွင်းရမည့် အာမခံကြေးငွေ = ကျပ်သိန်း(၁၀၀)

( င ) တင်ဒါလျှောက်လွှာ စတင်ရောင်းချမည့်ရက်(ပိတ်ရက်မရှိ) = ၉-၃-၂၀၂၅

( စ ) တင်ဒါလျှောက်လွှာ နောက်ဆုံးရောင်းချမည့်နေ့ရက်/အချိန် = ၁၇-၃-၂၀၂၅(၁၆:၃၀)နာရီ

(ဆ) တင်ဒါလျှောက်လွှာ နောက်ဆုံးတင်သွင်းရမည့်နေ့ရက်/အချိန် = ၁၉-၃-၂၀၂၅(၁၆:၃၀)နာရီ

( ဇ ) လျှောက်လွှာ (၁)စောင် ဈေးနှုန်း = ကျပ် (၂၀,၀၀၀)

၂။ တင်ဒါပုံစံများ ရောင်းချခြင်းနှင့် ဝယ်ယူရမည့်နေရာမှာ မဟာမုနိဘုရားကြီးဂေါပကအဖွဲ့ရုံး၊ အခွန်ဘဏ္ဍာဌာနတွင် ဝယ်ယူတင်သွင်းရန်နှင့် အချက်အလက်များကို အသေးစိတ်သိလိုပါက ဖုန်း ၀၉-၇၉၇၃၂၈၂၈၄ သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**မဟာမုနိဘုရားကြီးဂေါပကအဖွဲ့**

**မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့**

**လေလံတင်ထုခွဲရောင်းချရေးအဖွဲ့**

**ဈေးပြိုင်စနစ်ဖြင့် လေလံခေါ်ယူခြင်း**

**လေလံကြော်ငြာစာအမှတ်(၁/၂၀၂၅)**

၁။ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့မှ ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းထားသော သက်သေခံပစ္စည်းများဖြစ်သည့် ဒီဇယ်ဆီ(ချက်ဆီ)(၉,၁၅၀)ဂါလန်နှင့် ဆက်စပ်ပစ္စည်း ပီပါ (၄၀)လုံးတို့အား မျက်မြင်အခြေအနေအတိုင်း ဈေးပြိုင်စနစ်ဖြင့် အောက်ပါအစီအစဉ်အတိုင်း လေလံတင်ရောင်းချမည်ဖြစ်ပါသည်-

(က) လေလံလျှောက်လွှာ စတင်ရောင်းချမည့်ရက် - (၁၀-၃-၂၀၂၅)ရက်နေ့ ရုံးချိန်အတွင်း

( ခ ) လေလံလျှောက်လွှာ ပိတ်မည့်ရက် - (၂၁-၃-၂၀၂၅)ရက်နေ့ (၁၆:၀၀)နာရီထိ

( ဂ ) လေလံဖွင့်မည့်ရက် - (၂၄-၃-၂၀၂၅)ရက်နေ့ နံနက်(၁၁:၀၀)နာရီ

(ဃ) လေလံဖွင့်မည့်နေရာ - ရေနံထွက်ပစ္စည်းကြီးကြပ်စစ်ဆေးရေးဦးစီးဌာန၊ ဒုတိယစစ်ဆေးရေးအရာရှိချုပ်ရုံး (အထက်မြန်မာပြည်) မန္တလေးမြို့။

( င ) လေလံလျှောက်လွှာ ရောင်းချမည့်နေရာ - ရေနံထွက်ပစ္စည်း ကြီးကြပ်စစ်ဆေးရေး ဦးစီးဌာန၊ တိုင်းဒေသကြီး ကြီးကြပ်စစ်ဆေးရေးအရာရှိရုံး၊ မန္တလေးတိုင်းဒေသကြီး၊ မန္တလေးမြို့။

၂။ အသေးစိတ်အချက်အလက်များသိရှိလိုပါက ရေနံထွက်ပစ္စည်းကြီးကြပ်စစ်ဆေးရေးဦးစီးဌာန၊ တိုင်းဒေသကြီးကြီးကြပ်စစ်ဆေးရေးအရာရှိရုံး၊ မန္တလေးတိုင်းဒေသကြီး၊ မန္တလေးမြို့ (ဖုန်း၊ ၀၂-၄၀၃၉၂၀၉၊ ၀၉-၈၉၆၅၀၁၇၆၂)သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**လေလံတင်ထုခွဲရောင်းချရေးအဖွဲ့**




*117# ကိုခေါ်ဆိုပြီး Mytel ဖုန်းဘေလ်ဖြင့် 5 Digits အောင်ဘာလေအွန်လိုင်းထီ ဝယ်ယူကံစမ်းနိုင်ပါပြီ။

**လူကုန်ကူးခံရသူများအနေဖြင့် အကူအညီနှင့်အားပေးမှုများ**
**လိုအပ်သည်ဟု ခံစားနေရပါက**
**သတင်းအချက်အလက်မျှဝေရာစင်တာသို့**
**ဆက်သွယ်နိုင်ပါသည်။**

ဆက်သွယ်ရန်လိပ်စာ - လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန
ပြန်လည်ထူထောင်ရေးဦးစီးဌာန
အမှတ်(၆၅)၊ ကျိုက်ဝိုင်းဘုရားလမ်း၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး
ဆက်သွယ်ရမည့်ဖုန်း - ၀၁-၆၆၆၆၁၉ (ရုံးချိန်အတွင်း)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

**၁။ နိုင်ငံရေး**

(က) စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘော တူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

**၂။ စီးပွားရေး**

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သောစိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

(ဂ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်းထွက်ရှိအောင် ဆောင်ရွက်၍ နိုင်ငံအတွင်းဖူလုံမှုမှသည် ပြည်ပသို့ တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

**၃။ လူမှုရေး**

(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာမြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှုအထောက်အကူပြုပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့်ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

(ခ) တစ်မျိုးသားလုံးသက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍ မြှင့်တင်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ် ပါဝင်နိုင်ရေး ဗလငါးတန်နှင့် ပြည့်စုံသော လူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

❖ **မိမိတို့နိုင်ငံအနေဖြင့် စိုက်ပျိုးရေး၊ မွေးမြူရေး လုပ်ငန်းများကို အောင်မြင်စွာ ဆောင်ရွက်နိုင်ရန် ရေခံမြေခံကောင်းများ၊ အခြေခံကောင်းများကို ပိုင်ဆိုင်ထားရှိပြီးဖြစ်ပြီး ဈေးကွက်လိုအပ်ချက်ရှိသည့် ပြည်ပနိုင်ငံများသို့ တင်ပို့နိုင်မည့် ပထဝီဝင်မြေအနေအထားကို ပိုင်ဆိုင်ထားရှိ...**

❖ **စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ တိုးတက်စေရန်အတွက် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ပြည်သူများအားလုံးက ဝိုင်းဝန်းဆောင်ရွက်သွားရန်လို...**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၄ ခုနှစ် စက်တင်ဘာ ၃ ရက်တွင် ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်နှင့် ခရိုင်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများကို တွေ့ဆုံအမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)

# မြန်မာ-ဘယ်လာရုစ် နှစ်နိုင်ငံ နိုင်ငံတော်အဆင့် တွေ့ဆုံပွဲကျင်းပ



မြန်မာ-ဘယ်လာရုစ် နှစ်နိုင်ငံ နိုင်ငံတော်အဆင့် တွေ့ဆုံဆွေးနွေးပွဲတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် ဘယ်လာရုစ်သမ္မတနိုင်ငံ သမ္မတ H.E. Mr. Alexander Gregoryevich Lukashenko တို့ ဆွေးနွေးစဉ်။

**နေပြည်တော် မတ် ၇**

မြန်မာ-ဘယ်လာရုစ် နှစ်နိုင်ငံ နိုင်ငံတော်အဆင့် တွေ့ဆုံဆွေးနွေးပွဲကို ယနေ့ ဒေသစံတော်ချိန် မွန်းလွဲပိုင်းတွင် ဘယ်လာရုစ်နိုင်ငံ မင့်စ်မြို့ရှိ သမ္မတနန်းတော် အစည်းအဝေးခန်း၌ ကျင်းပပြုလုပ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဘယ်လာရုစ်သမ္မတနိုင်ငံ သမ္မတ H.E. Mr. Alexander Gregoryevich Lukashenko တို့ တက်ရောက်ဆွေးနွေးကြသည်။

အဆိုပါတွေ့ဆုံပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အတူ ချစ်ကြည်ရေးအဖွဲ့ဝင်များအဖြစ် လိုက်ပါသွားသည့် ကောင်စီတွဲဖက်အတွင်းရေးမှူး ဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ကောင်စီဝင်ဗိုလ်ချုပ်ကြီးညီစော၊ ပြည်ထောင်စုဝန်ကြီးများ၊

**စာမျက်နှာ ၁၈ ကော်လံ ၁ ☆**


**MYAWADDY TRADING LIMITED**





ပို့ကုန် — လယ်ယာထွက်သီးနှံ၊ ဆန်စပါး၊ သကြား၊ ရာဘာ၊ ရေထွက်ပစ္စည်း၊ အခြားပို့ကုန်အမျိုးမျိုး။

သွင်းကုန် — စားအုန်းဆီ၊ လူအသုံးအဆောင်၊ ရေနံနှင့်ဓာတုပစ္စည်း၊ ဓာတ်မြေဩဇာ၊ ကတ္တရာ။

Tel: 95-01-8373255,8373265,8373267, 8373291

Fax: 95-01-8373257